www.burmeseclassic.com

တက္ကသိုလ်

# နှောပံ့သောင်

## သူရဲကောင်း၏စွမ်းရည်

ချင်းဟုန်၏ဆန်ရှဲလျန်

BURMESE CLASSIC .com

တတိယ
ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
# နေလင်းအောင်

## သူ့ရဲကောင်းဇာတ်စွမ်းရည်

(တတိယပိုင်း–စာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၂၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၉၂၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

## အဖေနှင့်သမီး

အကျဉ်းစခန်း အုပ်ချုပ်ရေးမှူးကြီး 'ယမမင်းထန်စီး'က သူ့ရှေ့တွင် လာရောက်ရပ်နေသော ဝမ်ပီအား မော့ကြည့်လိုက်သည်။

ဝမ်ပီသည် အကျဉ်းစခန်း အလုပ်တာဝန်တွင် သူ၏မျက်နှာဖုံးအဖြူကြီးကို အမြဲတမ်းစွပ်ထား၍ အဖြူရောင်ဝတ်စုံကိုလည်း အမြဲလိုပင် ဝတ်ဆင်ထားသည်။

ဤကဲ့သို့ မဝတ်ထား၍ မျက်နှာဖုံးမအုပ်၍လည်း မဖြစ်ပါ။

စခန်းမှ လူများသည် တနေ့တချိန်တွင် သူ့အား အပြင်လောက၌ တွေ့သည့်အခါ မသိတ်ဟု မဆိုနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အခန်းတွင်း၌ လူတိုင်းအား ရက်စက်ခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် အကျဉ်းစခန်းတွင် မျက်နှာမပြဝံ့ဘဲ မျက်နှာဖုံးကို စွပ်ထားရခြင်း ဖြစ်လေသည်။

တကယ်တော့ သူ့မျက်နှာမှန်ကို မပြရဲခြင်း ဖြစ်သည်။

"ဘာလဲဟေ့... ဝမ်ပိ"

ထိုအမည်သည်လည်း အကျဉ်းစခန်း၌ မှည့်ခေါ်ထားသော အမည်ပင် ဖြစ်ပေလိမ့်မည်။

သူ့နာမည်မှန်ကို လျှို့ဝှက်ထားပေလိမ့်မည်။

သူ၏အမည်မှန်ကို မည်သူမှ မသိကြပေ။

ဝမ်ပိသည် ယမမင်းထန်စီးအား အရိုအသေပေးလိုက်ပြီး...

"ကျွန်တော် ကြီးကြပ်နေတဲ့ စခန်းမှာ မျက်မမြင်မလေး အမြင့်ပေါ်က လိမ့်ကျပြီး လက်ကျိုးသွားပါတယ်"

ထန်စီးက အေးစက်မာကျောသော လေသံဖြင့်...

"အဲဒီတော့..."

"ကျွန်တော် သမားတော်ကြီးဆီ သွားပို့ပေးရမလား"

"ဖြစ်လာမှတော့ သွားပို့ပေါ့ကွ၊ ဒီက အကျဉ်းသားတွေကို မင်းဆို့ဘဲ ထားခဲ့သလား..."

"သူ့ကို ဟိုမှာပဲ ထားခဲ့ရမှာလား"

ထန်စီးက အတန်ကြာကြာ စဉ်းစားလိုက်သည်။

"အင်း...' ကျပ်စီးထားရမယ်ဆိုရင်တော့ ကြာမှာပဲ၊ နေ့တိုင်းသွားဆို့သွားခေါ် လုပ်နေလို့ ဖြစ်မှာ မဟုတ်ဘူး၊ အဲဒီတော့ သမားတော်ကြီးက လက်ခံမယ်ဆိုရင် ထားလိုက်ပေါ့ကွာ"



ဝမ်ပိ ရင်ထဲမှ ကျိတ်၍ ပျော်ရွှင်သွားသည်။

"ဟုတ်ကဲ့ဆရာ"

ယမမင်းထန်စီးက...

"ဒါထက် မနေ့က ဗိုက်အောင့်တဲ့ အကောင်ကော"

"သက်သာသွားပါပြီ"

"အေး... အေး... ခိုင်းစရာရှိတာတော့ မညှာတမ်းခိုင်းပေါ့ကွာ၊ ဒါပေမယ့် သူတို့ရဲ့ ကျန်းမာရေးတော့ ဂရုစိုက်ပေးကွ ကြားလား"

"ဟုတ်ကဲ့... ဆရာ"

ဝမ်ပိသည် စကားရှည်ရှည် ပြောမနေတော့ဘဲ ယမမင်းထန်စီးကို အရိုအသေပေးကာ ချက်ချင်း လှည့်ထွက်လာခဲ့သည်။

ဝမ်ပိမှာ ရင်ထဲမှ အလုံးကြီးတလုံး ကျသွားပြီ ဖြစ်သဖြင့် လွန်စွာ ပျော်ရွှင်နေမိသည်။

သူသည် လူနာတယောက်အား ဆေးကုသချင်ပါက ထန်စီး၏ ခွင့်ပြုချက်ကို ယူရသည်။

ထန်စီးက ခွင့်မပြုလျှင် မည်သူကိုမှ သမားတော်ထံသို့ မပို့ရ။

တခါတရံ သူကိုယ်တိုင် စစ်ဆေးပြီးမှ ပို့ရသည်။

ယခုတလော ထန်စီးသည် ယခင်ကကဲ့သို့ သိပ်ပြီး ကြပ်မတ်မှုမရှိပေ။

သူ့အား အားလုံးလိုလို လွှဲအပ်ထားလေသည်။

ထို့ပြင် ထန်စီးသည် အသက်ကြီးလာသည်နှင့်အမျှ စိတ်ထားလည်း ပျော့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အရှေ့သူငါကဲ့သို့လည်း မျက်နှာဖုံးတပ်ဆင်ထားခြင်းမရှိပါ။

သူ၏ ပင်ကိုယ်ရုပ်ကိုက ကြောက်စရာကောင်းနေပေသည်။

ရှည်လျားသော မုတ်ဆိတ်မွေးများမှာ ရင်ဘတ်ထိ ရောက်ရှိနေ၏။

ထူထဲသော မျက်ခုံးနှင့် နှုတ်ခမ်းမွေးများကလည်း မျက်နှာတခုလုံးသို့ နေရာယူထားသည်။

သူသည် မည်သူ့ကိုမှ ဂရုစိုက်သည့် သူတယောက် မဟုတ်ပါ။

ဤသည်မှာလည်း သူ၏သိုင်းပညာကြောင့်သာ ဖြစ်သည်။

သူ၏ သိုင်းပညာမှာ အတန်ပင် အဆင့်မြင့်မား၍ သူ့ကို မီနိုင်မည့်သူ ခပ်ရှားရှားပင် ဖြစ်သည်။

ထို့ကြောင့် စနေဂြိုဟ်သည် သူ့အား ယမမင်းဟု အမည်ပေးထားပြီး သုတ်သင် ရှင်းလင်းစရာရှိသော သူများအား သူ့ကိုသာလျှင် လွှဲအပ်လိုက်သည်။

သူကလည်း အလုပ်ကို ပီပီသသ လုပ်သည်။

ရှင်းစရာရှိလျှင် အမြန်ဆုံးရှင်းသည်။

သူ့ထံ လွှဲအပ်ခြင်း ခံရသူသည် နောက်တနေ့ လူ့လောကကြီးမှ ပျောက်ခဲ့ရချည်းသာ ဖြစ်သည်။

ထို့ကြောင့် ယမမင်းထန်စီးဟုဆိုလျှင် အားလုံးက ကြောက်ကြသည်။

သို့သော် ယခု ထန်စီးသည် မျက်နှာ ခက်ထန် မာကျောလှ



သော်လည်း စိတ်ထားမှာ အနည်းငယ် လျော့စပြုလာသည်။

အသက်ကြီးလာ၍ သတိတရား ဝင်လာသည်ဟု ဝမ်ပိက အထင်ရှိသည်။

မည်သို့ပင်ဆိုစေကာမူ ဝမ်ပိအဖို့ ကိစ္စတခုအတွက် လျော့လျော့လျူလျူ ဖြစ်သွားသဖြင့် အတော်ပင် ဝမ်းသာသွားတော့သည်။

သူ့တာဝန်မှာ မျက်မမြင်မလေးအား ဘယ်နည်းနှင့်ပို့ပို့ သမားတော်ကြီးအိမ်သို့ ဆယ့်ငါးရက် သို့မဟုတ် တစ်လခန့်နေနိုင်အောင် ဖန်တီးပေးပါလျှင် ရွှေဆွဲကြိုးတကုံးသည် သူ့အဖို့ အပိုင်ရရှိမည် မဟုတ်ပါလား။

♣ ♣ ♣

တကယ်တော့ ပိုကျူကိုယ်တိုင် အံ့အားသင့်သွား၏။

အရင်ကဆိုလျှင် ဝမ်ပိအနားသို့ ရောက်လာသည်နှင့် ပိုကျူမှာ အလိုလိုနေရင်း ကြက်သီးထနေမိ၏။

ယခုလည်း ဝမ်ပိ သူ့အနီးသို့ ရောက်ရှိလာသည်ကို သူမ၏ ဦးခေါင်းထဲက သိလိုက်သည်။

"ဒီမှာ... မိန်းကလေး"

"ရှင်..."

"နင်နဲ့ အတူနေတာ ဝေယံချင်း မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"အခု သူဘယ်မှာလဲ"

"စိုက်ခင်းထဲကို သွားနေတယ်နဲ့ တူပါတယ်"

"နင် ငါပြောသလို လုပ်စမ်း"

"ရှင်..."

"ရှင်... ရှင်... ရှင်လုပ်မနေနဲ့၊ ငါပြောတာကို နားထောင်စမ်းပါ"

"ဟုတ်... ဟုတ်ကဲ့"

ပိုကျူမှာ ကြောက်ကြောက်နဲ့သာ ဟုတ်ကဲ့လိုက်ရသည် ဘာမှန်းမသိသေး.

"နင်... ရုတ်တရက် အမြင့်က လိမ့်ကျပြီး လက်ကျိုးသွားတဲ့ သဏ္ဍာန်နဲ့ ဝေယံချင်းကို သွားပြောကြားလား၊ အဲဒီတော့ သူက ငါ့ကို လာပြောလိမ့်မယ်"

"ဟို... ဟို"

"နင်... ဘာမှ စကားရှည်မနေနဲ့ ငါပြောသလိုသာလုပ်၊ နင့်ကို နောက်မှ ငါရှင်းပြမယ်"

ပိုကျူမှာ နောက်ထပ် ဘာမှ မပြောရဲတော့ဘဲ ရုတ်တရက် ဝေယံချင်းအား လှမ်းခေါ်လေတော့သည်။

မကြာမီ ဝေယံချင်းက ပြေးလာသည်။

"ပိုကျူ... ဘာဖြစ်လို့လဲ"

"ကျွန်မ လဲကျပြီး လက်ဘယ်လို ဖြစ်သွားလဲ မသိဘူး။ ကျိုးသွားတယ်နဲ့ တူတယ်"

ဝေယံချင်းသည် မျက်လုံးပြူးသွားပြီး...

"ဟုတ်လား... ဒါဆို မဖြစ်ဘူး၊ ကျွန်မ ဝမ်ပိကို သွားပြောပေးမယ်"



သူမက ပြောပြောဆိုဆို ဝမ်ပိအား ခေါ်လာခဲ့သည်။

"ဆရာဝမ်ပိ... သူ့လက်ကို ကြည့်ပါအုံး"

ဝမ်ပိက အမူအရာလုပ်၍ သူမ၏လက်ကောက်ဝတ်ကို ကိုင်ကြည့်လိုက်သည်။

ပိုကျူသည် သဏ္ဍာန်လုပ် သရုပ်တူအောင် နာကျင်သည့် သဘောဖြင့် အော်လိုက်လေသည်။

"အား... နာတယ်နာတယ်"

ဝမ်ပိသည် ဝေယံချင်းအား တချက်ကြည့်ကာ...

"နင့်သူငယ်ချင်းကို ခဏကြည့်ထားလိုက်အုံး၊ ငါ ထန်စီးကို သွားပြောရအုံးမယ်"

ထိုသို့ပြောပြီး ဝမ်ပိက ထန်စီးထံသို့ ထွက်သွားခြင်း ဖြစ်လေသည်။

ဝေယံချင်းက တကယ် ထင်မှတ်ပြီး ဝမ်ပိ ထွက်သွားသည်နှင့် အဝတ်စတခုကိုယူကာ သူမ၏ညာဘက် လက်ကောက်ဝတ်အား စည်းထားလိုက်လေသည်။

သူမတို့နှစ်ဦး ထိုကဲ့သို့ စောင့်နေစဉ်မှာပင် ဝမ်ပိက ပြန်ရောက်လာလေသည်။

"ကဲ... နင့်သူငယ်ချင်းကို ငါ သမားတော်ဆီ သွားပို့ပေးရမယ်လို့ ထန်စီးက အမိန့်ချတယ်၊ ဟိုမှာပဲ ထားပြီး ကုချင်ကုရမယ်၊ တလလောက်တော့ ကြာမှာပေါ့"

ဝမ်ပိက ထိုကဲ့သို့ ပြောပြီးသည်နှင့် ပိုကျူ၏လက်ကို ဆွဲ၍ ထွက်ခွာသွားလေရာ ဝေယံချင်းမှာ ပါးစပ်အဟောင်းသားနှင့် ကျန်

www.burmeseclassic.com

www.burmeseclassic.com



ရစ်ခဲ့လေတော့သည်။

အကြောင်းစုံ သိရသောအခါ အလွန်အမင်း အံ့သြဝမ်းသာသွားသူမှာ ပိုကျူသာလျှင် ဖြစ်တော့၏။

သူ့ဘဝ လွတ်မြောက်ရေး လမ်းစပင်လော။

သူမ၏ဘဝတသက်တာတွင် စိတ်ကူးထဲ၌ပင် မထည့်ဝံ့သော ကိစ္စတခုသည် ဘွားကနဲ ပေါ်ပေါက်လာခဲ့သဖြင့် အတိုင်းအဆမရှိအောင်ပင် ဝမ်းသာခဲ့သည်။

ဝမ်ပိသည် သူမအား ခေါ်လာ၍ သမားတော်ကြီးကျူလျှန်ထံသို့ ပို့ပေးသည်။

ကျူလျှန်ထံသို့ ရောက်လျှင် ဝမ်ပိက...

"ပိုကျူ"

"ရှင်..."

"နင် ငါ့ကို ကတိတခု ပေးရမယ်"

"ဟုတ်ကဲ့"

"အခု သမားတော်ကြီးက... နင့်မျက်လုံးကို ကုသပေးမယ်"

သူမသည် ရုတ်တရက် ဝမ်းသာသွားပြီး...

"ဟင်... ဟုတ်... ဟုတ်လား"

"ငါပြောတာ ဆုံးအောင် နားထောင်အုံး"

"ဟုတ်... ဟုတ်ကဲ့"

"ဘယ်သူ တဦးတယောက်ကမေးမေး လက်ကျိုးလာလို့ ကုနေတာလို့ပြော"

"ဟုတ်ကဲ့..."

"နောက်ပြီး... မျက်လုံးကောင်းသွားသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ဒီက ကိစ္စတွေ ပြီးတာနဲ့ ငါ့ဆီ ပြန်လာရမယ်"



"ဟုတ်ကဲ့..."

"အကယ်၍ မျက်လုံးကောင်းခဲ့ရင် တဦးတယောက်က မေးတဲ့အခါ လက်ကျိုးတာကို ကုသပေးရင်းက ဆရာကြီးရဲ့ မျက်စဉ်းဆေးခတ်ပေးမှုကြောင့် ပြန်ကောင်းလာတာလို့ပြော ကြားလား"

"ဟုတ်ကဲ့... ဆရာဝမ်ပိ"

ပိုကျူသည် သူမ၏ဝမ်းသာအားရ ဖြစ်မှုကို အနိုင်နိုင် ထိန်းသိမ်းရသည်။

♣ ♣ ♣

အားလုံး အဆင်သင့် ဖြစ်ပြီးသည်ဖြင့် ဆရာကြီးကျူလျှန်သည် ပိုကျူ၏မျက်လုံးအား စတင်၍ ကုသမှုများ ပြုလေတော့သည်။

"ဘဘ..."

"ဟင်..."

"သမီးမျက်လုံး ပြန်ကောင်းလာမှာလားဟင်"

"ပြုတ်ထွက်သွားတဲ့ မျက်လုံးအာရုံကြောလေးတွေ ပြန်လည်ဆက်မိနိုင်လျှင်တော့ အများကြီး မျှော်လင့်ချက်ရှိပါတယ်"

"တော်ကြာ ဒါထက်ဝမ်းသာရအုံးမယ်"

"ဟင်..ဒါထက် ဝမ်းသာစရာရှိသေးတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဘာလဲဟင်..ဘဘ"

"လုံမရဲ့ ပျက်စီးနေတဲ့သိုင်းပညာတွေကိုပါ ဘဘကပြန်ပြီး ကောင်းသွားအောင် ကုသပေးမယ်"

"ဟယ်"

သူမအဖို့ ဘဘကျူပြောသကဲ့သို့ အမှန်ပင်ဝမ်းသာသွား၏။

"ဒါပေမယ့်...တခုတော့ရှိတယ်နော်"

"ဘာလဲဟင်...ဘဘ"

"ဒီကိစ္စတွေကို ဘယ်သူတယောက်မှ မပေါက်ကြားစေနဲ့၊ နို့မို့ ဘဘကော လုံမလေးကော အသတ်ခံရမှာ"

ပိုကျူမှာ အံ့အားသင့်သွားရလေသည်။

"ဘယ်သူက သတ်မှာလဲဟင်"

"စနေဂိုဏ်းတို့ ကြယ်သုံးလုံးတို့က သတ်မှာပေါ့"

"ဟင်..ဒါ..ဒါဆို ဘဘဆီမှာ ဆေးကုသနေတာ သူတို့မသိဘူးပေါ့ဟုတ်လား"

"တယ်ခက်ပါလား လုံမလေးရယ် သူတို့သိတဲ့နောက်တော့ အခုလိုပြောနေပါ့မလား"

ပိုကျူသည် အတန်ကြာအောင်ပင် တွေးတောနေမိ၏။ မှန်သည်။

ဆရာကြီးကျူလျှန်သည် အပိုစကားမပြောတတ်ချေ။

ဤသို့ဆိုလျှင် သူမအား မည်သူကစေတနာထား၍ ကုသပေးပါသနည်း။



ဘာပဲပြောပြော ယခုဆိုလျှင် သူမ၏ဘဝသည် မိတ်ကောင်းဆွေကောင်းနှင့် တွေ့ရပြီ၊ လုံးဝမမျှော်လင့်ထားသော အဖြစ်အပျက်တို့သည် အိပ်မက်ပမာ ဖြစ်လာပေပြီ။

အိပ်မက်တို့သည် အကောင်အထည်ပေါ်လာချေပြီ။

သူမအား ယခုကဲ့သို့ ကုသပေးသည်မှာ ဝမ်ပိလော။

သူသည် ယင်းကဲ့သို့အကြံဉာဏ်များကိုပေးကာ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

လူတကာ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့နေရသော ကျာပွတ်သမားကြီးဝမ်ပိသည် သူမအား လက်ကျိုးဟန်ဆောင်စေ၍ သမားတော်ကြီးထံသို့ ပို့ပေးခဲ့၏။

ထို့နောက်...

သမားတော်ကြီးမှလွဲ၍ မည်သူ့ကိုမှ အသိမပေးရန် တားမြစ်သွားသည် မဟုတ်ပါလား။

"ဘဘ"

"ပြော"

"ကျွန်မကို ကုသပေးတာ ဝမ်ပိလား၊ ဒါမှမဟုတ် ဘဘက ပဲအခုလိုခေါ်ပြီး ကုသပေးတာလား"

ကျူလျှန်သည် သူမအား မျက်မှောင်ကုပ်၍ကြည့်ယင်း...

"နင်မေးတာတွေ တခုမှမဟုတ်ဘူး၊ နောက်ပြီး ဒါတွေနင်မေးနေမယ်ဆိုယင် ငါ နင့်ကိုလက်ခံပြီး မကုပေးတော့ဘူး"

သူမသည် ရင်ထဲ၌ စိုးထိတ်သွားမိ၏။

ဆရာကြီးကျူလျှန် ကုမပေးမည်ကိုတော့ သူမအလွန်စိုးရိမ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိမြင်ခွင့်ရခြင်းမှာ သူ့ဘဝ၌ လျှောက်လှမ်းနိုင်ခွင့်ရှိခြင်းပင်။

သူမသည် ဘာတခွန်းမှ ထပ်မမေးရဲတော့ပဲ သူမ၏ပါးစပ်ကို ပိတ်ထားလိုက်ရ၏။

သို့သော်...

သူမ၏သို့လော...သို့လော အချက်များသည်ရင်ထဲ၌အပြည့်ပင်ဖြစ်နေတော့သည်။

မည်သို့ဆိုစေ...

သူမသည် သမားတော်ကြီး ပြောသကဲ့သို့ပင် ဤကိစ္စအဝဝသည် နှုတ်ပိတ်ထားမှ သင့်လျော်ပေမည်။

အသေအချာ ပြန်စဉ်းစားကြည့်မိလျှင် သူမ၏မျက်စိကို ယခုကဲ့သို့ ကုသပေးသည်မှာ ဝမ်ပိလည်းမဖြစ်နိုင်သည်မှာ သေချာ၏။

ဝမ်ပိသည် ဤမျှစေတနာ မကောင်းပေ။

ဒါကိုသူသိသည်။

ထို့ပြင် သမားတော်ကြီးလည်း ဤကဲ့သို့ခေါ်၍ ကုသပေးနိုင်မည့် အာဏာရှိမည်မထင်ပေ။

သမားတော်ကြီးကိုယ်တိုင်ပင် သူမအား ခိုးကြောင်ခိုးဝှက်နှင့်ကုသပေးနေရသည် မဟုတ်ပါလား။

ဤသို့ဆိုလျှင် အစ်ကိုစွမ်းရီမင်းကော ဖြစ်နိုင်ပါမည်လော။

မဖြစ်နိုင်ပါ။

စွမ်းရီမင်းသည် ယခုအချိန်တွင် မည်သည့်နေရာသို့ရောက်နေမှန်းပင်မသိအောင် ပျောက်ချက်သားကောင်းနေ၏။



အကျဉ်းသားလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

သူမကဲ့သို့ပင် အကျဉ်းစခန်း၌ ခံစားနေရပြီလား။

အကယ်၍ သူမသာ မျက်စိပြန်မြင်ခဲ့ပါလျှင် သူမသည် စွမ်းရီမင်း၏ သတင်းကို ရအောင်စုံစမ်း၍ ရှာဖွေမည်ဟု စိတ်ထဲမှ တွေးတောနေမိတော့သည်။

(၃)ရက်မျှအတွင်း သူမသည် သိသိသာသာကြီး ကျန်းမာရေးတိုးတက်လာသည်။

အဘယ်ကြောင့်ဆိုသော်...

ဆရာကြီးကျိုလျှန်သည် သူမအား ဆေးလုံးကလေးသုံးလုံးကျွေးလိုက်သည်နှင့် သူမ၏ထိုင်းနေသော အကြောများသည် ပြန်လည်သွက်လက် လှုပ်ရှားလာသောကြောင့်ပေတည်း။

သူမ၏နားများသည် ယခင်ကအတိုင်းပင် အသံမျိုးစုံကို ပြန်လည်၍ ကြားလာနိုင်သည်။

သူမ၏ဘဝတွင် နားသည် ဒုတိယဘဝပင် မဟုတ်ပါလော။

ယင်းသို့ စုစည်းနိုင်သည်နှင့်အမျှ မည်သည့်အသံသည် မည်သည့်ဘက်ကလာကြောင်းနှင့် ဘာအသံဆိုသည်ကိုလည်း ရှေ့ကအတိုင်းပင် အကောင်းပကတိ ပြန်လည်ကြားနေရပြီ ဖြစ်၏။

ပိုကျိုသည် သူမ၏ဝမ်းသာမှုကို ဖော်မပြနိုင်အောင်ပင်ဖြစ်နေတော့သည်။

ဘာဘကျိုသည် သူမအား သီးသန့်အခန်းကလေး တခုတွင်ထားကာ မျက်စိကို ဆေးပတ်တီးများစည်းပေးထား၏။

မျက်စိအား ဆေးစထည့်သည့်နေ့က မည်ကဲ့သို့ခံစားလိုက်သည်မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



သတိမေ့တော့တော် နာကျင်စွာခံစားရပြီး နောက်ဆုံး သတိမေ့လျှော့သွားသည်အထိပင် ဖြစ်ခဲ့သည်။

နောက်တစ်နေ့တွင် မျက်စိထဲမှ ကိုက်ခဲနေသလို ခံစားနေရလေသည်။

ထိုအခါ ဆရာကြီးက ဆေးများကို အဆက်မပြတ်တိုက်ကျွေးနေသည့်အခါတွင် ကိုက်ခဲမှုများ သက်သာပျောက်ကင်းသွားတော့သည်။

ယခုအခါ သူမသည် အလွန်ပင် လန်းဆန်းလျက်ရှိနေပြီးဖြစ်ပေသည်။

ထို့ကြောင့် သူမသည် စိတ်ကြည်နူးစွာဖြင့် ခုတင်ထက်၌လဲလျောင်း၍မှိန်းနေစဉ် အပြင်ဘက်မှ စကားတီးတိုးပြောနေသောအသံကို ကြားလိုက်ရလေသည်။

သူမသည် ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီးအသံကိုနားစွင့်နေလေသည်။

"သူ…ဘယ်လိုနေသေးသလဲ ဘဘ"

"သူ့အခြေအနေ ကောင်းပါတယ်၊ အရေးမကြီးတော့ပါဘူး၊ အရေးကြီးတာက…"

ကျူလွှန်က လက်ဖြန့်လိုက်သည်။

ချီလင်းစုက ပြုံးလိုက်သည်။

ထို့နောက်…

သူမက ငွေထုပ်တထုပ်ကို ဘဘကျူ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

ဘဘကျူက ရေတွက်မနေပါ။



"ဒါ..ဘယ်လောက်လဲ"

"ငါးထောင်တိတိပါ"

"ဒါထက်…နင်ငါ့ကို တစ်သောင်းတိတိ ပေးရမှာပေါ့နော်"

သူမက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါ ဘဘကျူ၊ သူ့မျက်စိပတ်တီးခွာတဲ့နေ့ကို ကျွန်မ ဆက်ဆက်လာပေးပါ့မယ်"

ကျူလွှန်သည် ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်လေသည်။

"ကောင်းပြီလေ…ဒါထက် နင်ဝမ်ပိကို ဆွဲကြိုးတကုံးပေးလိုက်ရပြီပေါ့ဟုတ်လား"

"ငွေနှစ်ထောင်တောင် ထပ်လိုက်ရပါသေးတယ် ဘဘရယ်"

သူမ ဖြုံးရသည့်ငွေများမှာ များလှပါပကော။

ကျူလွှန်မှာ အံ့သြသွားတော့၏။

"ဟင်…ဒီကိစ္စနဲ့ပတ်သက်ပြီး နင်ကုန်ကျတာတွေကမနည်းတော့ပါလား"

သူမက ခေါင်းကိုညင်သာစွာ ညိတ်ပြလိုက်လေသည်။

"ဒါပေါ့ ဘဘကျူရယ်၊ ဒါပေမယ့် လူတဘက်သားကို ကျွန်မကူညီရလို့ ဝမ်းသာမိပါတယ်၊ သူကောင်းသွားယင် ကျွန်မကောင်းသွားသလိုပေါ့"

"လုံမက သူငယ်ချင်းမိတ်ဆွေတယောက်ကို ဒီအထိချစ်တာပဲနော်"

"ဆိုပါတော့"

သူတို့၏ စကားသံသည် အတန်ကြာ တိတ်ဆိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



[illegible]နေသော ပိုကျူ့မှာ စဉ်းစား၍မရနိုင် [illegible]ည်။

[illegible] ယခုကဲ့သို့ ငွေကုန်ကြေးကျခံ၍ အကူအညီပေး [illegible]လေးတဦးဖြစ်မှန်း သိလိုက်၏။

[illegible]ကလေးသည် မည်သူနည်း။

[illegible]ည်သည့်အတွက်ကြောင့် သူမအား ဤကဲ့သို့အနစ်နာခံ [illegible]ကူညီပါသနည်း။

သူမ၏ကူညီခြင်းမှာ အသက်နှင့်စက်၍ ကူညီနေခြင်းဖြစ် သည်။

ပိုကျူ့၏စိတ်ထဲတွင် မည်သို့မျှစဉ်းစား၍မရအောင် ဖြစ် သွားတော့သည်။

ထို့ကြောင့်...

သူမသည် ထိုကျေးရူးရှင်မလေးနှင့် တွေ့ဆုံကာ ကျေးဇူး တင်စကားများ ပြောလိုလှပေသည်။

သူမသည် ခုတင်ပေါ်မှဆင်းပြီး အပြင်သို့ထွက်ရန် ဟန်ပြင် လိုက်လေသည်။

ထိုအခိုက်...

"အို...မထနဲ့လေ၊ ဘာလိုချင်လို့လဲဟင်"

ပိုကျူ့က ပြန်ထိုင်လိုက်ယင်း...

"ကျွန်မ ရှင့်ဆီကို လာချင်လို့ပါ"

ချိုလင်းစုသည် သူမအနားသို့ ဝင်ထိုင်လိုက်၏။

ပိုကျူ့သည် သူမ့ထက် အသက်အနည်းငယ်ကြီးပုံရသည်

"ဩော်... ကျွန်မ လာမှာပေါ့ အစ်မရယ်"



ပိုကျူ့သည် ချိုလင်းစု၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင် လိုက်ပြီး သိချင်သည်ကို မေးလိုက်မိလေ၏။

"အစ်မကို အခုလို ကူညီတာ ညီမလားဟင်"

"ဟုတ်ပါတယ် အစ်မရယ်၊ အစ်မ ဒါတွေ မတွေးပါနဲ့၊ စိတ် ချမ်းသာအောင်သာ နေပါနော်"

ပိုကျူ့သည် သူမ မမြင်ရသေးသော ချိုလင်းစုအား ပန်းက လေးကို ကြင်နာစွာဖြင့် ဖက်ထားလိုက်မိလေ၏။

"အစ်မ ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိဘူး ညီမ ရယ် အစ်မအတွက်နဲ့ ငွေတွေလဲ တော်တော်ကုန်ရောပေါ့နော်"

"ကိစ္စ မရှိပါဘူး အစ်မရယ်"

"ဒါနဲ့... အစ်မတခု မေးပါရစေ ညီမရယ်"

"ဘာလဲဟင်..."

"အစ်မကို ညီမ သိသလားဟင်"

ချိုလင်းစုက ပြုံးလိုက်လေသည်။

"ကျွန်မ မသိပါဘူး"

"ဟင်..."

ချိုလင်းစု၏စကားကို ပိုကျူ့သည် အလွန်အမင်း အံ့သြသွား ရသည်။

ထို့ကြောင့် သူမက...

"ဒါဖြင့်... အစ်မကို..."

ချိုလင်းစုက ရယ်လိုက်ပြီး...

"ဒါက ဒီလိုပါ အစ်မ၊ အစ်မကို အင်မတန် ခင်မင်တဲ့ မိတ် ဆွေတဦး ရှိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ပိုကျူမှာ မျက်မှောင်ကလေး ကုပ်လိုက်လေသည်။

"မိတ်ဆွေဆိုတာတော့ အများကြီးပဲပေါ့ ညီမရယ်၊ သူက ဘယ်သူလဲဟင်"

"အစ်မ ဒီခရီးကို လာရင်းနဲ့ ခင်မင်ခဲ့တဲ့ မိတ်ဆွေလေ"

ပိုကျူ၏ မျက်ခုံးနှစ်ဖက်သည် အပေါ်သို့ မြင့်တက်သွားလေသည်။

"ဟင်... သူ.. သူ... ဘယ်မှာလဲဟင်"

"အဲဒါ အစ်မရဲ့ မိတ်ဆွေပဲ မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ် ညီမရယ်၊ သူနဲ့ ညီမနဲ့ကကော ဘာတော်သလဲဟင်၊ သူအခု ဘယ်မှာလဲ"

ပိုကျူ၏အငမ်းမရ မေးနေမှုကြောင့် ချိုလင်းစုမှာ ခပ်တွေတွေကလေး စိုက်ကြည့်နေမိ၏။

စိတ်ထဲမှလည်း တွေးလိုက်မိသည်။

"ပိုကျူနဲ့ အစ်ကိုစွမ်းရှိမင်းတို့ ဘယ်အထိများ ခင်မင်နေကြပါလိမ့်"

"ညီမ..."

ပိုကျူက တိတ်ဆိတ်သွားသော ချိုလင်းစုအား လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။

"ပြောလေ... အစ်မ ဘာပြောချင်လို့လဲ"

"စွမ်းရှိမင်း... အခု ဘယ်မှာလဲ"

"သူ့ကို လူသုံးယောက် သတ်ပစ်တဲ့အတွက် လျော်ကြေးပေးရမယ်ဆိုလို့ ဓားပြသွားတိုက်ရတယ်လေ"

ပိုကျူ၏ရင်ထဲတွင် ကျင်ကနဲ ခံစားလိုက်ရသည်။



ချက်ချင်းပင် စိတ်လက်မချမ်းသာ ဖြစ်သွားရ၏။

အစ်ကိုစွမ်းရှိမင်းသည် ဓားပြတယောက် မဟုတ်ချေ။

"အို... ဖြစ်ရလေ အစ်ကိုစွမ်းရှိမင်းရယ်"

ချိုလင်းစုက အစ်အောက်လိုက်၏။

"သူနဲ့ အစ်မက တော်တော် ခင်တယ်နော်"

"အင်မတန်ခင်တဲ့ မိတ်ဆွေပဲ ဆိုပါတော့ ညီမရယ်၊ ညီမနဲ့ကကော ဘယ်လိုတော်သလဲဟင်"

ချိုလင်းစုက မယုတ်မလွန် ပြန်လည် ဖြေကြားလိုက်သည်။

"ကျွန်မရဲ့ မိတ်ဆွေတယောက်ပါပဲ"

"သြော်... ဒါထက် သူက ညီမကို ဘာမှာ သွားလို့လဲဟင်"

"သူ့မှာ အင်မတန် ခင်မင်တဲ့ မိတ်ဆွေတယောက် ဒုက္ခရောက်နေပါတယ်တဲ့၊ အဲဒါကို စောင့်ရှောက်ကူညီပေးထားပါလို့ မှာသွားတယ်၊ သူက အသေအချာ မှာသွားတာပါ..."

"သြော်... ဒါကြောင့် ညီမက အစ်မကို ဒီလောက် အကုန်အကျခံပြီး ကူညီနေတာကိုး"

"ဟုတ်ပါတယ်အစ်မ၊ ပထမတော့ ကျွန်မဟာ တာဝန်အရ ကူညီနိုင်ရင် ကူညီမယ်လို့ စိတ်ကူးထားပေမယ့်၊ အစ်မရဲ့ အကျဉ်းစခန်းမှာ ခံစားနေရတဲ့ ဒုက္ခတွေကို မြင်ရတော့ ကျွန်မဟာ ကိုယ်ဘိုရင်ဘိ ကူညီချင်တဲ့ စိတ်တွေ ပေါ်ပေါက်လာပါတယ်"

ပိုကျူသည် ကြည်နူးခြင်း ဝေဒနာကို ချက်ချင်း ခံစားလိုက်ရသည်။

"အို... ညီမရဲ့ စိတ်ထား မွန်မြတ်မှုကို အစ်မ ဂုဏ်ယူပါတယ်ကွယ်၊ အစ်မ မသေရင်တော့ ညီမအတွက်ဆို အသက်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကူညီပါမယ်ကွယ်"

ချိုလင်းစုအလည်း လိုက်လိုက်လှဲလှဲပင် ပြန်ပြောသည်။

"အခုလို ကြားရတာ သိပ်ဝမ်းသာတာပဲ အစ်မရယ်၊ ဒါ သက် အစ်မ ဒီမှာ ဘာကြောင့် ဒီကိုလာပြီး ဒုက္ခရောက်ရတာလဲဟင်၊ ကျွန်မကို ပြောပြပါလားဟင်"

ပိုကျူအမျက်နှာကလေး ညှိုးကျသွားသည်။

"အစ်မတို့အဖြစ်က မပြောချင်တော့ပါဘူးကွယ်"

"အို... ပြောစမ်းပါ အစ်မရယ်၊ ဘာလဲ ပြည်မမှာ အပြစ်တခု ကျူးလွန်ခဲ့လို့ ပြေးလာတာလားဟင်"

ပိုကျူက ခေါင်းကို ခါယမ်းလိုက်...

"မဟုတ်ပါဘူးကွယ်၊ အစ်မတို့ အဖေဆီမှာ သူတို့ ဓားပြလာတိုက်တယ်လေ၊ ဖေဖေက ပစ္စည်းတွေ ပေးပေမယ့်၊ သူတို့က ဘာကို မကျေနပ်လို့လဲ မသိဘူး၊ ဒီကို ဖမ်းခေါ်လာကြတယ်၊ သူတို့ ကြားထဲမှာ အစ်မပါပြီး တိုက်ခိုက်မိလို့ အစ်မကိုပါ သူတို့က ဖမ်းလာကြတာပါ၊ ဒီဥပဒေမဲ့မြို့ အလာမှာ လမ်းမှာ အစ်ကိုစွမ်းရီမင်းနဲ့ တွေ့ခဲ့ရတာပါ..."

ပိုကျူက ထိုကဲ့သို့ ပြောပြီး လမ်းတလျှောက် စွမ်းရီမင်းနှင့် တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

ချိုလင်းစုသည် အတန်ကြာအောင်ပင် ငေးမောသွားရလေတော့သည်။

ယင်းသို့ တွေးတောငေးမောနေရာမှ ပိုကျူအား ကြည့်ကာ

"ဓားပြတွေဆိုတာက ဘယ်သူတွေလဲဟင်"

"ဘယ်သူရှိအုံးမှာလဲ ညီမရယ်၊ ကြယ်သုံးလုံးပဲပေါ့"



"ရှင်..."

"ကြယ်သုံးလုံးလေ ညီမ သိမှာပေါ့"

"ဟုတ်... ဟုတ်ကဲ့ သိပါတယ်၊ အဲဒီ ကြယ်သုံးလုံးထဲက ဘယ်သူလဲ အစ်မ ပြောပါအုံး"

ပိုကျူ၏မျက်နှာသည် ဒေါသလျှမ်းနေပုံရသည်။

သူမသည် အံကလေးများ ကြိတ်ကာ...

"ဘယ်သူ ရှိအုံးမှာလဲ တတိယကြယ်ပေါ့"

"အို..."

ချိုလင်းစု၏ ရင်ထဲတွင် လိုက်ကနဲ ခံစားလိုက်ရလေသည်။

သူ ကူညီခဲ့ရသည်များကိုပင် မလုံမလဲ ဖြစ်သွား၏။

ပိုကျူကို ကြည့်ကာ သနားသွားသလို မွေးစားဖခင် တတိယကြယ်၏ လုပ်ဆောင်ချက်များကိုလည်း ရွံ့ရှာမုန်းတီးသွားသည်။

ရက်စက်ယုတ်မာသည့် လုပ်ရပ် မဟုတ်ပါလား။

သူတို့နှစ်ယောက် အတန်ကြာအောင် စကားမပြောဘဲ ငြိမ်သက်နေပြီးမှ ပိုကျူက...

"ညီမ..."

"ရှင်..."

"တတိယကြယ်ကို ညီမ သိသလားဟင်"

"ဟုတ်ကဲ့... ဟုတ်ကဲ့... သိ... သိပါတယ်"

ပိုကျူမှာ ဝမ်းသာသွားဟန်ဖြင့်...

"ဟာ... အတော်ပဲ၊ အစ်မသာ မျက်စိပြန်ကောင်းလာရင် အစ်မရဲ့ အဖေကိုလည်း လိုက်ရှာမယ်၊ နောက်ပြီး တတိယကြယ်ကိုလည်း အစ်မကလဲ့စားမချေရရင် မကျေနပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချိုလင်းစုသည် ထိုင်နေရကောင်းနိုးနိုး၊ ထပြေးရကောင်းနိုးနိုး ဖြစ်နေ၏။

သူမ နေရထိုင်ရ ခက်ခဲလှသည်။

သူမသည် မွေးစားဖခင် တတိယကြယ်အား ကြိမ်းဝါးသည်ကို မတုန်လှုပ်မိပေ။

အဘယ်ကြောင့်ဆိုသော် သေချာစွာ စဉ်းစားကြည့်လျှင် သူမ၏မွေးစားဖခင် တတိယကြယ် အပါအဝင် ကြယ်သုံးလုံးနှင့် စနေဂြိုဟ်တို့သည် တယောက်မှ ကောင်းကြသူများ မဟုတ်ပေ။

သူတို့၏ မကောင်းမှုများကို ချိုလင်းစုသည် စွမ်းရှိမင်းနှင့် တွေ့ပြီးကတည်းက တစတစ သိရှိလာရပြီ ဖြစ်ပါသည်။

သို့သော် ယခု သူမစိုးရိမ်သွားမိသည်မှာ ပိုကျူသည် တတိယကြယ်၏ မွေးစားသမီးဖြစ်သူ သူမအား မုန်းသွားလေမလား ဟု တွေးပူမိခြင်း ဖြစ်ပါသည်။

"ညီမ..."

"ရှင်..."

"ဘာတွေ စဉ်းစားနေတာလဲဟင်"

"ဘာ... ဘာမှ မဟုတ်ပါဘူး အစ်မရယ်၊ အစ်မသာ နေကောင်းအောင် ကြိုးစားပါ၊ အစ်မမျက်စိ ပြန်ကောင်းလာရင် အစ်မဆန္ဒ ပြည့်ဝအောင် ညီမကူညီပါ့မယ်၊ မျက်စိ ပြန်ကောင်းလာရင် လုပ်ချင်တာ လုပ်လို့ရတာပေါ့..."

"အခုလို အားပေးတာ အစ်မ သိပ်အားရှိတာပဲ ညီမရယ်၊ ဒါထက်"

ပိုကျူ၏စကား မဆုံးသေးခင်မှာပင် ခြေသံကြားသဖြင့် သူမက ရပ်တန့်လိုက်ခြင်း ဖြစ်လေသည်။



"လုံမလေးပိုကျူ"

သမားတော်ကြီး ဘဘကျူ၏အသံပင် ဖြစ်တော့သည်။

"ရှင်... ဘဘ"

"လုံမလေး စကားကို နည်းနည်းဆင်ခြင်ပြီး ပြောကွယ်"

ပိုကျူမှာ အနည်းငယ် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

"ဘာဖြစ်လို့လဲ... ဘဘဟင်"

ချိုလင်းစုက လက်ကပြနေသည့်ကြားမှပင် ကျူလျှံက ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"လုံမကို မျက်စိကုပေးဖို့နဲ့ အစစအရာရာ အကူအညီ ပေးနေတဲ့ ချိုလင်းစုဟာ တတိယကြယ်ရဲ့ သမီးပဲကွဲ့"

"ရှင်..."

အလွန်အံ့ဩပြီး မျက်နှာတခုလုံး ပူထူသွားသူမှာ ပိုကျူပင် ဖြစ်တော့သည်။

ပိုကျူသည် တတိယကြယ်ဆိုသူအား အလွန်ပင် မုန်းတီးနေသည်။

ယခု တတိယကြယ်၏သမီးက သူမ၏ဆုံးရှုံးနေသော ဘဝအား ပြန်လည်၍ အလင်းရောင်ရစေသည့်အပြင် ပျက်စီးနေပြီ ဖြစ်သော သိုင်းပညာများကိုလည်း ပြန်လည်ကုသပေးနေခဲ့၏။

ထိုသို့ ကြီးမားသည့် ကျေးဇူးရှင်တယောက်၏ ဖခင်အား သူက မုန်းတီးသော စကားများကို ပြောသင့်ပါသလား။

ပိုကျူသည် ချိုလင်းစု၏ လက်ကလေးများကို စမ်းသပ်၍ သူမ၏ရင်ခွင်၌ အပ်စေကာ...

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး"

"ရှင်... မမ"

"အစ်မကို စိတ်ဆိုးသွားပြီလားဟင်"

"ကျွန်မက ဘာလို့ စိတ်ဆိုးရမှာလဲ မမရယ်"

ပိုကျူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"မညာပါနဲ့ ညီမရယ်၊ ဘယ်သားသမီးမဆို ကိုယ့်မိဘကို မုန်းနေတဲ့လူကို မကြည်ဖြူကြပါဘူး"

ချိုလင်းစုက ပြန်ရှင်းပြသည်။

"မမပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့အဖေ လုပ်ဆောင်ချက်တွေက တဘက်သားအဖို့ မုန်းစရာကောင်းလောက်အောင် လုပ်နေတော့ ကျွန်မက ဘာနာစရာလိုသလဲ မမရယ်"

ပိုကျူက သက်ပြင်းတချက်ကို မွှင်းမွှင်းချယင်း...

"ညီမလေးရဲ့ စိတ်ထားကို မမ ဂုဏ်ယူပါတယ်ကွယ်၊ နောက်ပြီး မမကလည်း ညီမလေးရဲ့ အဖေကိစ္စနဲ့ ပတ်သက်ပြီး သီးခံနိုင်သမျှ သီးခံပါ့မယ်လို့ မမ ကတိပေးပါတယ်ကွယ်၊ မမ ပြောခဲ့တာတွေကို တောင်းပန်ပါတယ်ကွယ်..."

"ကိစ္စမရှိပါဘူး မမရယ်၊ လူလူချင်းမတရားတဲ့ကိစ္စမျိုးဆိုယင်တော့ ကျွန်မကိုယ်တိုင်လဲ သီးမခံတတ်ပါဘူး၊ အခုဟာက ကျွန်မရဲ့ဖေဖေက မတရားခဲ့တာပဲ"

ထိုအခိုက် သမားတော်ကြီးက ဝင်ပြောလာလေ၏။

"ကဲ..သမီးတို့...သမီးတို့ဘာပဲပြောပြော ဘဘကတော့ သိပ်ပြီးဂရုမစိုက်ပါဘူးကွာ၊ ဒါပေမယ့် တခြားလူကြားသွားယင် သမီးတို့မှာအန္တရာယ်များတယ်၊ ဒီနယ်မြေက အန္တရာယ်နယ်မြေလေ"



ချိုလင်းစုက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်မမ၊ ကဲ...ကျွန်မပြန်မယ်၊ မမလဲ အစစအရာရာ သတိဝီရိယနဲ့နေပါနော်"

ပိုကျူက ခေါင်းကလေးမော့ပြီး...

"ညီမနဲ့အစ်မ နောက်ဘယ်တော့ တွေ့ကြအုံးမလဲဟင်"

ချိုလင်းစုက အတန်ငယ်စဉ်းစားလိုက်ပြီး ပြောလေ၏။

"ဒီလိုလုပ်လေ"

"အင်း...ပြောပါညီမ"

"မမမျက်စိပျောက်သွားတာနဲ့ စခန်းကိုပြန်ပြီး၊ မသိလိုက်မသိဖာသာ နေမြဲတိုင်းနေလိုက်ပါအုံး၊ အစ်ကိုစွမ်းရီမင်း ပြန်လာတော့ ကျွန်မတို့ ကြည့်စီစဉ်ပါ့မယ်၊ ဒီကြားထဲမှာ တကွက်မှအမှားမပါအောင် နေပါမမရယ်"

ပိုကျူကခေါင်းညိတ်၍...

"ညီမစကားကို မမတသွေမတိမ်း လိုက်နာပါ့မယ်ကွယ်"

ပိုကျူက ကတိပြုလိုက်လေ၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၂)

## မယုံစရာ မြင်ကွင်း

နှစ်ဆယ့်ငါးရက်။

ထိုရက်များသည် မထင်မှတ်ဘဲ ကုန်ဆုံးသွားတော့၏။

အမှန်စင်စစ် သူတို့ငါးဦး ခရီးထွက်လာခြင်းမှာ ဓားပြတိုက်ရန်အတွက် ဖြစ်သည်။

သို့သော် ယခုအချိန်ထိ သူတို့သည် ခြူးတပြားမှမရသေးပေ။

အဘယ်ကြောင့်ဆိုသော် သူတို့သည် ဓားပြမတိုက်ကြသေး၍သာဖြစ်ပေသည်။



သူတို့ငါးဦးအနက် ကေးမူက အရေးမကြီးပါ။

သူသည် ကျန်လေးဦးမှာ သူ့ကိုအကူအညီပေးရန်နှင့် အခြေအနေကိုအကဲခတ်ကြည့်ရှုရန် ကြယ်သုံးလုံးက တာဝန်ပေးလိုက်သောလူများဖြစ်သည်။

စွမ်းရီမင်းသည် လူသုံးဦးကိုသတ်မိသည့်အတွက်နှင့် ဥပဒေမဲ့နယ်မြေတွင် နေထိုင်စားသောက်နိုင်ရန်အတွက် ငွေနှစ်သိန်းမျှရအောင် တိုက်ရမည်ဖြစ်သည်။

ထိုငွေကို ကြယ်သုံးလုံးအား ပေးရမည်ဖြစ်သည်။

ကျန်သုံးဦးမှာ 'ရဲသုံးဖော်' ဟုအမည်ရထားသော လူမိုက်သုံးဦးပင်ဖြစ်သည်။

ထိုရဲသုံးဖော်သည် တပ်မှူးဟိုဦး၏ အိမ်သားများကို သတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေရသော သူများဖြစ်သည်။

ဒေါသအလျှောက် ကျူးလွန်မိကြသူများ ဖြစ်လေသည်။

သို့သော် သူတို့သည်ငွေကြေး လုံးဝမပါလာသဖြင့် ကြယ်သုံးလုံးက ဓားပြတိုက်ခိုင်းလိုက်ခြင်းပင်ဖြစ်သည်။

ယခုအခါ သူတို့သည် စွမ်းရီမင်း၏ အရိပ်အကဲကိုသာကြည့်၍ ဘာတခုမှ မလုပ်ဆောင်ရသေးပေ။

စွမ်းရီမင်းသည် ချမ်းအန်းမြို့နှင့် မနီးမဝေးရှိ ရွာကြီးတရွာ၌ ခိုအောင်းကာ ဓားပြတိုက်ရန်အတွက် အမျိုးမျိုးစဉ်းစားနေ၏။

သို့သော် မည်သည့်အကြံမျှထွက်မလာပါ။

အဘယ်ကြောင့်ဆိုသော် သူသည် ယခင်ကလည်း ဓားပြဘဦးမဟုတ်သဖြင့် ထိုလုပ်ငန်းတွင်လည်း ကျွမ်းကျင်မှုမရှိပါ။

သို့ရာတွင် ငွေနှစ်သိန်းရရှိဖို့ဆိုသည်မှာ ဓားပြတိုက်ရန်မှ

www.burmeseclassic.com

www.burmeseclassic.com



တပါးအခြားနည်းလမ်းမရှိပါ။

ထို့ကြောင့် သူသည် မည်သို့ဆောင်ရွက်ရလျှင် ကောင်းမည်နည်းဟု စဉ်းစားယင်းဖြင့်ပင် နှစ်ဆယ့်ငါးရက်ဆိုသော အချိန်ကာလသည် ကုန်ဆုံးသွားခဲ့လေတော့သည်။

ရဲသုံးဖော်သည် စွမ်းရှိမင်းအား မကျေမနပ်ဖြစ်လာကြ၏။

သူတို့သည် နှစ်ဆယ့်ငါးရက်လုံးလုံး အချိန်များပုတ်ခဲ့ရသောကြောင့်လည်း စိတ်တိုနေသည်။

ယနေ့ ရဲသုံးဖော်ထဲမှ အသက်အကြီးဆုံးဖြစ်သော 'ဖုရန်း' ကစွမ်းရှိမင်းအား တွေ့ဆုံကာ မကျေမနပ် ပုတ်ခတ်ပြောဆိုလိုက်သည်။

"ဘယ်လိုလဲ စွမ်းရှိမင်း၊ ခင်ဗျားဒီတသက်မှာ ဓားပြတိုက်ဖြစ်အုံးမှာလား၊ ခင်ဗျား စဉ်းစားနေတာ ဘယ်နှစ်ရက်ရှိပြီလဲ"

စွမ်းရှိမင်းသည် သူ့အနားမှာ ထိုင်နေသော ကေးမူအား တချက်လှမ်းကြည့်၍ ဖုရန်းအားပြုံးပြကာ...

"ဖြည်းဖြည်းပေါ့ဗျာ"

ဖုရန်းသည် ဒေါသဖြစ်သွားပုံရပြီး စားပွဲကိုလက်သီးဖြင့် ထုလိုက်သည်။

"ဘာဗျ၊ ဖြည်းဖြည်းပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဓားပြတိုက်တယ်ဆိုတာ ကိုယ့်အမေလင်ပစ္စည်းလို အလွယ်တကူ တက်ယူရတာမဟုတ်ဘူးဗျ၊ စဉ်းစားရတယ်၊ တွေးတောရတယ်၊ မလွယ်ဘူး"

ဖုရန်းက စွမ်းရှိမင်းအား မျက်လုံးပြူး၍ကြည့်ကာ...

"ခင်ဗျားက သွားကျိုးဆံဖြူတဲ့အထိ စဉ်းစားနေတော့မှာလား၊ အခုပဲ ဘယ်နှစ်ရက်ရှိပြီလဲ"



ဘေးမှထိုင်နေသော ကေးမူက မည်သူ့ကိုမှဘာတခွန်းမှ ဝင်မပြောပေ။

သူက ခပ်ပြုံးပြုံးဖြင့်သာ နားထောင်နေ၏။

စွမ်းရှိမင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့...ကျုပ်ကတော့ သွားကျိုးဆံဖြူတဲ့အထိ စဉ်းစားတန်စဉ်းစားရမှာပဲ"

"ခင်ဗျား သေသေချာချာ စဉ်းစားပြီးမှစကားပြောပါ"

"အင်း...ပြောပါအုံး"

"ကျုပ်တို့ဟာ ဝရမ်းပြေးတွေဗျ၊ အချိန်မရွေး ဘုရင့်ရဲမက်တွေနဲ့တွေ့ပြီး ဖမ်းဆီးခံရနိုင်တယ်၊ ကျုပ်တို့ဘဝက လွတ်လပ်တဲ့ဘဝ မဟုတ်ဘူး"

စွမ်းရှိမင်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်လဲအတူတူပါပဲ၊ ဒီမှာရှိနေတဲ့ လူငါးယောက်စလုံးဟာ ဒီပြည်မမှာ မနေရဲတဲ့လူတွေချည်းပဲဆိုတာ ကျုပ်သိပါတယ်"

"ဒါဖြင့်လဲ တိုက်စရာရှိတာ ခပ်မြန်မြန်တိုက်ပြီး သွားကြရအောင်ဗျာ"

"ကျုပ် စဉ်းစားပါရစေအုံး"

ဖုရန်းသည် ကေးမူအား တချက်ကြည့်လိုက်ပြီး...

"ခင်ဗျားကြားတယ် မဟုတ်လား၊ ဒီလူသက်သက် ခေတ်လက်ကန့်လန့်လုပ်နေတာ ကျုပ်ကတော့ သီးမခံနိုင်တော့ဘူး"

စွမ်းရှိမင်းက အေးစက်စွာဖြင့် ဖုရန်းအားမော့ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒီတော့ ခင်ဗျားကဘာလုပ်ချင်သလဲ"

"ဒီကနေ့ကစပြီး ခင်ဗျားနဲ့လမ်းခွဲမယ်"

စွမ်းရှီမင်းသည် ဖုရန်းအား မထီတရီပြုံးပြလိုက်ပြီး...

"ခင်ဗျား မစဉ်းစားတော့ဘူးလား"

ဖုရန်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားတို့လို အကြောက်ကြီးတဲ့လူတွေသာ ကြာရှည်စဉ်းစားနေ၊ ခင်ဗျားသာကြောက်နေ"

"ဒါဖြင့် ခင်ဗျားတို့သုံးယောက်က စားပြသွားတိုက်ပြီး ပြန်နိုင်ကြမယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

စွမ်းရှီမင်းက ဆတ်ကနဲ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါတယ်၊ နည်းနည်းလေးတောင် အချိန်ယူပြီးမစဉ်းစားတော့ဘူးလား"

ဖုရန်းသည် စွမ်းရှီမင်းအား ဒေါသဖြင့်ကြည့်လိုက်၏။

"ခင်ဗျား အလကားလူပဲ သွားမယ်"

ဖုရန်းသည် ပြောပြောဆိုဆို သူ့လူနှစ်ဦးအားခေါ်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

စွမ်းရှီမင်းသည် ရဲသုံးဖော်အားကြည့်ကာ ပြုံးလိုက်မိ၏။ သူ၏အပြုံးသည် အဓိပ္ပါယ်ရှာမရသောအပြုံးမျိုးဖြစ်သည်။ စွန့်လွှတ်တန် စွန့်လွှတ်ရမည်ပေါ့။

ကေးမူက စွမ်းရှီမင်း၏မျက်နှာကို လှမ်းကြည့်ကာ အနားတိုးလာသည်။



"ဆရာ"

"ဟင်"

"သူတို့စားပြတိုက်ဖို့ ထွက်သွားကြပြီ၊ ဒီအတိုင်း ကြည့်နေမလား"

"အင်း...အဲဒါဘာဖြစ်သလဲ"

"ဆရာ့အနေနဲ့ ကောစားပြတိုက်ဖို့ မစဉ်းစားသေးဘူးလား"

စွမ်းရှီမင်းက ကေးမူအား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

ကေးမူသည် သူတို့အားစောင့်ကြည့်ရန် ကြယ်သုံးလုံးက လူယုံတော်အဖြစ် ထည့်ပေးလိုက်ခြင်းဖြစ်သည်။

သို့သော်...

ကေးမူသည် စွမ်းရှီမင်း၏တပည့်အဖြစ် ခံယူထားသည်ကို ရဲသုံးဖော်ကလည်း မသိလိုက်ပါပေ။

သူသည် စွမ်းရှီမင်းကို လေးစားသည်။

ကေးမူသည် စွမ်းရှီမင်းဘာလုပ်လုပ် သူ့အနေဖြင့် ဘာမှ ကန့်ကွက်စရာမရှိပါဟု အတိအလင်းပြောထားသည့်အပြင် လိုအပ်သော အကူအညီများကို ပေးပါမည်ဟု ကတိပေးထားသူဖြစ်သည်။

ယခု ကေးမူက စားပြမတိုက်သေးဘူးလားဟု မေးသောအခါ စွမ်းရှီမင်းက ကေးမူအား တချက်ကြည့်လိုက်ပြီး...

"ဘာလဲ...မင်းက ငါ့ကိုစားပြတိုက်စေချင်လို့ပြီလား"

"ဒီလိုလဲမဟုတ်ပါဘူးဆရာရယ်၊ ဒါပေမယ့် သူတို့က စားပြတိုက်ပြီးပြန်သွားမှာ၊ အဲဒီအခါမှာ ကျွန်တော်တို့ကို ကြယ်သုံးလုံးက

www.burmeseclassic.com

www.burmeseclassic.com



မေးတဲ့အခါမှာ သူတို့က မဟုတ်မတရားတွေ ပြောကြမှာစိုးလို့ပါ"

စွမ်းရီမင်းက သက်ပြင်းတချက်ချလိုက်၏။

"ဒါတော့လဲ ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ငါ့အနေနဲ့ကတော့ ဓားပြတိုက်ဖို့ဆိုတာ တော်တော်ကိုစွန့်စားရမယ့် အလုပ်တခုကွ၊ ငါလည်းမလုပ်ဖူးဘူး"

ကေးမူသည် သူ၏ကုလားထိုင်ကို ရွှေ့ယူကာ စွမ်းရီမင်းအနားသို့ရောက်အောင် တိုးလာ၏။

ထို့နောက်...

သူက လေသံတိုးတိုးကလေးဖြင့် မေးလိုက်လေသည်။

"ဆရာ့အတွက် ကျွန်တော်ဓားပြသွားတိုက်ပေးရမလား"

စွမ်းရီမင်းသည် ကေးမူ၏မျက်နှာကို စိုက်ကြည့်ကာ ပြုံးလိုက်၏။

ကေးမူ သူ့အပေါ် ခင်တွယ်နေပြီဟုလည်း စိတ်ထဲမှ ထင်မှတ်မိလိုက်သည်။

"မလိုပါဘူး ကေးမူရယ်၊ ငါက ဓားပြမတိုက်ရဲလို့ မဟုတ်ပါဘူး၊ ငါသူများပစ္စည်းကို အခုလိုတိုက်ခိုက်ပြီး ယူရမှာ ဝန်လေးလွန်းလို့ပါ"

"ဒါဖြင့် ဆရာ ငွေဘယ်ကရမလဲ"

"ငွေရဖို့ တခုတော့ရှိတယ်ကွ"

ကေးမူက ဝမ်းသာအားရဖြင့်...

"ဟုတ်လား၊ ပြောပါအုံးဆရာ"

စွမ်းရီမင်းက လေသံတိုးတိုးကလေးဖြင့် ကေးမူအား ပြောပြလိုက်ရာ ကေးမူ၏မျက်လုံးသည် အနည်းငယ်ဝိုင်းသွားပြီး...



"ဟာ ဟုတ်တယ် အဲဒီအကြံမဆိုးပါဘူး"

ဟုဝမ်းသာအားရ ပြောလိုက်လေတော့၏။

နောက်တနေ့တွင်...

သူတို့နှစ်ဦးသည် ချန်အန်းမြို့တွင်းသို့ ဝင်ရောက်ခဲ့ကြလေသည်။

သို့သော်...

စွမ်းရီမင်းအဖို့ ဒီအတိုင်းမသွားရဲပါ။

ထို့ကြောင့် သူသည်ငွေကြေးချမ်းသာသော သူဌေးအိုကြီးတဦးအဲသွင် ဖန်တီးထားရပေသည်။

ကေးမူကလည်း သူ့ရုပ်ကို အနည်းငယ်ဖျက်ကာ သူဌေးကြီး၏အတွင်းရေးမှူးသဏ္ဌာန် ပြုလုပ်ထားရ၏။

သူတို့သည် ချန်အန်းမြို့၏ အကောင်းဆုံးတည်းခိုခန်းတွင် တည်းခိုကာ အချိန်ဖြုန်းလျက်ရှိနေသည်။

ယခုဆိုလျှင် သူတို့သည် ဤတည်းခိုခန်းသို့ ရောက်ရှိနေသည်မှာ နှစ်ရက်ရှိပြီဖြစ်၏။

သူတို့နှစ်ဦးသည် နေ့လယ်ဘက်တွင် မြင်းလှည်းတစီးငှားကာ မြို့ထဲအနှံ့ လျှောက်လည်နေ၏။

တဖန် ညဘက်ဆိုလျှင် စားသောက်ပြီးသည်နှင့် မြို့ထဲတွင် နေရာအနှံ့ ခြေကျင်လျှောက်လည်ပတ်တတ်သည်။

သူတို့အား မည်သူတဦးတယောက်ကမှ မှတ်မိခြင်းမရှိပေ။

စွမ်းရီမင်းသည် သူ၏ရှည်လျားလှသော မုတ်ဆိတ်ကြီးကို မကြာခဏ လက်ဖြင့်သပ်၍သပ်၍ နေပေရာ၊ တကယ့်ငွေရှင်ကြေးရှင်သူဌေးကြီးတဦးနှင့် တူနေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှည်လျားလှသော ဆေးတံကြီးကိုလည်း မကြာခဏသောက်တတ်ပေသည်။

ယင်းသို့သောက်ပြီးသောအခါ ကေးမူအား လှမ်းပေးလိုက်သည်။

ထိုအခါမှ ကေးမူက ပျာပျာသလဲဖြင့် ဆေးတံကို လှမ်းယူပြီး ရှိရှိသေသေကိုင်တွယ်ကာ သူ၏နောက်မှ လိုက်ပါနေသည်မှာ တကယ့်သူဌေးကြီးနှင့် သူ၏အတွင်းရေးမှူးဟု လူတိုင်းကထင်ကြသည်။

မိုးလုံးဝရွာသွန်းခြင်း မရှိသဖြင့် ချန်အန်းမြို့သည် ညဘက်လမ်းလျှောက်ရသည်မှာ သာယာကောင်းမွန်လှပေသည်။

ထိုစဉ် ရုတ်တရက် မျက်နှာဖုံးတပ်ထားသောလူတယောက်သည် စွမ်းရီမင်းတို့ရှေ့နားမှ လှစ်ကနဲထွက်သွားသည်ကို တွေ့မြင်လိုက်ရ၏။

စွမ်းရီမင်းသည် ထိုလူကို စိတ်ထဲ၌ သင်္ကာမကင်းဖြစ်သွားမိသည်။

ထို့ကြောင့်...

သူက ကေးမူအားတနေရာတွင် စောင့်ဆိုင်းနေရန် ပြောကြားပြီး မျက်နှာဖုံးတပ်ထားသောလူ၏ နောက်သို့ ပုန်းကွယ်၍ လိုက်သွားမိတော့သည်။

ထိုစဉ်မှာပင် မျက်နှာဖုံးနှင့်လူသည် မြို့စားကြီးဂေဟာသို့ လှစ်ကနဲ လှမ်းဝင်သွားသည်ကို စွမ်းရီမင်းက တွေ့ရှိလိုက်ရသည်။

မျက်နှာဖုံးနှင့်လူသည် အဘယ်ကြောင့် မြို့စားကြီးဂေဟာသို့ခိုးကြောင်ခိုးဝှက် ဝင်သွားသည်ကို စဉ်းစား၍မရအောင် ဖြစ်



နေသည်။

ယခုအခါ မြို့စားကြီးဝမ်ကြည်ဖုန်းသည် သမားတော်ကြီးနှင့်ကုသခဲ့သည်မှာ ဒဏ်ရာပျောက်ကင်းသွားပြီဖြစ်၍ ဂေဟာသို့ပြန်လည်ရောက်ရှိနေပြီ ဖြစ်လေသည်။

သို့သော်...

စွမ်းရီမဖီးအား ထုတ်ထားသည့် ကြော်ငြာဝရမ်းကို ပြန်လည်ရုပ်သိမ်းခြင်း မပြုသေးပါ။

ထို့ကြောင့်လည်း စွမ်းရီမင်းမှာ ထင်ထင်ပေါ်ပေါ် မနေရဲသေးဘဲ ရုပ်ဖျက်ထားရခြင်း ဖြစ်လေသည်။

သူသည် ကြာရှည်စဉ်းစားမနေတော့ဘဲ မြို့စားကြီးဂေဟာအနောက်ဘက်သို့ လှည့်ပတ်သွားပြီး ဝင်းထရံကို ခုန်ကျော်၍ဝင်လိုက်သည်။

သူသည် အစောင့်အကြပ်များကို အထူးသတိထား၍ မြို့စားကြီး၏ ညှိခန်းမအနီးသို့ရောက်အောင် တဖြည်းဖြည်းချဉ်းကပ်၍လာသည်။

သို့သော် အတွင်းသို့ ဝင်ရန်မှာ လုံးဝမလွယ်ကူလှပေ။

ထို့ကြောင့်...

သူသည် ညှိခန်းမဆောင်၏ ခေါင်းရင်းဘက်သို့ လှည့်ပတ်၍သွားကာ သစ်ပင်ပန်းပင်များအား အကာအကွယ်ယူယင်းညှိခန်းပြတင်းတံခါးအနီးသို့ ချဉ်းကပ်သွား၏။

ထိုညှိခန်း တံခါးပေါက်သည် အနောက်ဘက်တွင်ရှိ၍ တခါက သူခုန်ဆင်းပြေးခဲ့သော တံခါးပေါက်ပင် ဖြစ်လေသည်။

သူက ထိုတံခါးပေါက်အား ရွေးချယ်လိုက်ခြင်းမှာ ထိုတံခါး

www.burmeseclassic.com

www.burmeseclassic.com

ပေါက်မှချောင်းကြည့်လျှင် ခြည့်ခန်းမတစ်ခုလုံးအား ကောင်းစွာတွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။

စွမ်းရီမင်းသည် ပတ်ဝန်းကျင်ကို တချက်ဝေ့ကြည့်လိုက်၏။

အစောင့်များသည် ဝင်းခြံတံခါး၌သာ အာရုံစိုက်၍နေပြီး စကားစမြည်များ ပြောနေသည့်အသံကို ကြားနေရသည်။

စွမ်းရီမင်းသည် အုတ်နံရံကို အသာဖက်တွယ်၍ အတွင်းခန်းဆီသို့ လှမ်းကြည့်လိုက်လေသည်။

သူ ကောင်းစွာ မြင်ရသည်။

လူနှစ်ဦး ထိုင်၍ စကားနေပြောနေသည်ကို **ဘေးတိုက်အနေအထား**ဖြင့် မြင်ရခြင်း ဖြစ်ပါသည်။

တဦးမှာ မြို့စားကြီးဝမ်ကြည်ဖုန်း ဖြစ်၍ ကျန်တဦးမှာ မျက်နှာဖုန်းနှင့်လူပင် ဖြစ်သည်။

ထိုအခိုက်...

မျက်နှာဖုန်းနှင့်လူသည် ခေါင်းစွပ်ကြီးကို ချွတ်လိုက်သောအခါတွင် သူ၏မျက်နှာကို မီးရောင်ကြောင့် ထင်ထင်ရှားရှား တွေ့မြင်လိုက်ရလေတော့သည်။

ထိုကဲ့သို့ တွေ့မြင်လိုက်သည်နှင့် စွမ်းရီမင်း၏ တကိုယ်လုံးကျင်စက်နှင့် အတို့ခံရသကဲ့သို့ တုန်လှုပ်အံ့သြသွားလေတော့သည်။

သူသည် ထိုလူ၏မျက်နှာကို အတန်ကြာအောင် စူးစိုက်ကြည့်ရှုနေမိပြန်သည်။

မလွဲပါ။

သူ မထင်မှတ်ထားသော လူတယောက်၏မျက်နှာ ဖြစ်နေကြောင်း သိရှိလိုက်ရလေတော့သည်။



စွမ်းရီမင်းသည် ကြာရှည်စွာ ဆက်လက်မကြည့်တော့ဘဲ လာလမ်းအတိုင်း တရွေ့တည်း ပြန်ပြေးလေတော့သည်။

တည်းခိုခန်းသို့ ပြန်ရောက်သောအခါ သူ့ကို စောင့်ဆိုင်းနေသော ကေးမူကို တွေ့လိုက်ရသည်။

သူက စကားစတင် ပြောဆိုခြင်းမပြုသဖြင့် ကေးမူကလည်း အလိုက်သိစွာဖြင့် ငြိမ်နေလိုက်သည်။

သူ့ဆရာသည် တစုံတခုကို လေးလေးနက်နက် စဉ်းစားတွေးတောနေသည် မဟုတ်ပါလား။

အတွေးကို အနှောင့်အယှက် မပေးရဲပေ။

ထို့ကြောင့် ခပ်မဆိတ်ပင် နေလိုက်သည်။

ညဉ့်နက်လှပြီ ဖြစ်သော်လည်း စွမ်းရီမင်းမှာ မအိပ်နိုင်သေးပါချေ။

စဉ်းစားနေသည်။

သူသည် တစုံတခုကို အပြေးအလွှား အဖြေရှာနေပေသည်။

**သူ၏ဦးခေါင်းထဲတွင် ကိန်းဂဏန်းတခုသည်** ရှင်းသွားတော့ မလိုလိုနှင့် ရှုပ်ထွေးလာတော့သည်။

တွေးရင်းတွေးရင်းမှ သူ၏ခေါင်းသည် တဖြည်းဖြည်း ချာချာလည်လာသည်။

သူသည် ထိုပုဂ္ဂိုလ်ကြီးအား ဤကဲ့သို့ ပြန်လည်တွေ့မြင်လိုက်ရလိမ့်မည်ဟု စိတ်ကူးထဲတွင် ထည့်မထားခဲ့ပေ။

ထည့်ထားစရာလည်း အကြောင်းမရှိပေ။

ထိုပုဂ္ဂိုလ်ကြီး၏မျက်နှာကို ဤတသက်တွင် ပြန်လည်မြင်

www.burmeseclassic.com

www.burmeseclassic.com



ရလိမ့်မည်ဟု သူလုံးဝ မထင်ထားသောကြောင့်ပင် ဖြစ်၏။

ဤသို့ဆိုလျှင် ထိုပုဂ္ဂိုလ်ကြီးသည် မည်သူ ဖြစ်နိုင်သနည်း။

သူက အဖြေရှာမရ၍ ခေါင်းကို တဗျစ်ဗျစ်မြည်အောင် ကုတ်နေစဉ်မှာပင် ကေးမူက အရက်တအိုးနှင့် စားစရာများကို ယူ၍ ဝင်လာသည်။

ကေးမူသည် သူ့ဆရာအား တလျှောက်လုံး ပြုစုလာခဲ့၏။

"ဆရာ..."

"ဘာလဲကွ..."

"ကျွန်တော် ထင်တာ မလွဲဘူးဆိုရင် ဆရာ ကိစ္စတခုကို လေးလေးနက်နက် တွေးတောနေပုံရတယ်"

စွမ်းရီမင်းက ကေးမူအား ကြည့်၍ အသံထွက်အောင်ပင် ရယ်မောလိုက်သည်။

"မင်းမဆိုးဘူး"

"ဘာလို့လဲဆရာ"

"မင်း... လူကဲခတ်တတ်သားပဲ"

ထိုအခါ ကေးမူက ရယ်မောပြီး...

"အို... ဆရာကလည်း ဒီလောက် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်နေပြီးမှတော့ တစုံတခုကို စဉ်းစားတယ်ဆိုတာ လူတိုင်း သိပါတယ် ဆရာရယ်"

"ဟုတ်လား၊ ငါက မင်းတယောက်ပဲ သိမှာလို့ ထင်နေတာ"

"အို... ဆရာကလည်း"

ထိုအခါ ကေးမူသည် သူ့အား နောက်နေ့မှန်း သိလိုက်၏။

"ဆရာဘာတွေ တွေးနေတာလဲဆိုတာ ကျွန်တော်မသိဘူး"



စွမ်းရီမင်းသည် အရက်အိုးကို စူးစိုက်ကြည့်ရင်းမှ ပြောသည်။

"ငါတော့ အရက်သောက်ချင်တဲ့စိတ်တောင် မရှိတော့ဘူး ဟေ့"

ကေးမူက အံ့သြစွာ တချက် မော့ကြည့်လိုက်ယင်း...

"ဘာဖြစ်လို့လဲဆရာ"

"မသောက်သေးဘဲနဲ့တောင် ငါ့ခေါင်းတွေ ချာချာလည်နေလို့ကွ"

"အို... ဆရာကလည်း ဘာတွေများ ဒီလောက်တောင် တွေးနေလို့လဲမှ မသိတာ"

စွမ်းရီမင်းသည် အရက်ခွက်ကို ယူ၍ မော့ချလိုက်လေသည်။

ထို့နောက်...

သူသည် အစွာတပ်ထားသည့် မုတ်ဆိတ်ကြီးအား ဟန်ပါပါ နှင့် ပွတ်သပ်နေရင်းမှ...

"ကေးမူ..."

"ဗျာ..."

"မင်းကို ငါတခု မေးမယ်"

"မေးလေ ဆရာ"

"လူ့လောကမှာ သေသွားတဲ့ လူတယောက်ဟာ ပြန်ရှင်လာပါတယ်ဆိုရင် မင်းယုံမလား"

"ဗျာ... သေသွားတဲ့လူက ပြန်ရှင်လာတယ် ဟုတ်လား"

"ဟုတ်တယ်"

ကေးမူက သဘောကျစွာဖြင့် ရယ်မောလျက်မှ ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



တတွင်တွင် ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘာ ဆရာရယ်"

"ဖြစ်နိုင်လို့ ငါပြောနေတာ"

"ဆရာ အခုမှတခွက်ပဲ သောက်ရပါသေးတယ်နော်"

"ဘာလဲ မင်းက ငါမူးနေလို့ ဒီလိုပြောတယ် ထင်သလား"

"ဟုတ်ပါတယ်၊ အခုမှတခွက်ပဲ သောက်ရသေးတာပဲ၊ ဘယ်လိုလုပ်ပြီး မူးနိုင်ပါ့မလဲ"

"ငါပြောတာကို မင်းယုံသလား"

ကေးမူက ခေါင်းခါယမ်းရင်း...

"မယုံဘူး"

"အေး... ငါလည်း မယုံဘူး"

"ဗျာ..."

"မင်း မယုံသလို ငါလည်း မယုံဘူး"

"ဒါဖြင့်လဲ အဲဒီအကြောင်းကို ခေါင်းထဲ မထည့်နဲ့တော့ပေါ့ ဆရာရယ်"

စွမ်းရီမင်းသည် အရက်ခွက်ကို ထပ်မံ သောက်လိုက်ပြန်သည်။

ထို့နောက် သူသည် အခန်းတံခါးဝဆီသို့ သွားကာ တံခါးကို ဖွင့်၍ အပြင်ဘက်သို့ ကြည့်လိုက်သည်။

တစုံတယောက်သည် သူ၏စကားကို လာရောက် နားထောင်လေမလားဟု တွေးမိ၍ ဖြစ်ပေသည်။

သတိဆိုသည်မှာ ပိုသည် မရှိပါ။

သို့သော် မည်သူ့ကိုမျှ မတွေ့ရပါ။



ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် အိပ်မောကျနေပြီ ဖြစ်ပေသည်။

တည်းခိုခန်းကြီးတခုလုံး မီးရောင်ဟူ၍ စားသောက်ခန်းမကြီးနှင့် သူတို့၏ အိပ်ခန်းကလေးပင် လင်းလျက် ရှိပါသည်။

ကျန်သော အခန်းများမှာ မှောင်အတိ ဖုံးလွှမ်းနေ၏။

စွမ်းရီမင်းသည် တံခါးကို သေချာစွာ ပြန်ပိတ်လိုက်ပြီး သူ၏နေရာ၌ ပြန်ထိုင်ကာ ကေးမူအား ကြည့်လိုက်သည်။

"ငါက မယုံပေမယ့်၊ အခုလို မျက်စိနဲ့တပ်အပ် မြင်လာတော့ မယုံလို့ မရတော့ဘူးကွ"

"သူက ဘယ်သူမို့လဲ ဆရာ"

"နောက်တော့ မင်းသိပါလိမ့်မယ်၊ အခုနေတော့ မလောပါနဲ့အုံး၊ ပိုပြီး သေချာတဲ့ တနေ့ကျမှ ငါပြောပြမယ်"

"ကောင်းပါပြီ"

"ဒါထက် မင်းကို ငါတခု မေးပါရစေ၊ သေသေချာချာ ဖြေပါ..."

"ဘာလဲဆရာ"

"မင်း အဲဒီ ဥပဒေမဲ့နယ်မြေမှာ တသက်လုံး နေတော့မယ်လို့ စိတ်ကူးထားပြီးပြီလား"

"ကျွန်တော့်ဘဝဟာ အဲဒီလို နိုအောင်းပြီး မနေရင် မလွယ်ဘူးလေ ဆရာရယ်"

စွမ်းရီမင်းက ကေးမူအား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"မင်းက ပြည်မမှာ မနေရဲလောက်အောင် ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



အထိများ ပြစ်မှုတွေ ကျူးလွန်ခဲ့လို့လဲ"

ကေးမှုသည် သက်ပြင်းတချက်ကို ချလိုက်သည်။

"တကယ်တော့ ကျွန်တော်တို့သုံးယောက်ဟာ ဓားပြလဲ မတိုက်ခဲ့ပါဘူးဆရာ၊ လူသတ်တယ်ဆိုတာကလဲ ကျွန်တော်တို့ကို အခကြေးငွေပေးပြီး လာငှားမှသတ်ပေးတာပါ။ တခုတော့ရှိတာပေါ့ ဆရာရယ်၊ သတ်ရမယ့်လူကိုတော့ လူဆိုးလူကောင်း ခွဲခြားမနေ တော့ဘူးပေါ့၊ အခကြေးငွေသာပေးလို့ကတော့ ဘယ်သူ့ကိုမဆို သတ်ပေးတာပဲ"

စွမ်းရှိမင်းသည် ကေးမှုပြောပြသည်ကို နားထောင်ယင်း ခေါင်းတချက်ညိတ်လိုက်သည်။

"အင်း"

ကေးမှုက ဆက်ပြောပြန်သည်။

"အဲဒါကို ကြေးစားတွေ သောင်းကျန်းလွန်းတယ်ဆိုပြီး ဘုရင့်အာဏာသားတွေက ကျွန်တော်တို့ကို လိုက်ဖမ်းတာပါ"

စွမ်းရှိမင်းသည် အချိန်အတော်ကြာသည်အထိ တွေးတော နေယင်းမှ...

"ဒါဆို မင်းတို့ရဲ့ပြစ်မှုက သိပ်မကြီးလှပါဘူး၊ ကျွန်တော်တို့ နောက်နောင်လူမသတ်တော့ပါဘူးလို့ ဝန်ခံလိုက်လဲ ပြီးတာပါပဲကွာ"

"ကျွန်တော်လဲ သတိတရားရပါပြီ၊ ဒါပေမယ့် အချိန်နည်းနည်း စောင့်နေတာပါ"

သူတို့နှစ်ဦးသည် ကိုယ့်စိတ်ကူးနှင့်ကိုယ် အတန်ကြာ အောင်ပင် တိတ်ဆိတ်နေပြန်သည်။

အတော်ကြီးကြာမှ ကေးမှုက...



"ဒါထက်ဆရာ"

"ဘာပြောချင်သလဲ ကေးမှု၊ ပြောစရာရှိယင် ပြောပါ"

ကေးမှုက အမှန်ပင်သဘောမပေါက်ဟန်ဖြင့် ပြန်မေးလိုက် သည်။

"ဆရာ ခုနပြောတဲ့စကားထဲမှာ ဒီနယ်မြေမှာ တသက်လုံး နေမှာလားဆိုတာ ဘယ်လိုသဘောမျိုးလဲဆရာ၊ ဆရာတခုခုတော့ တွေးမိနေပြီဆိုတာ ထင်ရှားပါတယ်"

စွမ်းရှိမင်းက ကေးမှုသဘောပေါက်အောင် ရှင်းပြလိုက်၏။

"လူဆိုတာ မမှားတဲ့လူတော့ မရှိကြဘူးပေါ့ကွာ မဟုတ်ဘူး လား"

"ဟုတ်ပါတယ်"

"ဒါလဲမင်းလိုပဲပေါ့၊ မှားတာကတော့ မှားလာခဲ့ပြီ၊ အေး ရှေ့ကိုမမှားဖို့ပဲ အရေးကြီးတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီတော့ တို့တတွေဟာ တနေ့မှာ လမ်းမှန်ကိုပြန် ရောက်အောင် ကြိုးစားရလိမ့်မယ်"

"ကျွန်တော် ဆရာ့ဆန္ဒအတိုင်း လိုက်နာပါ့မယ်"

"အေး...ဒါဆို တို့မှာ လုပ်စရာတွေ အများကြီးရှိနေပြီကွ"

စွမ်းရှိမင်းက ထိုကဲ့သို့ပြောပြီး ကေးမှု၏မျက်နှာကို သေ ချာစွာ စူးစိုက်ကြည့်လိုက်သည်။

ကေးမှုသည် သောက်လက်စအရက်ခွက်ကို ကုန်စင်အောင် မော့ချ၍ ခွက်ကိုစားပွဲပေါ်သို့ ပြန်တင်ယင်းမှ...

"ဆရာသာပြောပါလေ၊ ကျွန်တော်နာခံဖို့ အသင့်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး..ကောင်းပြီ၊ ဒါဖြင့်တို့..."

စွမ်းရှိမင်းမှာ စကားကိုဆုံးအောင် မပြောလိုက်ရပါ၊ တပိုင်းတစဖြင့် ရပ်တန့်ထားလိုက်ရလေသည်။

အဘယ်ကြောင့်ဆိုသော်... သူတို့၏တည်းခိုခန်းနှင့် မနီးမဝေးမှ အော်သံများသည် တိုင်းပြည်ပျက်ခမန်းလိလိ ဆူညံစွာ ပေါ်ထွက်လာသောကြောင့်ပင်တည်း။

♣ ♣ ♣



အခန်း(၃၃)

## အကြံပိုင်သောလူ

သန်းခေါင်ကျော်အချိန်ကြီး...။

အော်သံကြောင့် ချန်အန်းမြို့တမြို့လုံး ပွက်လောရိုက်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော်... လူဆိုးသုံးဦးသည် ငွေတိုက် အစောင့်များအား သတ်ဖြတ်ကာ အတွင်းမှ ရွှေချောင်းနှင့် ငွေများကို လုယူသွားသောကြောင့်ပင်တည်း။

လူဆိုးများ လုယူသွားသည့် တန်ဖိုးမှာ ဆယ်သိန်းမျှခန့်ရှိသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ချမ်းအန်းမြို့တမြို့လုံးရှိအာဏာပိုင်တို့သည် မျက်ကလူးဆန်ပျာ ဖြစ်သွားပြီး လူဆိုးများအား ညတွင်းချင်းပင် ရှာဖွေစေကာ လိုက်လံဖမ်းဆီးလေတော့သည်။

လူဆိုးသုံးဦးကလည်း သိုင်းပညာ ထက်မြက်လှသည်။

သူတို့သည် ပြေးရင်းလွှားရင်းမှပင် လိုက်လာသော ရဲမက်များကို ပြန်လည်ခုခံ၍ တိုက်ခိုက်တော့၏။

ယင်းသို့ ပြေးရင်းလွှားရင်းနှင့် ပြန်လည်တိုက်ခိုက်ရင်းမှ ထွက်ပြေးကြပေရာ မြို့ပြင်သို့ပင် ရောက်ရှိလာခဲ့ကြပြီ ဖြစ်သည်။

သို့သော် ဘုရင့်ရဲမက်သားများသည် မလျှော့သော ဇွဲဖြင့် လိုက်လံတိုက်ခိုက်လျက်ရှိရာ လူဆိုးနှစ်ဦးအား အသေဖမ်းဆီးရမိသော်လည်း ခေါင်းဆောင်လုပ်သူမှာ ပစ္စည်းများနှင့်အတူ လွတ်မြောက်သွားလေတော့သည်။

ရဲမက်များသည် နှစ်ရက်လုံးလုံး ရှာဖွေဖမ်းဆီးပါသော်လည်း တောက တဖြည်းဖြည်းနက်လာသည်။

သူတို့ တောအတွင်းသို့ပင် ရောက်ရှိလာကြလေသည်။

ခေါင်းဆောင်လူဆိုးအား အရိပ်အရောင်မျှပင် မတွေ့ရတော့ပေ။

ထို့ကြောင့် ရဲမက်များက လက်လျှော့၍ ပြန်လှည့်သွားသောအခါ ကျောက်ဂူတခုအတွင်း၌ ပုန်းအောင်းနေသော လူဆိုးမှာ ဝင့်ကြွားစွာဖြင့် ပြုံးလိုက်၏။

တဖန် အသံကျယ်လောင်စွာဖြင့် ရယ်မောလိုက်တော့သည်။

"ဟား... ဟား... ဟား"



စင်စစ် ထိုခေါင်းဆောင်လူဆိုးသည် ရဲသုံးဖော်ထဲမှ အကြီးဆုံး အစ်ကိုကြီးဖုရန်းပင် ဖြစ်လေတော့သည်။

ဖုရန်းသည် ကျယ်လောင်စွာဖြင့် ရယ်မောလိုက်သည်။

ရယ်မောမည်ဆိုလျှင်လည်း ရယ်မောလောက်ပါ၏။

အဘယ်ကြောင့်ဆိုသော် ဤမျှ များပြားသော ရဲမက်များကို ခုခံတိုက်ခိုက်ရင်းမှ လွတ်မြောက်ပြေးလွှား နိုင်ခဲ့သည်မှာ တော်ရုံတန်ရုံ အခွင့်အရေးတရပ် မဟုတ်သောကြောင့် ဖြစ်သည်။

သူသည် အိတ်တလုံးနှင့် လွယ်ထားသော ရွှေချောင်းများနှင့် ငွေများကို တပ်မက်စွာဖြင့် ငေးကြည့်ရင်းမှ...

"ဟား... ဟား... ဟား... ဒီငွေတွေနဲ့ ရွှေတွေသာ မြင်ရင် ကြယ်သုံးလုံးက ငါ့ကို လူစွမ်းကောင်းအဖြစ် အသိအမှတ်ပြုပြီး ဥပဒေမဲ့နယ်မြေမှာ အုပ်ချုပ်ပိုင်းတနေရာ ဝင်ရဖို့တော့ သေချာနေပြီကွ... ဟား... ဟား... ဟား၊ ဒီအကြံကိုကြံတာ ငါကွ..."

ဖုရန်းသည် အရူးတယောက်ပမာ တဦးတည်း ရယ်မော၍ နေပေတော့၏။

ထို့နောက် သူကတယောက်တည်း ကြိမ်းဝါးလိုက်ပြန်၏။

"ငါ့လိုကောင်မျိုးကို ဘယ်သူက ဖမ်းနိုင်မှာလဲကွ ဟား... ဟား၊ ဖမ်းနိုင်ရင် ထွက်ခဲ့စမ်း..."

"ကျုပ်က ဖမ်းနိုင်ပါတယ်"

ထိုအသံနှင့်အတူ လူတဦးက သူ့ရှေ့သို့ ခုန်ချလိုက်ရာ ဖုရန်း၏မျက်နှာတခုလုံးမှာ စက္ကူဖြူတချပ်ကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် သူ့ရှေ့တွင် အလွန်အသက်ကြီးပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော အဘိုးအိုတဦးက ဆေးတံကြီးကို ကိုင်၍ ရပ်နေသောကြောင့်ပေတည်း။

ဖုရန်းသည် အဘိုးအိုအား အံ့အားသင့်စွာ ကြည့်လိုက်၏။

သူက မေးလိုက်သည်။

"အဘိုးကြီး ခင်ဗျားက ဘာရှုပ်အုံးမလို့လဲ၊ သေသွားချင်ပြီနဲ့ တူတယ်"

ဖုရန်းသည် ထိုသို့ ပြောပြီးသည်နှင့် သူ၏ဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက် သူသည် အဘိုးအို၏ရှေ့သို့ ခြေတလှမ်းတိုးကာ...

"အဘိုးကြီး၊ ခင်ဗျား ဘယ်သူလဲ"

အဘိုးအိုက သူ၏နှုတ်ခမ်းမွေးများ၊ မုတ်ဆိတ်မွေးများကြားမှ ဖြူဖွေးသော သွားများကို ပေါ်အောင် ရယ်လိုက်ပြီး ပြောသည်။

"မင်းကို စကားအဆန်းတခု ပြောမလို့ပါ"

ဖုရန်းသည် အဘိုးအိုအား မျက်မှောင်ကုပ်၍ ကြည့်ကာ...

"ဘာစကားအဆန်းလဲ၊ ခင်ဗျား ခပ်မြန်မြန် ထွက်သွားရင် ကောင်းမယ်"

"အို... နားထောင်ပါအုံးလေ၊ ကျုပ် ပြောချင်တာက ဓားပြတယောက် အလုခံလိုက်ရတဲ့အကြောင်းပါ"

ထိုကဲ့သို့ ပြောလိုက်သည်နှင့် ဖုရန်းသည် ရှေ့တွင် ချထားသော ငွေအိတ်ကို ဆတ်ကနဲ ဆွဲယူလိုက်မိသည်။

သို့သော် သူ့လက်က ငွေအိတ်ကို မထိလိုက်ပါ။



"တောက်"

ဟူသော အသံနှင့်အတူ သူ၏လက်သည် ထုံကျဉ်သွားပြီး ပြန်လည် ရုပ်လိုက်ရလေ၏။

အဘယ်ကြောင့်ဆိုသော် အဘိုးအို၏ဆေးတံက ငွေအိတ်ကို လှမ်းယူသည့် လက်အား ဆီး၍ ရိုက်ထုတ်လိုက်သောကြောင့် ဖြစ်သည်။

ဖုရန်းမှာ မျက်နှာကွက်ကနဲ ပျက်သွားပြီး၊ အဘိုးအို၏သိုင်းပညာမှာ အဆင့်မနိမ့်လှကြောင်း ချက်ချင်းတွေးလိုက်မိသည်။

ထို့ကြောင့် သူက လက်ဦးမှု အရယူကာ အဘိုးအိုအား သူ၏ဓားနှင့် ဝှေ့ယမ်းကာ တိုက်ခိုက်လေတော့၏။

အဘိုးအိုသည် ဖုရန်း၏ ငွေအိတ်ပေါ်သို့ ခြေတဖက်ကို လှမ်းတင်ထားရင်းမှ ဖုရန်း၏တိုက်ကွက်များအား သူ၏ဆေးတံနှင့် ပြန်လည်ခုခံနေ၏။

ဖုရန်း၏ဓားချက်များသည် အဘိုးအိုကို မည်သို့မျှ အန္တရာယ် မပေးနိုင်ဘဲ အချက်ပေါင်းများစွာ လွဲချော်သွားခဲ့ရသည်။

ကြာသော် အဘိုးအိုက ဖုရန်းကို ပြုံး၍ကြည့်ရင်း...

"ဟေ့ကောင် မင်းလွတ်ရာ ကျွတ်ရာ ထွက်သွားမလား၊ မသွားဘူးလား၊ ဒါပဲ ပြောကွာ"

ဖုရန်းမှာ နဖူးမှ ချွေးများ ကျနေသော်လည်း မျက်နှာမှာ ခက်ထန်မာကျော လွန်းလှသည်။

သူသည် ဓားကွက်တကွက်ကို ချက်ချင်းပြောင်းရင်း...

"ကျုပ်ရဲ့သုံးဖော်ရဲ့ ခေါင်းဆောင်ဆိုတာ ခင်ဗျား မကြားဖူးဘူးလား အဘိုးကြီး"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက သဘောကျစွာ ရယ်မောရင်း ပြောလိုက်လေ၏။

"ဘယ်နဲ့ ရဲသုံးဖော်က အခုတယောက်တည်းပဲ ရှိပါတော့လား"

ဖုရန်းသည် မျက်နှာကွက်ကနဲ ပျက်သွားတော့မြန်သည်။

"ကျုပ်ကို ခင်ဗျားက နိုင်မယ် အောင့်မေ့လို့လား အဘိုးကြီး"

"သိပ်ဒေါသမကြီးနဲ့လေ၊ ငါက လူမသတ်ချင်လို့ အခုလောက် ပြောနေတာ"

ဖုရန်းသည် မဲ့ပြုံးတချက် ပြုံးလိုက်၏။

"သြော်... ခင်ဗျားက ဒီလိုလား"

သူ၏ဓားကို စက်ဝိုင်းတခုကဲ့သို့ ဝှေ့ယမ်းလိုက်ပြီး အဘိုးအိုအား တရကြမ်း ဝင်ရောက်တိုက်သည်။

သူ၏ဓားချက်များသည် လျှင်မြန် သွက်လက်သလောက် ကြောက်မက်ဖွယ်လည်း ကောင်းမွန်လှသည်။

သို့ရာတွင် အဘိုးအိုကမူ အေးဆေးစွာပင် တိုက်ခိုက်နေ၏။

သိုင်းကွက်နှစ်ဆယ်ကျော်ခန့် တိုက်ခိုက်မိလျှင် ရုတ်တရက် အဘိုးအို၏ဆေးတံမှာ အဝေးသို့ လွင့်သွားတော့သည်။

အဘိုးအိုလည်း ရုတ်တရက် မျက်လုံး ပြူးသွားလေသည်။

"ဒီမှာ အဘိုးကြီး ခင်ဗျားစကားနဲ့ပဲ ပြန်ပြောမယ်၊ ကျုပ် လူမသတ်ချင်ဘူး ထွက်သွားစမ်း..."

အဘိုးအိုက မဲ့ပြုံးတချက် ပြုံးလိုက်လေ၏။

"သြော်... မင်းက ဒီလိုလား"



သူ့အတိုင်းပင် ပြန်မေးပြီး ဖုရန်းကို တိုက်ခိုက်ရန် သိုင်းကွက်တကွက် ပြင်လိုက်၏။

ဖုရန်းသည် ယခုတကြိမ်တွင် အဘိုးအိုကို ညှာမနေတော့ဘဲ မရဏဓားကွက်ဖြင့် အဘိုးအို၏လည်ပင်းကို ဖြတ်ချလိုက်တော့သည်။

အဘိုးအိုက ကိုယ်ကိုနှိမ့်ချလိုက်သည်နှင့် ဖုရန်း၏ဓားသည် သူ့ခေါင်းပေါ်မှ အရှိန်ပြင်းစွာ ကျော်ဖြတ်သွား၏။

တဆက်တည်းမှာပင် အဘိုးအိုက လက်နှစ်ဖက်ကို လျှပ်စီးလက်သလို လှုပ်ရှားလိုက်သည်။

"အား"

ဟူသော အသံတချက် ထွက်ပေါ်လာပြီး ဖုရန်းမှာ အဘိုးအိုအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကြည့်ရင်း ခွေလဲကျသွားတော့၏။

ထိုအခိုက် ချုံကွယ်မှ လူတဦးက ခုန်၍ ထွက်လာပြီး အဘိုးအိုအနီးတွင် ရပ်တန့်လိုက်သည်။

ဤတွင် ဓားတန်းလန်းနှင့် လဲကျနေသော ဖုရန်းသည် ထိုလူကို မြင်လိုက်သည်နှင့် အထိတ်တလန့် ဖြစ်ကာ ပြောလိုက်လေ၏။

"မင်း... မင်းကိုး"

ကေးမူက ခေါင်းညိတ်ပြပြီး...

"ဟုတ်ပါတယ်၊ ကျုပ်တို့ပါ စွမ်းရှိမင်း ဓားပြတိုက်ဖို့ ခြိုး စားနေတယ်ဆိုတာ ခင်ဗျား ယုံသွားပြီလား"

ဖုရန်းသည် တစုံတခု ပြောရန် ကြိုးစားနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပါးစပ်မှ ထွက်မလာမီ သူ၏ဇက်က ကျိုးကျသွားလေတော့သည်။

♣ ♣ ♣

စွမ်းရီမင်းနှင့် ကေးမူတို့သည် ဥပဒေမဲ့နယ်မြေမှ ထွက်သွားသည့်နေ့မှစ၍ ယခု ကြိုးတံတားစခန်းဆီသို့ ပြန်ရောက်လာသည့်နေ့အထိ တစ်လတိတိ ကြာပေသည်။

ကြိုးတံတားစခန်းဆီသို့ ပြန်ရောက်လာသည့် အချိန်မှာ ယခင်ကအတိုင်းပင် ညနေဘက် နေဝင်ချိန် ဖြစ်သည်။

ထို့ကြောင့် သူတို့နှစ်ဦးသည် ထိုညအဖို့ ဤနေရာ၌ပင် အိပ်စက်ကြရမည်ကို သိရှိထားပြီ ဖြစ်လေသည်။

ထိုနေရာသို့ ရောက်သည့်အခါ စွမ်းရီမင်းမှာ သူ၏လက်ချက်ဖြင့် သေဆုံးသွားသော ဖုရန်းအား သတိရမိသည်။

ဖုရန်းအား သတိရမိခြင်းနှင့်အတူ ဒုက္ခသည်မလေး ပိုကျူကိုလည်း ချက်ချင်းပြေး၍ သတိရမိတော့သည်။

"ပိုကျူတယောက် ဘယ်လိုများ နေပါလိမ့်"

ထို့အတူ ပိုကျူနှင့် ပတ်သက်ပြီး တချိန်တည်း သတိရလာသူမှာ ချိုလင်းစုပင် ဖြစ်တော့သည်။

သူသည် ချိုလင်းစုအား ခုတုံးလုပ်၍ ပိုကျူ၏ဘဝကို ကယ်ဆယ်ရန် စိတ်ကူးမိသော်လည်း တကယ့် လက်တွေ့တွင်မူ ထိုကဲ့သို့



ဖြစ်မလာချေ။

ချိုလင်းစုသည် တကယ်ပင် အပြစ်ကင်းစင်ဖြူး စိတ်သဘောထား ကောင်းလှသော မိန်းကလေးတဦး ဖြစ်မှန်း သိရှိလိုက်ရသောအခါ. စွမ်းရီမင်းသည် အသည်းမမာနိုင်တော့ပေ။

သူမအား နှမချင်းစာနာကာ သနားလာမိတော့သည်။

စွမ်းရီမင်းကိုယ်တိုင် လူကောင်းတဦး ဖြစ်နေသည် မဟုတ်ပါလော။

သနားရာမှအစ မေတ္တာစစ်မေတ္တာမှန်နှင့် ချစ်ခဲ့မိပြီး နောက်ဆုံး သမီးရည်းစားမက လင်မယားလည်း မကျသော ဘဝသို့ ရောက်ခဲ့လေရတော့သည်။

ဤအဖြစ်အပျက်များကိုသာ ပိုကျူတယောက် သိရှိပါက သူ့အား သစ္စာမဲ့သော လူတယောက်ဟူ၍ သဘောထားမည်မှာ မလွဲတော့ပေ။

"အဲဒီလိုတော့ မထင်လိုက်ပါနဲ့ ပိုကျူရယ်၊ မင်းဘဝလေး လွတ်မြောက်စေချင်လို့ ငါဟာ သူမျှားရဲ့ ရင်ထဲကို ဝင်လိုက်ရတာပါ။ ဒါပေမယ့် ငါဟာ နှမချင်းစာနာတဲ့ လူတယောက်မို့ သူ့အပေါ်ကိုလဲ ငါ သစ္စာမဖောက်ချင်တော့ဘူး ပိုကျူရယ်"

စွမ်းရီမင်းသည် သူ၏စိတ်ထဲမှ ထိုကဲ့သို့ ရေရွတ်နေမိတော့သည်။

သူသည် ယင်းသို့ တွေးတောအောက်မေ့ရင်းမှ တဲအတွင်းသို့ ဝင်ရောက်လာပေသည်။

သို့သော် တဲတခုလုံး တိတ်ဆိတ်နေသည်။

ယင်းစခန်း၏ အစောင့်များသည် မည်သည့်နေရာသို့ သွား

www.burmeseclassic.com

www.burmeseclassic.com



နေပါသနည်း။

ယခင် စခန်းမှူးပုရင်စီး သေဆုံးသွားပြီး မည်သူကို ထပ်မံ၍ ခန့်ထားသည်ကို စွမ်းရီမင်း မသိပါ။

စွမ်းရီမင်းနှင့် ကေးမူ တယောက်မျက်နှာတယောက် ကြည့်လိုက်မိပေသည်။

ထို့နောက် စွမ်းရီမင်းက အတွင်းစခန်းတခုထဲသို့ လှမ်းဝင်လိုက်သည့်အခါတွင် သူ၏မျက်လုံးအစုံ ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ယခင် စခန်းမှူးပုရင်စီး ထိုင်သည့်ကုလားထိုင်ပေါ်တွင် ခန့်ညားစွာ ထိုင်နေသူမှာ 'ပထမကြြယ်'ကိုယ်တိုင် ဖြစ်နေသောကြောင့်ပေတည်း။

စွမ်းရီမင်းက အံ့ဩနေစဉ်မှာပင် ပထမကြြယ်က ပြုံးရွှင်စွာနှုတ်ဆက်လိုက်လေသည်။

"မင်းကိစ္စ ချောချောမောမောပဲ မဟုတ်လားဟေ့"

စွမ်းရီမင်းက ကေးမူ၏မျက်နှာကို တချက်ကြည့်ကာ...

"ဟုတ်ကဲ့... ချောချောမောမောပါပဲ"

ပထမကြြယ်သည် ကိုယ်ရံတော်ဆယ်ဦးခန့်နှင့်အတူ ဤစခန်းမှ လာရောက်ကြိုဆိုနေသည်ကို စွမ်းရီမင်းမှာ လုံးဝ မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ထိုအခိုက် ပထမကြြယ်က...

"ကဲ... ကဲ... မင်း ဘယ်လောက် အောင်မြင်လာတယ်ဆိုတာကို ကြည့်ရအောင်"

သူက ထိုကဲ့သို့ ပြောပြီး လက်ဖြန့်ခံလိုက်လေသည်။



စွမ်းရီမင်းက သူ၏ပခုံးပေါ်တွင် ရွှေချောင်းများ ပါသည့်အိတ်ကို ပထမကြြယ်၏လက်ထဲသို့ အပ်လိုက်သည်။

ပထမကြြယ်သည် အိတ်ကို သေချာစွာ ဖွင့်ကြည့်လိုက်သည်။

ထိုအခါ ငွေများနှင့် ရွှေချောင်းများကို တွေ့ရသဖြင့် ဝမ်းသာရွှင်မြူးသွားသည်။

"မင်း ဒီလောက်အထိ တော်လိမ့်မယ်လို့ ငါ မမျှော်လင့်မိဘူးကွာ"

ပထမကြြယ်က ထိုကဲ့သို့ ချီးကျူးသလို ပြောလိုက်သောအခါ စွမ်းရီမင်းမှာ မရှိုပြုံးလေး ပြုံးလိုက်လေသည်။

ထို့နောက် သူက အလိုက်အထိုက် ပြန်၍ ပြောလိုက်လေသည်။

"ဟုတ်ကဲ့ အခုလို ပြောတာ ဝမ်းသာပါတယ်"

ပထမကြြယ်က ခေါင်းညိတ်ကာ...

"နောက်ပြီး မင်းကို ချီးကျူးစရာတွေ ရှိနေသေးတယ်"

"ဟုတ်လား ဘာများပါလိမ့်"

"ရဲသုံးဖော်ခေါင်းဆောင် ဖုရန်းကို သတ်ပြီး အခုလို ယူလာနိုင်တဲ့အတွက်ပေါ့"

ထိုစကားကို ကြားလိုက်ရသည်နှင့် စွမ်းရီမင်းမှာ ငယ်ထိပ်ကို မြွေပေါက်လိုက်သည့်အလား တုန်လှုပ်ချောက်ချားသွားလေတော့သည်။

သူသည် ပထမကြြယ်အား မျက်လုံးပြူး၍ ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကေးမှုအား သူက ကြည့်လိုက်ရာ ကေးမှု၏ မျက်နှာမှာ သွေးမရှိတော့သကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည်။

"ဘယ်လိုလဲကွ စွမ်းရီမင်းရဲ့၊ ငါပြောတာ မှားနေသေးလို့လား"

စွမ်းရီမင်းမှာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေပေသည်။

သူဘာပြောရမည်နည်း။

သူနှင့် ကေးမှု နှစ်ဦးတည်းသာ သိသော ကိစ္စတစ်ခုသည် ယခု အဘယ်ကြောင့် ပထမကြြယ်က သိရှိနေပါသနည်း။

စွမ်းရီမင်း၏စိတ်ထဲတွင် ကေးမှုကိုပင် မယုံသကဲ့သို့ ဖြစ်လာမိတော့သည်။

ကေးမှု သူလျှို ဖြစ်လေသလော။

သူသည် ခရီးလမ်းတလျှောက်လုံး တဘက်လှည့်နှင့် ပထမကြယ်အား သတင်းပေးပို့နေသလော။

ဤကဲ့သို့လည်း မဖြစ်နိုင်ပါ။

ကေးမှု၏ရိုးသားသော စကားများနှင့် ရိုးသားသော မျက်နှာသည် အထင်းသား ပေါ်လွင်လျက် ရှိခဲ့သည် မဟုတ်ပါလား။

ဤသို့ဆိုလျှင်...

စွမ်းရီမင်းမှာ မတွေးတတ်အောင်ပင် ရှိနေ၏။

သူ့ဦးခေါင်းများ ချာချာလည်သကဲ့သို့ ဖြစ်လာသည်။

ထိုစဉ် ပထမကြယ်က...

"ဘာလဲ... မင်းက ငါ့စကားကို သိပ်အံ့ဩနေသလား"

စွမ်းရီမင်းက သူ၏ပါးစပ်ကို ပိတ်ထားသည်။



မည်ကဲ့သို့ ပြန်လည်ချေပရမည်ကိုလည်း စဉ်းစားတွေးတောနေပုံရ၏။

"မင်း ဘာမှ စဉ်းစားမနေနဲ့၊ ရဲသုံးဖော်က အာမခံငွေတိုက်မှာ ဓားပြသွားတိုက်တယ်၊ သူတို့ကို အာဏာသားတွေက လိုက်ဖမ်းလို့ နှစ်ယောက်သေပြီး၊ ဖုရန်းတယောက်ထဲပဲ လွတ်တယ်၊ ကဲ... မင်းက ဖုရန်းကို သတ်ပြီး တဆင့် လုလာတယ်ဆိုတာ ငြင်းအုံးမလို့လား"

စွမ်းရီမင်းသည် အံ့ဩသည်ကို မျိုသိပ်ထားလိုက်သည်။

သူသည် ခပ်ပြောင်ပြောင်ပင် ခေါင်းယမ်းပြလိုက်သည်။

"ဟုတ်တယ်... ကျုပ် မငြင်းပါဘူး၊ ဒါပေမယ့် ဒီငွေတွေဟာ အခု ခင်ဗျားတို့လက်ထဲ ရောက်အောင် ကျွန်တော် ယူလာခဲ့ပြီ မဟုတ်လား၊ ဘာလိုသေးလဲ"

ပထမကြယ်က ခပ်ပြုံးပြုံးဖြင့် ခေါင်းညိတ်လိုက်ပြီး...

"အင်း... မင်းပြောတာ မဆိုးပါဘူး၊ မင်းရဲ့ စိတ်ကူးတွေကလဲ အတော့်ကို ကောင်းတာပဲ၊ နောက်ပြီး မင်း အပြောကောင်းတယ်"

"ဟုတ်ကဲ့... ကျွန်တော့်ကို အခုလို ချီးကျူးတဲ့အတွက် ဂုဏ်ယူပါတယ်"

"ဒါထက် ဂုဏ်ယူဖို့ကောင်းတဲ့ အချက်တွေလဲ ရှိသေးတယ်"

"ပြောပါအုံး"

သူက မခန့်လေးစားသလို ပြန်လှန်၍ ပြောဆိုနေပေရာ ပထမကြယ်မှာ ဒေါသပိုမို ထွက်နေပေသည်။

သူ၏အသားများသည် ဒေါသကြောင့် တဆတ်ဆတ် တုန်နေသည်ဟုပင် စွမ်းရီမင်းက ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သွားတဲ့ ခရီးတလျှောက်မှာ ငါဟာ အရိပ်လို ပါနေတယ်ဆိုတာကော မင်း သတိထားမိရဲ့လား"

စွမ်းရှိမင်းမှာ စိတ်ထဲတွင် အတော်ပင် အံ့သြချီးကျူးနေမိသော်လည်း သူ၏မျက်နှာတွင် မပေါ်လွင်အောင် ကြိုးစား၍ ထိန်းသိမ်းလိုက်သည်။

"ဟုတ်လား... အခုလို ကျွန်တော်တို့ကို လိုက်လံစောင့်ရှောက်တာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ချည်းဆိုရင် မလွယ်ဘူးလေ..."

"ဟေ့ကောင် မင်းရဲ့စကားကို ရပ်ထားလိုက်ပါ"

ပထမကြယ်သည် ဒေါသဖြင့် ထ၍ အော်လေတော့သည်။

"ဟုတ်ကဲ့... ကျုပ် ဘာမှ ထပ်မပြောပါဘူး"

စွမ်းရှိမင်းသည် ထိုကဲ့သို့ ပြောပြီးသည်နှင့် သူ၏ပါးစပ်ကို အမှန်ပင် ပိတ်ထားလိုက်လေတော့၏။

သူ့အဖို့ သိပ်မလွယ်ကူမှန်းလဲ သိလာသည်။

ထို့ကြောင့် သူက ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်မိလေသည်။

ထိုအခါ သူ၏စိတ်များသည် တုန်လှုပ်ချောက်ချားသကဲ့သို့ ဖြစ်သွားလေတော့သည်။

အကြောင်းမှာ...

တဲကလေး၏အပြင်ဘက်တွင် လက်နက်မျိုးစုံကို ကိုင်၍ စောင့်ကြပ်နေသော အစောင့်များစွာကို တွေ့ရှိလိုက်ရသောကြောင့်တည်း။

ကေးမှုသည်လည်း ထိုအချင်းအရာကို ကောင်းစွာ တွေ့မြင်



ပြီးဟန်တူသည်။

ထို့ကြောင့် သူ့မျက်နှာမှာ သွေးမရှိတော့ခြင်းပင် ဖြစ်လေသည်။

ပထမကြယ်သည် စွမ်းရှိမင်း၏မျက်နှာကို သေချာစွာ စူးစိုက်ကြည့်လျက်မှ...

"မင်းဘာကောင်ဆိုတာ မင်းဟာမင်း ပြောမှာလား၊ ငါက ပြောရမှာလား"

စွမ်းရှိမင်းက ပါးစပ်ပိတ်ထားလေသည်။

"ဟေ့ကောင်... ငါမေးနေတယ်လေ"

စွမ်းရှိမင်းသည် တုတ်တုတ်မျှမလှုပ်။

"ငါမေးနေတာ မကြားဘူးလားကွ"

စွမ်းရှိမင်းက သူ့အား ပြုံးကြောင်ကြောင် ပြန်ကြည့်ကာ...

"ကျုပ်ကို မေးနေတာလား"

"ဟုတ်တယ်... ဟုတ်တယ်... မင်းကို မေးနေတာ"

"စောစောက ခင်ဗျားက ပြောတော့ ကျုပ် ပါးစပ်ပိတ်ထားပါဆို"

"အေး... ငါမေးတာက လွဲပြီး၊ မင်းဘာမှ မပြောနဲ့"

စွမ်းရှိမင်းသည် ပထမကြယ်အား စူးစူးဝါးဝါး တချက်ကြည့်ကာ တိုက်ခိုက်ချင်သောစိတ်က ပြင်းထန်လာသော်လည်း သူတို့၏အင်အားက အတော်များပြားနေသဖြင့် အသာငြိမ် အကြံထုတ်နေသည်။

သူက ကေးမှုကို မသိမသာ ကြည့်လိုက်မိသည်။

ကေးမှုသည် သူ၏အရိပ်အခြေကို ကြည့်နေမှန်း သိလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

တို့ကြောင့် သူက ကေးမူအား အသာအယာ ပြုံးပြလိုက်သည်။

"မင်းဒီနယ်မြေကို ဘာရည်ရွယ်ချက်နဲ့ လာတယ်ဆိုတာ ငါသိပြီးပြီ"

"ဒါဖြင့်လဲ ပြီးတာပဲ"

"မင်းက မြို့စားကြီးနဲ့ တိုင်ပင်ပြီး ဒီကို ရောက်လာတာ မဟုတ်လား"

စွမ်းရှိမင်းသည် ဘာမှ ပြန်မပြော၊ တုံ့ဏှိဘာဝေ လုပ်နေ၏။

စိတ်ထဲတွင်တော့ သူ၏အခြေအနေမှာ လုံးဝ မလွယ်ကူတော့မှန်း သိလိုက်ပေပြီ။

ပထမကြြယ်သည် သူ့အား လုံးဝညှာတာတော့မည် မဟုတ်သည်ကို သိထားပြီး ဖြစ်သည်။

သူ့မှာ နည်းလမ်းတခုသာ ရှိပေတော့သည်။

အခြား မဟုတ်ပါ။

ပထမကြြယ်အား တိုက်ခိုက်၍ ထိုးထွက်နိုင်ရန်ပင် ဖြစ်တော့သည်။

"ဟေ့ကောင် စွမ်းရှိမင်း၊ မင်း ဘာငြင်းသေးသလဲ"

"ခင်ဗျားဟာ ခင်ဗျား ပြောချင်ရာတွေ လျှောက်ပြောနေတာပဲ၊ ကျုပ် ဘာမှ မသိဘူး"

"ဪ... မင်းက ဒီလိုလား"

ပထမကြြယ်သည် ယင်းသို့ ပြောပြီးသည်နှင့် သူ၏ကိုယ်ရံတော်များအား အချက်ပြလိုက်လေရာ...



ကိုယ်ရံတော်ဆယ်ဦးသည် ဓားကိုယ်စီဖြင့် စွမ်းရှိမင်းတို့နှစ်ဦးအား ဝိုင်းရံလိုက်တော့သည်။

စွမ်းရှိမင်းနှင့် ကေးမူသည် ကျောချင်းကပ် ရပ်လိုက်သည်။

ထိုစဉ် စွမ်းရှိမင်းက လေသံတိုးတိုးဖြင့် သတိပေးလိုက်လေသည်။

"သတိထားတိုက်၊ အခွင့်အရေးရတာနဲ့ ဖောက်ထွက်မယ်"

ကေးမူက နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြသည်။

ထို့နောက် သူတို့နှစ်ဦးသည် တရစပ် ဝင်လာသော ဓားများကို သွက်လက်စွာဖြင့် ခုခံကာကွယ်ရလေတော့၏။

ကျဉ်းမြောင်းလှသော တဲအိမ်အတွင်းဝယ်၊ တခဏချင်းပင် တိုက်ခိုက်သံများက လွှမ်းမိုးသွားတော့၏။

ကိုယ်ရံတော်ဆယ်ဦးသည် သဲသဲမဲမဲပင် တိုက်ခိုက်နေ၏။

စွမ်းရှိမင်းမှာ တိုက်ခိုက်ခုခံနေရင်းမှ သူ့အတွက်ကိုပင် သိပ်ပြီး မစိုးရိမ်ဘဲ ကေးမူကိုသာ မကြာခဏ လှည့်ကြည့်နေမိ၏။

သို့သော် ကေးမူ၏ လက်နက်မဲ့သိုင်းပညာမှာ မခေလှပါ။

သူသည် သွက်သွက်လက်လက်နှင့် ပြန်လည် ခုခံနိုင်သည်ကို တွေ့မြင်ရသောအခါ စွမ်းရှိမင်းမှာ စိတ်အေးသွားရသည်။

စွမ်းရှိမင်း၏စိတ်ထဲတွင် ဤသို့ ဆင်ခြင်မိလာသည်။

ဒီလောက် လူများများနှင့် သူတို့ ကြာရှည်စွာ မတိုက်ခိုက်သင့်ပေ။

ရေရှည်မှာ သူတို့သာလျှင် ခံရမည်ကို သဘောပေါက်လာသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှိသမျှအားကို စုစည်းကာ သဲသဲမဲမဲ ဝင်၍ ခုခံလိုက်တော့၏။

သူ့အစွမ်းကို အားကုန်ထုတ်တော့၏။

ထိုအခါ...

"ဂုန်း..."

"ဘုန်း..."

ဟူသော အသံများနှင့်အတူ ကိုယ်ရံတော်အချို့မှာ တဲ၏အပြင်ဘက်သို့ လွင့်ထွက်ကုန်တော့သည်။

ပထမကြြယ်မှာ မျက်လုံးပြူးသွားလေ၏။

သူ၏ကိုယ်ရံတော်များအား ကြက်ကလေး၊ ငှက်ကလေးများပမာ ပစ်လွှင့်နေသည်မှာ စွမ်းရှိမင်း၏ပညာကို အထင်မသေးရဲအောင်ပင် ရှိနေပေတော့သည်။

ထိုအခါ သူသည် ဓားကို ဆွဲထုတ်ကာ တိုက်ပွဲအတွင်းသို့ ဝင်လာလေ၏။

**စွမ်းရှိမင်းမှာ** ပထမကြယ်ကိုယ်တိုင် ဝင်တိုက်လာသဖြင့် ရုတ်တရက် **စိုးရိမ်ထိတ်လန့်**သွားတော့သည်။

အဘယ်ကြောင့်ဆိုသော်... ကြယ်သုံးလုံးအနက် ပထမကြယ်မှာ ပညာအထူးချွန်ဆုံး ဖြစ်သည်ဟု ကြားဖူးထားသောကြောင့်ပင်...။

ယခု ပထမကြယ်သည် သူ၏ အပြားကြီးမားလှသည့် ဓားကြီးကို ဝှေ့ကာဝှေ့ကာ ဝင်လာလေသည်။

လေကို ဓားတိုးသံက တဝီးဝီး မြည်လာ၏။

ထိုအခါ စွမ်းရှိမင်းမှာ ပိုမို၍ သတိထားကာ ပထမကြယ်



အား အမိကထား၍ တိုက်ခိုက်တော့သည်။

စွမ်းရှိမင်းသည် ရန်သူတဦးထံမှ ဓားတလက်ကို ရရှိသွားသောအခါ သူ့အဖို့လည်း တအား တက်လာတော့သည်။

သူသည် စိုးရိမ်စွာဖြင့် ကေးမှုကို လှမ်းကြည့်လိုက်သည်။

သို့သော်...

သူက အလွန်ပင် တွေနပ်သွားသည်။

အဘယ်ကြောင့်ဆိုသော်...

ကေးမှုသည် သူ၏လက်ထဲသို့ **လုံရှည်ကြီးတချောင်း** ရရှိနေသောကြောင့်တည်း။

ထိုလုံရှည်ကြီးနှင့် သူသည် လူသုံးဦးကို လုံသိပ်ထားနိုင်ပြီဖြစ်သောကြောင့်ပင်။

ကေးမှု၏ လုံသိုင်းပညာမှာ အံ့မခန်းစရာပင် ဖြစ်နေ၏။

ဤအတိုင်းဆိုလျှင်...

သူတို့၏ အခြေအနေမှာ သိပ်ပြီး ဆိုးဆိုးဝါးဝါး မရှိလှဟု စွမ်းရှိမင်းက ထင်သည်။

ထိုစဉ်မှာပင် သူ၏လက်ချက်ကြောင့် ရန်သူတဦး ကျဆုံးသွားလေရာ ပထမကြယ်သည် အနည်းငယ် တုံ့ဆိုင်းသွားလေတော့သည်။

တဲရှေ့မှ သိုင်းသမားတချို့က တဲအတွင်းသို့ ပြန်ခုန်ဝင်လာကြန်၏။

ထိုအခါ ကျဉ်းမြောင်းသော တိုက်ကွက်ထဲတွင် ပိတ်မိနေသည်ကို စွမ်းရှိမင်းက စိုးရိမ်လာလေသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူသည် တဲ၏ထရံအား တအားကြုံး၍ ကန်ထည့်လိုက်လေတော့၏။

"ဝုန်း..."

ထိုအသံနှင့်အတူ ထရံတချပ်မှာ ပွင့်ထွက်သွားသည်။

တိုက်ကွင်းတိုက်ကွက်သည် အနည်းငယ် ကျယ်ပြန့်သွားသည်ဟု ထင်လိုက်ရသည်။

ထိုအချင်းအရာကို ကေးမှုကလည်း ရိပ်မိလိုက်သည်။

စွမ်းရိမင်းသည် ထွက်လမ်းကို ဖွင့်လိုက်သည်ဟု သူလည်းထင်ထား၏။

သူထင်ထားသည့်အတိုင်းပင် စွမ်းရိမင်းသည် ပွင့်သွားသော ထရံဘက်သို့ ခုန်၍ဆုတ်ကာ တိုက်ခိုက်**စခံနေပေသည်။**

ကေးမှုကလည်း လိမ္မာပါးနပ်သူတဦး **ဖြစ်သည်။**

သူလည်း စွမ်းရိမင်းနှင့် ရင်ဘောင်**တန်းမြမ်းအောင်** ဖြည်းဖြည်းချင်း နေရာယူလိုက်ပေသည်။

ယင်းအခိုက်... ပွင့်သွားသော ထရံဘ**က်မှ သိုင်း**သမားအချို့က ပြေးဝင်လာပေရာ၊ စွမ်းရိမင်းသည် ကေး**မှုအား** အချက်ပြကာ ကိုယ်ဖော့ပညာကို အသုံးပြုကာ ထိုလူများ၏ ခေါင်းပေါ်မှ လျှပ်ပြက် ခုန်လွှားလိုက်သည်။

စွမ်းရိမင်းတို့နှစ်ဦးမှာ သိုင်းသမားများ၏ ခေါင်းပေါ်မှ ကန် လေတိုးသံနှင့်အတူ ကျော်လွှားသွားပြီး သူတို့၏နောက်ဘက်သို့ သွားရောက်ကျလေတော့သည်။

ပထမကြြယ်၏ ကိုယ်ရံတော်သိုင်းသမားအချို့မှာ အံ့အားသင့်သွားကြသည်။



စွမ်းရိမင်းတို့သည် သိုင်းပညာ ထူးချွန်သူများ ဖြစ်သည်တကား။

အထူးသဖြင့်...

ပထမကြြယ်၏မျက်လုံးမှာ ပြူးကျယ်သွားတော့သည်။

စွမ်းရိမင်းနှင့် ကေးမှုတို့သည် ဤ**မျှအထိ ကိုယ်ဖော့**ပညာ အဆင့်မြင့်ကြလိမ့်မည်ဟု လုံးဝ မထင်ထားသောကြောင့်ပင် ဖြစ်သည်။

ယခုဆိုလျှင် စွမ်းရိမင်းနှင့် ကေးမှုသည် သူတို့ ဝိုင်းထားသော တဲ၏အပြင်သို့ **ရောက်ရှိသွားသဖြင့်** ပထမကြြယ်မှာ စွမ်းရိမင်း လွတ်မြောက်**သွားမည်ကို ရိပ်မိသွား**တော့သည်။

**ထို့ကြောင့်...**

သူက **သံကုန်ဟစ်၍** အော်လိုက်လေသည်။

"ဟေ့... ခပ်မြန်မြန် ဝိုင်းထားလိုက်၊ မလွတ်စေနဲ့"

ပထမကြြယ်က အော်ဟစ်နေသော်လည်း နောက်ကျသွား ဖြစ်ပေသည်။

စွမ်းရိမင်းသည် လူနုံလူအတဦး မဟုတ်ပါ။

သူသည် အပြင်သို့ ရောက်ရှိသည်နှင့် ကေးမှုအား အချက်ပြကာ တဲနှင့် ခပ်လှမ်းလှမ်းနေရာသို့ ရောက်အောင် ပြေးလွှားလိုက်လေတော့သည်။

ထိုအခါ... ပထမကြြယ်၏ လူများမှာ ကစင့်ကလျား အနေထားသို့ ရောက်ရှိသွား**တော့သည်။**

စွမ်းရိမင်းနှင့် **ကေးမှုသည် ခပ်ခွာခွာ**ကလေး ခွဲ၍ ထွက်ပြေးသောအခါ လိုက်သူများမှာလည်း **နှစ်စု**ကွဲသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

စွမ်းရီမင်းတို့၏နောက်သို့ လိုက်သည့်သူများမှာ ရဲရဲတင်

လေ

း မလိုက်ဝံ့တော့ပေ။

အဘယ်ကြောင့်ဆိုသော်… စွမ်းရီမင်းနှင့် ကေးမူသည် သူ

တို့ ဘက်တော်သားများကို တယောက်ပြီးတယောက် မြေပေါ်တွ

လှဲသိပ်ခဲ့သည်မှာ ယခုဆိုလျှင် သူတို့ဘက်မှ သေဆုံးသူများ မနည်

တော့ပေ။

ထို့ကြောင့်…

သူတို့သည် တရကြမ်း လိုက်လံတိုက်ခိုက်ခြင်းမှ ရပ်တန့်

လိုက်ရသည်။

ထိုအခါ… စွမ်းရီမင်းနှင့် ကေးမူသည် တောထဲ၌ ပျော

ခြင်းမလှ ပျောက်ကွယ်သွားလေတော့သည်။

ပထမကြယ်၏ မကျေနပ်သံသည် ကျယ်လောင်စွာ ထ

ထွက်လာသည်။

"မင်းတို့ ဒီအနီးအနားတဝိုက် တွေ့အောင် ရှာကြ၊ တွေ့

တာနဲ့ အသေသာ သတ်ပစ်လိုက်၊ နောက်ပြီး မင်းကို့တတွေ ဒီမှာ

စခန်းချနေကြ၊ ဘယ်သူမှ အနားမကပ်စေနဲ့ ကြားလား"

ကြယ်တလုံး၏ ဘက်တော်သားများမှာ သေမင်းနှင့်

ဆိုင်ရသကဲ့သို့ သူတို့ တယောက်ပြီးတယောက် သေနေသဖြင့် စွ

ရီမင်းတို့နောက် မလိုက်လိုကြတော့ချေ။

♣ ♣ ♣



အခန်း(၃၄)

## စိတ်ထားကောင်း

ဥပဒေမဲ့ နယ်မြေတခုလုံးသည် ဘာမှမဖြစ်သကဲ့သို့ အိပ်မောကျနေ၏။

နယ်မြေတခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့သော်…

ကြယ်သုံးလုံး၏ စည်းဝေးခန်းမကြီးမှာ မီးများ ထိန်ထိန်လင်းလျက်ပင် ရှိနေသည်။

ကြိုတံတား၏ အပြင်ဘက်တွင် ဖြစ်ပွားခဲ့သော ကိစ္စများသည် ဥပဒေမဲ့နယ်မြေတခုလုံး မည်သူကမှ သိရှိလိုက်ခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စအား သိရှိသူမှာ…

စနေဂြိုဟ်နှင့် ကြယ်သုံးလုံး အပါအဝင် သူတို့၏ လူယုံတော် ထိပ်တန်းသိုင်းသမားများပင် ဖြစ်သည်။

ယခု…

ကြယ်သုံးလုံးနှင့် စနေဂြိုဟ်သည် ကိစ္စတရပ်အတွက် အရေးတကြီး ဆွေးနွေးမှုများ ပြုလုပ်နေကြပြီ ဖြစ်ပေသည်။

အားလုံး ခေါင်းချင်း ရိုက်နေကြလေပြီ။

စနေဂြိုဟ်သည် လက်နှစ်ဖက်ကို နောက်ပစ်၍ ကြယ်သုံးလုံး၏ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

ထို့နောက်…

သူသည် ရုတ်တရက် ရပ်တန့်ကာ ပထမကြယ်အား ကြည့်လိုက်လေသည်။

"မင်းပြောတဲ့စကားတွေက ဖြစ်နိုင်ရဲ့လား ပထမကြယ်ရဲ့"

ပထမကြယ်က ခေါင်းညိတ်ပြလိုက်လေသည်။

"ကျွန်တော် သေသေချာချာ စုံစမ်းခဲ့တာပါ ဆရာကြီး"

"ဒါဖြင့် သူဟာမြို့စားကြီးဝမ်ကြည်ဖုန်းကို ဓားနဲ့ထိုးပြီး ပြေးလာခဲ့တယ်ဆိုတာ လုပ်ကြံတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ မြို့စားကြီးဟာ သူ့ကိုယ်သူ ဓားနဲ့ထိုးခံရဟန်ဆောင်ပြီး သမားတော်တဦးအိမ်မှာ ပုန်းခိုနေပါတယ်၊ ဒီအခါမှာ ဂေဟာမှူးကြီးဂူယီက စွမ်းရီမင်းကို ဝရမ်းထုတ်ပြီး ဖမ်းဆိုင်းတဲ့အသွင်ဆောင်ပါတယ်"

"အင်း…ဆက်စမ်းပါအုံး"

"အဲဒီအခါမှာ စွမ်းရီမင်းဟာ သူ့ကိုယ်သူ ဝရမ်းပြေးဟန်



ဆောင်ပြီး ဒီနယ်မြေကိုစုံစမ်းဖို့ ရောက်လာတာပါ"

စနေဂြိုဟ်က အာရုံစိုက်နားထောင်နေပြီး ခေါင်းကို ဆတ်ဆတ်ညိတ်လိုက်သည်။

"အင်း..သူတို့ရဲ့အကြံအစည်က မဆိုးလှပါဘူး၊ ဒါထက် အခုကိစ္စကကော ပြောစမ်းပါအုံး"

ပထမကြယ်က…

"အခုကိစ္စမှာလဲ ကျွန်တော် သူ့အရိပ်အကဲကို ထပ်ကြပ်မကွာ လိုက်ပြီးစုံစမ်းခဲ့ပါတယ်"

"အင်း"

ပထမကြယ်က ဆက်ပြောပြန်သည်။

"စွမ်းရီမင်းဟာ လုံးဝဓားပြမတိုက်ခဲ့ပါဘူး၊ ရဲသုံးဖော်က ဘဏ္ဍာတော်တိုက်ကို ဖောက်ထွင်းပြီး ဓားပြတိုက်ခဲ့ပါတယ်၊ ဒါပေမယ့် ရဲမက်တွေလိုက်တိုက်လို့ ရဲသုံးဖော်ထဲက ဖုရန်းတယောက်ပဲ ပစ္စည်းတွေနဲ့အတူ လွတ်မြောက်သွားခဲ့ပါတယ်"

ပထမကြယ်က စကားကိုဆက်၍ စနေဂြိုဟ်ကို တချက်ကြည့်လိုက်သည်။

ထို့နောက်….

သူက ဆက်ပြောပြန်သည်။

"အဲဒီလိုလွတ်လာတဲ့ ဖုရန်းကို သူကအဘိုးအိုယောင်ဆောင်ပြီး လမ်းကဖြတ်တိုက်ခဲ့ပါတယ်၊ ဖုရန်းလည်း သူ့လက်ချက်နဲ့ သေဆုံးသွားရပါတယ်၊ အဲဒါက ခေါင်းတုံးပေါ် ထိပ်ကွတ်တာပါ"

ထိုအခါ ဒုတိယကြယ်က ဝင်၍ပြောလေသည်။

"ခင်ဗျားအခုလို လုပ်ခဲ့ပုံနဲ့ဆိုယင် ဒီရန်စဟာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို ခင်ဗျားကအသေမသတ်နိုင်တဲ့အတွက် သူဟာ ဒီနေရာကို တနေ့နေ့လာပြီး ဒုက္ခပေးအုံးမှာပဲ"

ပထမကြယ်သည် ဒုတိယကြယ်အား မကျေနပ်သလိုပြန်ကြည့်ကာ...

"လာရဲရင်လာစမ်းပါစေ၊ ကျုပ် ဟိုဘက်ကမ်းမှာ အစောင့်တွေအများကြီး ချထားတယ်၊ သူတို့တပ်လုံးပျောက်သွားမယ်"

ဒုတိယကြယ်က...

"ခင်ဗျားအစောင့်တွေက ဘယ်လောက်များ ခုခံနိုင်မှာမို့လဲ"

"ဒီမှာ ကျုပ်လူတွေအားလုံး သေသွားသည့်တိုင်အောင် ဘယ်လိုလူမျိုးက ဒီဘက်ကမ်းကိုရောက်အောင် ကူးလာနိုင်မှာမို့လဲ"

စနေဂြိုဟ်က ပထမကြယ်အားကြည့်ကာ...

"မင်းတို့ အဲဒီကောင်တွေဆီက ငွေနဲ့ရွှေချောင်းတွေ အကုန်ရလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ရပါတယ်ဆရာကြီး"

"ကောင်းပြီလေ၊ ဟိုဘက်ကမ်းမှာသာ အစောင့်များများချထားပါ။ တို့လဲ ဒီကိစ္စတွေကို ပြီးနိုင်သမျှ မြန်မြန်ပြီးအောင် လုပ်ကြတာပေါ့ကွာ"

ပထမကြယ်က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ဆရာကြီး"

စနေဂြိုဟ်သည် အခန်းတွင်းမှ ထွက်ခွာသွားလေတော့၏။

စနေဂြိုဟ်ပြန်သွားသောအခါ ကြယ်သုံးလုံးသာ ကျန်ခဲ့လေသည်။



ဒုတိယကြယ်က ပထမကြယ်အား...

"ခင်ဗျားတို့ တိုက်ပွဲဖြစ်တာ ကျုပ်တို့ဘက်က ဘယ်နှစ်ယောက်လောက် ကျဆုံးသွားသလဲ"

ပထမကြယ်က အနည်းငယ်စဉ်းစား၍ ပြောသည်။

"အားလုံးဆယ်ယောက်လောက်တော့ သေမယ်နဲ့တူတယ်"

ဒုတိယကြယ်မှာ မျက်လုံးပြူးသွားသည်။

"ဆယ်ယောက်တောင် ဟုတ်လား၊ ဒါတောင် ဒီကောင်နှစ်ကောင်လုံး နည်းနည်းမှ ဒဏ်ရာရမသွားဘူးလား"

"ကျုပ်လဲ ဒီကောင့်ကို နည်းနည်းလျှော့တွက်မိလိုက်တယ်"

ပထမကြယ်က ဝန်ခံလိုက်၏။

တတိယကြယ်က...

"ဒီကောင်နှစ်ကောင် အဲဒီအစောင့်တွေကိုထပ်ပြီး မတိုက်ခိုက်ဘူးလို့ကော ပြောနိုင်မလား"

ပထမကြယ်က ဆတ်ကနဲ လှည့်ကြည့်လိုက်ပြီး...

"ခင်ဗျားကို ကျုပ်မေးပါရစေ"

"ဘာမေးမှာလဲ"

"ခင်ဗျားပြောသလို ဒီကောင်နှစ်ကောင်က အစောင့်တွေကို အကုန်လုံး သတ်ပစ်လိုက်သည့်တိုင်အောင် ဒီဘက်ကမ်းကိုရောက်အောင် ဘယ်လိုလုပ်ပြီး လာနိုင်အုံးမှာလဲ"

တတိယကြယ်က ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ဒီလိုလဲ မတွက်နဲ့လေ၊ အခုအတိုင်းဆိုယင် ဒီကောင်ဟာ သိပ်ပြီးကြောက်စရာ ကောင်းနေတယ်ဆိုတာ ခင်ဗျားရိပ်စားမိရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာကို ကျုပ်ထောက်ခံပါတယ်၊ ဒါပေမယ့် ခင်ဗျားကိုယ်တိုင် ဒီဘတ်ကမ်းက ဟိုဘက်ကမ်းကို ကြိုးတံတား မသုံးဘဲ အမြဲတိုသွားပြစမ်းပါ"

တတိယကြယ်သည် ခေတ္တမျှတွေဝေသွားပြီး ဆက်၍ပြောလိုက်လေသည်။

"သူက ကြိုးတံတားကလူတွေကို တမျိုးတမည်နဲ့ လိမ်ညာပြီးပုခက်ကို လွတ်ခိုင်းယင်တော"

ပထမကြယ်က ရယ်မောလိုက်ကာ...

"ကျုပ်လဲ ခင်ဗျားလိုပဲတွေးမိပါတယ်၊ ဒါကြောင့်မို့လို့လဲ အစစအရာရာ ကျုပ်မှာထားခဲ့ပြီးပါပြီ"

တတိယကြယ်က မကျေနပ်သော်လည်း ခေါင်းညိတ်လိုက်ပြီး...

"ဒါဖြင့်လဲ ပြီးတာပဲလေ"

ဤသို့နှင့်ပင် ကြယ်သုံးလုံးသည်ထိုညအဖို့ တိုင်ပင်ဆွေးနွေးမှုကို အပြီးသတ်လိုက်ကြတော့သည်။

သူတို့သုံးဦး လမ်းခွဲပြီး ကိုယ့်အိမ်ကိုယ်ပြန်ကြသောအချိန်တွင် သန်းခေါင်ကျော်နေပြီဖြစ်သည်။

သို့သော် လကထိန်ထိန်သာနေသည်။

မိုးကုန်ကာစ ဆောင်းအစမို့ ရာသီဥတုက အေးချမ်းလှပလှ၏။

ဥပဒေမဲ့နယ်မြေတခုလုံးရှိ လူသားများသည် မိမိတို့နေအိမ်အဆောက်အအုံများတွင် နွေးထွေးစွာဖြင့် အိပ်မောကျနေကြ၏။

ဥပဒေမဲ့နယ်မြေ၏ အပြင်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိ



နေသော တောအုပ်အတွင်း၌မူ လူသားနှစ်ဦး အအေးမိနေလှသော ဆောင်းအစ၏ အအေးဒဏ်ကို ကြိတ်မှိတ်ခံစားလျက်ရှိနေကြ၏။

ထိုလူသားနှစ်ဦးမှာ စွမ်းရှိမင်းနှင့် ကေးမူတို့ပင် ဖြစ်လေတော့သည်။

"မင်းဘာဖြစ်သေးသလဲ ကေးမူ"

ကေးမူက ပြုံးလိုက်ပြီး...

"ကျွန်တော်ဘာမှ မဖြစ်ပါဘူး၊ ဒါထက်ဆရာကော"

စွမ်းရှိမင်းက လက်မောင်းမှ စုတ်ပြဲသွားသော အကျီစကိုပြပြီးပြောသည်။

"ငါ့လက်မောင်းမှာ နည်းနည်းကလေးရှပ်ပြီး ထိသွားတာကလွဲပြီး ဘာမှမဖြစ်ပါဘူးကွာ"

"တော်တော်များသွားသလား ဆရာ"

"မဖြစ်လောက်ပါဘူးကွာ၊ ဒါထက် မင်းကိုတော့ ငါတော်တော်ကြိုက်သွားပြီဟ၊ မင်းမဆိုးဘူး"

"ဘာလို့လဲဆရာ"

"မင်းရဲ့ လှံရှည်သိုင်းပညာကိုပေါ့၊ အဲဒီပညာဟာ လူအများနဲ့တိုက်ခိုက်တဲ့အခါမှာ အင်မတန်ခရီးရောက်ထယ်ကွ"

ကေးမူသည် စွမ်းရှိမင်းက သူ့ကိုချီးမွမ်းသဖြင့် စိတ်ထဲ၌ အတော်ကလေး ဝမ်းသာသွားသည်။

သူသည် ထိန်ထိန်သာနေသော လရောင်ကြောင့် ထင်ရှားစွာပေါ်လွင်နေသော စွမ်းရှိမင်း၏မျက်နှာကို သေချာစွာကြည့်လိုက်သည်။

"ကျွန်တော့်ဘဝကို အခုမှပဲ သေသေချာချာ လေ့လာမိ

www.burmeseclassic.com

www.burmeseclassic.com



တော့တယ် ဆရာရယ်"

စွမ်းရှိမင်းက သူ့အား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"ဘာကိုပြောတာလဲကွ"

"ဩော်...ဒီလိုပါ"

"အင်း"

"တိုက်ခိုက်ရတာခြင်း တူပေမယ့် တန်ဖိုးမရှိတဲ့ တိုက်ခိုက်ခြင်းနဲ့ တန်ဖိုးရှိတဲ့ တိုက်ခိုက်ခြင်းကို ကျွန်တော်ခွဲခြားလို့ရသွားပါပြီ"

"ဟော...ခင်းစကားက ဆန်းလိုက်တာ ဆက်ပါအုံးကွ"

"ကျွန်တော်ဟာ အယင်ကလူပေါင်းများစွာနဲ့ တိုက်ခိုက်ခဲ့ဖူးပါတယ်"

"အင်း"

"အဲဒီအခါမှာ ကိုယ်က မတရားသက်သက် တိုက်ခိုက်ရတာဆိုတော့ နိုင်သွားသည့်တိုင်အောင်လဲ၊ ဒေါသနဲ့ မောဟစိတ်တွေကများနေတော့ ဝမ်းမသာပါဘူးဆရာရယ်"

စွမ်းရှိမင်းက စိတ်ဝင်စားစွာဖြင့် သေချာစွာနားထောင်နေယင်းမှ ဆက်ပြောရန် အားပေးလိုက်သည်။

"အင်း...အင်းဆက်ပါအုံး"

ကေးမှုက သူ့ခံစားချက်ကို ဆက်ပြောပြန်သည်။

"ဆိုပါတော့ဆရာရယ်၊ ကျွန်တော်တို့နဲ့ ဘုရင့်ရဲမက်တွေနဲ့ တိုက်ခိုက်တုန်းက တိုက်သာတိုက်ရပေမယ့် နိုင်သွားလဲကျွန်တော်တို့က နောက်ကြောင်းမအေးဘူး၊ ရှုံးပြန်ယင်လဲ ခွေးသေဝက်သေ သေရမှာမို့ တိုက်ရတာ စိတ်ထဲဘယ်လိုမှ မချမ်းသာဘူးဆိုပါတော့"



စွမ်းရှိမင်းက ခေါင်းညိတ်၍...

"အခုလို တိုက်ရတာကော"

"အဲဒါကို ပြောတာပေါ့ဆရာ၊ အမှန်တော့ သူတို့ဟာ တကယ့်ဒုစရိုက်သမားတွေပဲ၊ ဆရာနဲ့ကျွန်တော်က တရားတဲ့ဘက်ကရပ်တည်ပြီး၊ ဒုစရိုက်သမားတွေကို တိုက်ရတယ်ဆိုတော့ စိတ်ထဲမှာအလိုလိုပျော်ပြီး၊ လက်ကလဲအလိုလို သွက်လာတယ်ဆရာ၊ ဆရာမြင်မလားမသိဘူး၊ ကျွန်တော့်တိုက်ခိုက်မှုတွေဟာ ပျံနေတာပဲ"

စွမ်းရှိမင်းသည် ကေးမှု၏စကားကို အတော်ပင် သဘောကျသွားတော့သည်။

ကေးမှုသည် တကယ့်လူတော် လူကောင်းတယောက်ဖြစ်ဖို့ မဝေးလှတော့ကြောင်းလည်း သူရိပ်စားမိလိုက်သည်။

"ငါဟာ ဒီနယ်မြေကို ထောက်လှမ်းဖို့ လာတယ်ဆိုတာ သူတို့က ထုတ်ဖော်ပြောလိုက်တော့၊ မင်းငါ့အပေါ် ဘယ်လိုမြင်သွားလဲ"

ကေးမှုက သူ့ဟာသူ သဘောကျသလို ရယ်မောနေပေ၏။

"အမှန်အတိုင်းပြောရယင်၊ ဆရာဟာ ထောက်လှမ်းဖို့လာတဲ့လူတယောက်လို့ ပထမကြွယ်က ပြောလိုက်တဲ့အခါမှာ ကျွန်တော်ဟာ ရုတ်တရက် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ ဖြစ်သွားတယ်၊ ကျွန်တော် ဆုံးဖြတ်ရခက်သွားတယ်ဆရာ"

စွမ်းရှိမင်းက မျက်မှောင်ကုပ်လျက်...

"ဟင်....ဘာဖြစ်လို့"

"ဆရာပဲ စဉ်းစားကြည့်လေ၊ ထောက်လှမ်းရေးသမားဆိုတာ ကျွန်တော့်လိုလူမျိုးကို ချမ်းသာပေးပါ့မလား၊ အဲဒီလိုတွေးမိပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အစဉ်းစားရကြပ်နေတယ်"

စွမ်းရီမင်းက ရယ်မောလျက် ထောက်ပေးလိုက်သည်။

"နောက်တော့ကော"

"နောက်…ကျွန်တော်စဉ်းစားမိတာက ဖြစ်ချင်ရာဖြစ်ပါစေတော့၊ ငါဟာ တရားဥပဒေဘက်ကပဲ အကူအညီပေးတော့မယ်၊ သေချင်လဲသေသွားပါစေဆိုပြီး ဆုံးဖြတ်ချက်ချလိုက်တာပဲ"

စွမ်းရီမင်းက သူ့ကိုလေးလေးနက်နက်ကြည့်၍ စကားဆိုလိုက်သည်။

"မင်းမှန်ပါတယ်၊ အဲဒီဆုံးဖြတ်ချက်တွေဟာ မင်းကိုတနေ့ကောင်းကောင်း အကျိုးပြန်ပေးမှာပါ"

ကေးမူကလည်း ခေါင်းညိတ်၍…

"အဲဒီလိုပဲဖြစ်ပါစေလို့ ကျွန်တော်လဲဆုတောင်းပါတယ် ဆရာရယ်"

"ဆုတောင်းနေစရာတောင် မလိုပါဘူးကွာ၊ တရားဥပဒေဘက်ကရပ်တည်တဲ့လူဟာ **သေသည့်တိုင်အောင်** ကောင်းတဲ့နာမည်ကျန်ခဲ့မှာပါကွ၊ အဲဒါအနည်း**ဆုံး ဆု**လာဘ်ပဲ"

"ကျွန်တော် ကောင်း**ကောင်း**သဘောပေါက်ပါပြီ ဆရာ"

"ဒါဖြင့်..တို့ရှေ့လုပ်ငန်းစဉ် ဆက်ကြရအောင်"

"စိန်လိုက်လေ"

သူတို့နှစ်ယောက်သည် ယခုအခါ စိတ်တူသဘောတူရှိသွားပြီဖြစ်သောကြောင့် တယောက်နှင့်တယောက် ပွေ့ဖက်လိုက်ကြလေတော့သည်။

♣ ♣ ♣



အခန်း(၃၅)

## သီးခြားကမ္ဘာ၏ဆက်သွယ်မှု

"ဒီနယ်မြေရဲ့ အနေအထားကို မင်းသေသေချာချာ သိသလား"

စွမ်းရီမင်းက မေးလိုက်ခြင်းဖြစ်ပါသည်။

ကေးမူက စဉ်းစဉ်းစားစားဖြင့်….

"ပုံစံအားဖြင့် ပြောရမယ်ဆိုယင်တော့ ချောက်ကမ်းပါးကြီး ပတ်ချာလည်ဝိုင်းထားတဲ့ သီးသန့်တောင်တလုံးလိုပဲ ဆိုရမှာပဲဆရာ ဒါပေမယ့် နည်းနည်းနောနောကျယ်တဲ့နေရာ မဟုတ်ဘူး"

စွမ်းရီမင်းက စဉ်းစားဟန်ပြုယင်း…

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောခဲ့တဲ့ တချိန်ကစကားအရဆိုယင် စနေဂြိုဟ်ဟာ တဘက်ကမ်းမှာနေတယ်ဆိုတော့ ဒီချောက်ကမ်းပါးတွေ ဝိုင်းထားတဲ့ တောင်ရဲ့အပြင်ဘက်မှာပဲ ရှိရမှာပေါ့"

ကေးမှုက စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်လိုက်သည်။

"ဒီသဘောပါပဲဆရာ၊ ဥပမာဆိုပါတော့ ဒီတောင်ရဲ့ အရှေ့ဘက်မှာထွက်တဲ့ကြိုးတံတားတခုရှိနေသလို၊ အနောက်ဘက်မှာ စနေဂြိုဟ်ဆီသွားတဲ့ တံတားကရှိနေတော့၊ စနေဂြိုဟ်ဟာ ဒီတောင်ရဲ့ဟိုဘက်မှာရှိနေမှာ အမှန်ပဲ"

စွမ်းရီမင်းက....

"ဒါဆိုယင် တို့က အဲဒီချောက်ကမ်းပါးအဖိုင်း ပတ်ပြီးသွားနိုင်ယင် ဟိုအနောက်ဘက်မှာရှိနေတဲ့ စနေဂြိုဟ်ရဲ့နေရာကို မရောက်နိုင်ဘူးလား"

"အဲဒါက ဒီလိုရှိတယ်ဆရာရဲ့"

"အင်းပြောပါအုံး"

"ဒီချောက်ကမ်းပါးကြီးက ဝိုင်းပြီးတော့မသွားဘဲ၊ ချောင်းတခုလို အရှည်လိုက်ကြီးသွားနေမယ်ဆိုယင် ဘယ်လိုလုပ်မလဲ"

စွမ်းရီမင်းက သက်ပြင်းတချက်ချလိုက်လေသည်။

ကေးမှုပြောသည်မှာလည်း ဖြစ်နိုင်ပေသည်။

အကယ်၍ ဤနေရာသည် မြင့်မားသော တောင်ကြီးသုံးလုံးက အရှည်လိုက်အတိုင်းသွယ်တန်း၍ ဖြစ်ပေါ်နေသည် ဆိုပါလျှင် ထိုချောက်ကမ်းပါးဆုံးသည်အထိ လျှောက်ရပေမည်။

"ဘာပဲဖြစ်ဖြစ်ကွာ...ဒီနယ်မြေအတွင်းကို ရောက်အောင်တော့လှည့်ပတ်ပြီး ဝင်ပေါက်ရှာရမှာပဲ"



ကေးမှုက ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဖြစ်ပါ့မလားဆရာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ကြားမိထားသလောက်ဆိုယင်တော့ သိပ်မလွယ်ဘူးနဲ့တူတယ်"

"ကဲ..ဆိုစမ်းပါအုံး"

ကေးမှုက စဉ်းစဉ်းစားစားဖြင့်...

"ကျွန်တော်တို့ ဒီကလှည့်ပတ်သွားလို့ ဟိုဘက်ကိုရောက်သည့်တိုင်အောင်၊ ပထမဆုံးရင်ဆိုင်ရမှာက သံဆူးကြိုးတွေ အထပ်ထပ် ကာရံထားတာကို ရင်ဆိုင်ရလိမ့်မယ်"

"ဒါကိုမှုစရာ မလိုပါဘူးကွာ"

"အဲဒီသံဆူးကြိုးတွေကို လွန်မြောက်တာနဲ့ နောက်ထပ်သံဆူးကြိုးတခုထပ်တွေ့မယ်၊ အဲဒီသံဆူးကြိုးနှစ်ခုရဲ့ကြားမှာ ခွေးဆိုးတွေနဲ့အတူ အစောင့်တွေ ချထားတယ်"

သည်တခါတော့ စွမ်းရီမင်းမှာ အမှန်ပင်မျက်လုံးပြူးပြီး အံ့အားသင့်သွားလေတော့သည်။

"ခွေးနဲ့အစောင့်တွေ ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီခွေးတွေရဲ့ဟောင်သံကြောင့်ပဲ အစောင့်အားလုံးက သိသွားမှာပဲ"

စွမ်းရီမင်းသည် မောဟိုက်စွာဖြင့် သက်ပြင်းရှည်ကြီးကို ချလိုက်မိတော့သည်။

အတန်ကြာအောင် စကားမပြောဘဲ တိတ်ဆိတ်နေပြီးမှ စွမ်းရီမင်းက...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုလွန်မြောက်ပြီ ဆိုပါတော့ကွာ"

ကေးမူသည် စွမ်းရိမင်းအား မျက်လုံးပြူးကြည့်ပြီး...

"အဲဒါကို လွန်မြောက်သွားလဲ၊ သိပ်မလွယ်လှသေးဘူး"

"ဟင်..ဘာဖြစ်လို့လဲ"

"အဲဒီအထဲကို ဝင်သွားတာဟာ အကျဉ်းစခန်းတခုထဲကို ဝင်သွားတာနဲ့ ဘာထူးအုံးမှာလဲ"

စွမ်းရိမင်းက ထိတ်လန့်အံ့သြသွားပြီး...

"ဘယ်လို အကျဉ်းစခန်းတခု ဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါအကျဉ်းစခန်းတခုပဲပေါ့၊ မိန်းမယောက်ျား လူပေါင်းနှစ်ရာနီးပါးကို မွေးမြူရေး၊ စိုက်ပျိုးရေးတွေ လုပ်နိုင်းနေတဲ့ နေရာကြီးတခုပဲပေါ့"

"အဲဒီမှာ ဘယ်သူတွေက အုပ်ချုပ်နေသလဲ"

"ကျားနှစ်ကောင်ထက် ကြောက်ဖို့ကောင်းတဲ့ လူနှစ်ယောက်"

စွမ်းရိမင်းက ကေးမူအား မျက်လုံးပြူး၍ ကြည့်လိုက်၏။

"ဟာ...မင်းပြောလိုက်မှဖြင့် စိတ်ခေတ်ကျစရာတွေချည်းပဲ ကျားထက်တောင် ကြောက်ဖို့ကောင်းလောက်အောင်ဘယ်လိုလူမျိုးတွေမို့လဲ"

"ယမမင်းဆိုတဲ့လူက အဲဒီမှာ အုပ်ချုပ်ရေးမှူး"

"ယမမင်းဟုတ်လား"

ကေးမူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူ့ကိုသေမင်းလို့ မခေါ်ချင်တာနဲ့ ယမမင်းလို့ခေါ်နေကြတာ၊ သူ့နာမည်က ထန်စီးတဲ့"



"အင်း..သူ့ကိုဘာလို့ ယမမင်းလို့ခေါ်တာလဲ"

"သူက အင်မတန်သိုင်းပညာထက်မြက်တဲ့ အဘိုးကြီးပဲ၊ စနေဂြိုဟ်နဲ့ ကြယ်သုံးလုံးက မကြိုက်တဲ့လူမှန်သမျှ သူ့ကိုသာ လက်ညိုးထိုးပြလိုက်၊ နောက်နေ့ကျယင် အစတောင်ရှာမဲ့တွေ့တော့ဘူး၊ ချောက်ကမ်းပါးထဲကို ဖွန်းချလိုက်တာပဲလေ"

စွမ်းရိမင်းမှာ ကြက်သီးထသွားသကဲ့သို့ ပခုံးနှစ်ဖက်ကို ဆတ်ကနဲတွန့်လိုက်လေသည်။

"နောက်တယောက်ကရော"

"အဲ... နောက်တယောက်ကတော့ သူ့ရဲ့လက်ထောက် ကြီးကြပ်ရေးမှူးပဲ၊ နာမည်ကတော့ ဝမ်ပီလို့ခေါ်တာပဲ၊ အမြဲတန်း အဖြူရောင်ဝတ်စုံကို ဝတ်ပြီး၊ အဖြူမျက်နှာဖုံးကို စွပ်ထားတယ်"

"သူက ဘာလုပ်ရတာလဲ"

"သူကတော့ ဆူးတွေဗရပွနဲ့ ကျာပွတ်တချောင်းကို အမြဲကိုင်ထားပြီး အလုပ်ခိုကပ်တဲ့ လူတွေကို တရွမ်းရွမ်းနဲ့ ရိုက်နေတော့တာပဲ"

စွမ်းရိမင်းသည် ချက်ချင်းပင် မျက်မမြင်မလေးပိုကျူကို ချက်စိတ်ထဲ၌ မြင်ယောင်သွားမိတော့သည်။

"ဘုရား... ဘုရား... ပိုကျူတယောက် အကျဉ်းစခန်းမှာ ကျာပွတ်နဲ့များ အရိုက်ခံနေရသလား"

သူသည် စိတ်ထဲမှ တွေးပူမိလိုက်လေတော့သည်။

"အဲဒါတွေကို လွန်မြောက်ပြီးမှ စနေဂြိုဟ်ရဲ့ ဂေဟာကို ရောက်တယ်လို့ ကျွန်တော် ကြားဖူးတယ်"

စွမ်းရိမင်းသည် သက်ပြင်းတချက်ကို လေးလေးပင် ချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

နှစ်ဦးစလုံးသည် အတန်ကြာကြာပင် တိတ်ဆိတ်သွားလေသည်။

တိတ်ဆိတ်ခြင်း ကြီးစိုးသွားသည်။

လမင်းကြီးသည် အနောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားနေ၏။

တဖြည်းဖြည်း အရုဏ်လာတော့မည် ဖြစ်သည်။

ကေးမူမှာ...

"ဆရာ စိတ်ပျက်သွားပြီလား"

စွမ်းရီမင်းက ကေးမူ၏မျက်နှာကို ဖြတ်ကနဲ ကြည့်ရင်းမှ တလုံးချင်း ပြန်ပြောလိုက်၏။

"လာ... အချိန်မရှိဘူး၊ အဲဒီနေရာကပဲ ဝင်ဖြစ်အောင် ဝင်မယ်"

ကေးမူ အထင်နှင့်အမြင် လွဲမှားသွားတော့သည်။

အမှန်တော့...

သူတို့ ဤကဲ့သို့ ရွေးချယ်လိုက်သည်မှာ မှန်သည်ဟု ဆိုရပေမည်။

ဥပဒေမဲ့နယ်မြေမှ ကြယ်သုံးလုံးတို့သည် အကယ်၍ ရန်သူလာရောက်လျှင် ထိုကြိုးတံတားကသာ လာပေမည်။

အခြားနေရာက ရောက်လာစရာ အကြောင်းမရှိဟု အနိုင်အမာ တွက်ထား၏။

အခြားနေရာများမှ ဝင်မလာနိုင်ဟု သူတို့ တထစ်ချ တွက်ထားကြသည်။



တွက်မည်ဆိုလည်း တွက်စရာပင်။

ထူးဆန်းလှသည့် တောင်ကုန်းတခု၏ အနေအထားဟု ဆိုရပေမည်။

တောင်တဘက်နှင့်တဘက်သည် နီးလျက်နှင့် ဝေးနေသည်။

နက်ရှိုင်းလှသော လျှိုကြီးက တဘက်နှင့်တဘက် သီးခြားကမ္ဘာတခုစီကို ပိုင်းခြားထား၏။

ဤမျှ ခက်ခဲလှသော နေရာကိုမှ ရွေးချယ်ထားကြသော စနေဂြိုဟ်၏ စိတ်ကူးကို ချီးကျူးရမလိုပင် ဖြစ်တော့သည်။

တကယ်တော့ တချိန်က မန်ချူး အကြွင်းအကျန်တို့၏ စနက်တခုပင် ဖြစ်လေတော့သည်။

တချိန်က ကျူးကျော်နယ်ချဲ့လာသော မန်ချူးတို့သည် တိုင်းရင်းသား ပြည်သူများက ပြတ်ပြတ်သားသား နှိမ်နင်း တိုက်ခိုက်လာသောအခါ မရှုမလှ ဆုံးရှုံးရတော့သည်။

ထိုအခါ သူတို့သည် ခွေးပြေးဝက်ပြေး ပြေးရာမှ နောက်ဆုံး နယ်စပ်ဖြစ်သော ဤနေရာသို့ ရောက်ရှိလာကြခြင်း ဖြစ်လေသည်။

ထိုအခါတွင်...

အထိနာခဲ့သော မန်ချူးတို့သည် နောက်ဆုံး၌ နေရာထိုင်ခင်းလာသော ထိုနေရာတွင် စခန်းချ၍ အဖျက်လုပ်ငန်းကို စတင်လုပ်ကိုင်လေတော့၏။

သူတို့သည် ကိုယ်တိုင်လည်း ဓားပြတိုက်၏။

ဓားပြတိုက် လူသတ်၍ ထွက်ပြေးလာသော သူများကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်းမွန်စွာ စောင့်ရှောက်ထားသည်။

တကယ်တော့ သနား၍ စောင့်ရှောက်ထားခြင်း မဟုတ်ပါ။

လူဆိုးလူမိုက်များကို လက်သပ်မွေးနေခြင်းသာ ဖြစ်သည်။

တနေ့တခြား များပြားလာသော လူဆိုးလူမိုက်များအား သူတို့က ခြယ်လှယ်အုပ်စိုးလာခဲ့တော့သည်။

လွန်စွာမှ ယုံကြည်စိတ်ချရသော လူဆိုးများကို ခေါင်းဆောင်ခန့်၍ ဓားပြတိုက်နိုက်ခြင်း၊ လူသတ်ခိုင်းခြင်းနှင့် သူတို့၏ အာဏာကို ဖီဆန်မည့်သူများကိုလည်း အမြန်ဆုံး သုတ်သင်ခြင်း စသော အလုပ်များကို လုပ်ကိုင်လျက် ရှိသည်။

အရေးကြီးသော လျှို့ဝှက်လုပ်ငန်းများမှာ ဓား၊ လှံ၊ လေး မြား၊ လက်နက်များကို လျှို့ဝှက်စွာ လုပ်ကိုင်ခြင်းနှင့် ငွေများစွာနှင့် ရွှေချောင်း၊ ကျောက်သံပတ္တမြားများကို စုဆောင်းနေခြင်းတို့ပင် ဖြစ်သည်။

ယင်းကိစ္စများကို အားသွန်ခွန်စိုက်ကြိုးပမ်း လုပ်နေခြင်းမှာ သူတို့ တနေ့နေ့တချိန်ချိန်၌ တရုတ်ပြည်မကြီးအား ပြန်လည်၍ တိုက်ခိုက်သိမ်းပိုက်ရန် အင်အားပျိုးထောင်နေခြင်း ဖြစ်သည်။

ထို့ကြောင့်…

ယခုကတည်းက ဓား၊ လှံ၊ လက်နက်များကို ရနိုင်သမျှ ရအောင် စုဆောင်းခြင်း၊ ရွှေချောင်းနှင့် ကျောက်သံပတ္တမြားများကိုလည်း ရနိုင်သမျှရအောင် စုဆောင်းနေကြပြီး ကြီးမားသော အကြံအစည်ကြီးကို ကြံစည်နေခြင်းပင် ဖြစ်လေတော့သည်။

ထိုအကြံအစည်ကို အကောင်အထည်ဖော်နေသူမှာ စနေကြိုဟ်နှင့် လက်ပါးစေ ကြယ်သုံးလုံးတို့ပင် ဖြစ်ပါသည်။



သို့သော်…

ဘုရင့်ဘဏ္ဍာတော်နှင့် ပြည်သူပြည်သားတို့၏ ဥစ္စာရတနာများမှာ တနေ့တခြား ပျောက်ဆုံးမှုများ၊ များပြားလာသောအခါ ဘုရင့်တပ်မှ ထောက်လှမ်းရေးသမားတို့ကို မစေလွှတ်မဖြစ် စေလွှတ်ရတော့သည်။

သို့သော်လည်း အသွားအလာ ရှိခဲ့ပြီး အပြန်လမ်း ပျောက်ကြသည်။

ကြာသော် အာဏာပိုင်တို့မှာ ထိုကိစ္စအတွက် အမျိုးမျိုး စဉ်းစားလာရလေတော့သည်။

ထိုသို့ စဉ်းစားမိကြသောအခါ သိုင်းလောက လူငယ်တယောက် သူတို့မျက်စိထဲသို့ ဘွားကနဲ ရောက်ရှိလာလေသည်။

ထိုလူငယ်မှ တခြားသူ မဟုတ်ပေ။

စွမ်းရီမင်းပင် ဖြစ်လေတော့သည်။

သူသည် တကယ့် မျိုးချစ်လူငယ်တဦးပင် ဖြစ်သည်။

ထို့ကြောင့်…

သူ့အား အသုံးချလျှက် ထိုကိစ္စများ၏ သဲလွန်စသည် ပေါ်ပေါက်လာလိမ့်မည်ဟု အာဏာပိုင်တို့က ယူဆခဲ့ကြသည်။

ထို့ကြောင့်လည်း နည်းအမျိုးမျိုး ပရိယာယ် အမျိုးမျိုး အသုံးပြုကာ ဥပဒေမဲ့နယ်မြေသို့ စေလွှတ်လိုက်ခြင်း ဖြစ်လေတော့သည်။

သို့သော်လည်း စနေကြိုဟ်သည် အာဏာပိုင်များထက် ဉာဏ်ပြေးနေသည်ဟု ဆိုရပေလိမ့်မည်။

အာဏာပိုင်များက လုပ်ဆောင်ကြံစည်သမျှ သူသိသည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဟူ၍ မရှိပေ။

ဤအတွက်ကြောင့်လည်း ဥပဒေမဲ့နယ်မြေသို့ ပရိယာယ်သုံး၍ ပိပိရိရိ ရောက်ရှိလာသော စွမ်းရှိမင်းအား ထောက်လှမ်းရေးသမားအဖြစ် ဖော်ထုတ်နိုင်ခြင်း ဖြစ်သည်။

သို့သော်...

စွမ်းရှိမင်းကား တခြားသူများကဲ့သို့ မဟုတ်ပေ။

ဖွဲလုံ့လ ကြီးမားလှ၏။

သတ္တိလည်း ပြောင်မြောက်သည်။

ယခုပင်လျှင် ကြည့်ပါ။

သူနှင့်အတူ ကေးမှူသည် လရောင်ကို အားပြု၍ မမျှော်မှန်းနိုင်သော ချောက်ကမ်းပါးတလျှောက် ပြေးလွှားနေကြပြီ ဖြစ်ပေသည်။

အလင်းရောင် တဖြည်းဖြည်း ပေါ်လာသည်နှင့်အမျှ သူတို့၏ ခရီးလမ်းသည်လည်း အတော်ပင် ပေါက်ရောက်ခဲ့ပြီ ဖြစ်လေသည်။

မိုးစင်စင်လင်းသောအခါ...

သူတို့နှစ်ဦးသည် ဥပဒေမဲ့နယ်မြေနှင့် အတော်ပင် အလှမ်းကွာသော နေရာသို့ ရောက်ရှိကြသည်။

သို့သော်...

နက်ရှိုင်းသော ချောက်ကမ်းပါးကြီးက မဆုံးသေးပါ။

နေ့လည်ချိန်ရောက်ကာမှ အနည်းငယ် ကွေ့ပတ်လေတော့သည်။

ထိုအခါမှ သူတို့သည် ဥပဒေမဲ့နယ်မြေ၏ အနောက်ခြမ်းဘက်သို့ ရွေ့လျားနေပြီ ဖြစ်ကြောင်းကို သိရှိလိုက်သည်။



စွမ်းရှိမင်းက...

"အနောက်ဘက်ကိုတော့ နည်းနည်းကွေ့လာပြီကွ"

ကေးမှူကလည်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်... ဆရာ၊ ဒါဆိုရင် ကျွန်တော်တို့ ညနေလောက် အနောက်ဘက်ခြမ်းတည့်တည့်ကို ရောက်မလားမသိဘူး"

စွမ်းရှိမင်းက ခေါင်းကို ခါယမ်းလိုက်လေသည်။

"ဒီညနေလဲ ဘယ်နည်းနဲ့မှ ရောက်မှာ မဟုတ်သေးဘူးကွ"

"ဟင်... ဆရာ တွက်လို့ရတယ် ဟုတ်လား"

စွမ်းရှိမင်းက အနည်းငယ်ပြုံးလိုက်ကာ...

"ဒီလောက် လွယ်ကူပြီး မြန်ဆန်မယ်ဆိုရင် ဒီနေရာ ပြိုကွဲတာ ကြာပြီပေါ့ကွာ"

"အင်း... ဒါလဲ ဟုတ်တာပဲနော်"

"ငါ့စိတ်ထင်ကို ပြောရရင် နောက်တနေ့ မနက်လောက်မှ ရောက်နိုင်လိမ့်မယ်လို့ ထင်မိတာပဲ"

စွမ်းရှိမင်းသည် ခေတ်မီသော ပညာရပ်များကို သင်ကြားခဲ့သော လူငယ်တဦး ဖြစ်၏။

ထို့ကြောင့်...

သူသည် ရေမြေအနေအထားကို လေ့လာပြီး ခန့်မှန်း၍ ရပေသည်။

သူသည် တွေးတောယူဆချက်များသည် လုံးဝမမှားခဲ့ပေ။

သူတို့နှစ်ဦးသည် တနေ့လုံး ခက်ခက်ခဲခဲ ခရီးနှင်ခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့နေရာများတွင် နှစ်ဦးစလုံး ကြိုးတချောင်းကို အားပြု၍ ကုပ်ကပ်တွယ်တက်ခဲ့ကြရလေသည်။

တချို့နေရာများတွင် အစီးသန်လှသော ချောင်းကို ခက်ခက်ခဲခဲ ကူးဖြတ်ခဲ့ရသည်မှာ အသည်းတယားယားပင် ဖြစ်ခဲ့ရလေသည်။

တကြိမ်တွင် ကေးမှုကို ကယ်ဆယ်ခဲ့ရသည်။

ဤမျှ ဒုက္ခဆင်းရဲခံ၍ လာခဲ့ရသော်လည်း မိုးသာ ချုပ်ခဲ့သည်။

သံဆူးကြိုး ကာရံထားသော နေရာသို့ မရောက်ရှိသေးပေ။

သို့သော်...

စွမ်းရှိမင်းရော ကေးမှုပါ ပင်ပန်းမှုကို လုံးဝ ဂရုမစိုက်အားပေ။

မျက်နှာတခုလုံး ကြည့်မကောင်းအောင် ရှုံ့တွနေသော ကေးမှု၏လက်ကို ဆွဲကာ တညလုံး ခရီးနှင်ခဲ့ပြန်သည်။

ညဘက်သည် နေ့ဘက်လောက် ခရီးမတွင်ပါ။

သို့သော်လည်း နောက်တနေ့ မိုးလင်းသောအခါ မြင့်မားသော သံဆူးကြိုးများ ကာရံထားသည့် နေရာတခုကို အံ့သြဖွယ်ရာ တွေ့လိုက်ရလေတော့သည်။

ယခုအခါ စွမ်းရှိမင်းနှင့် ကေးမှုတို့သည် တောင်ကမူကလေးတခုပေါ်သို့ ရောက်ရှိနေကြသည်။

သူတို့နှစ်ဦးသည် ခပ်လှမ်းလှမ်းရှိ တောင်ကမူကလေးမှ နေ၍ သံဆူးကြိုးများ၏ အတွင်းဘက်ဆီသို့ အခြေအနေကို အကဲခတ် ကြည့်လိုက်သောအခါ ရင်မောသွားရလေသည်။



ကေးမှု ပြောပြစဉ်အခါက ဤမျှ ခက်ခဲလိမ့်မည်ဟု မထင်ခဲ့မိပေ။

ယခု တွေ့မြင်ရသည်မှာ ထူထပ်လှသော သံဆူးကြိုးများက နှစ်ထပ်တိတိ ကာရံထား၏။

သံဆူးကြိုးနှစ်ထပ်ကြားတွင် လူခါးစောင်းမျှ ကြီးမားသော ခွေးများက ပြေးလွှားနေကြသည်။

မည်သည့်နည်းနှင့်မျှ ထိုးဖောက်ဝင်ရောက်၍ မလွယ်ကူမှန်း စွမ်းရှိမင်းက တွေးမိသည်။

သူသည် အမျိုးမျိုး အကြံထုတ်၍ စဉ်းစားနေပေသည်။

ထိုစဉ် အစောင့်တဦး၏ ကျယ်လောင်သော ခွေးများ ခေါ်လိုက်သည့်အသံကို ကြားရပြီး ပြေးလွှားနေသော ခွေးများသည် ကင်းတဲရှိရာဆီသို့ တဟုန်ထိုး ပြေးလွှားသွားသည်ကို တွေ့လိုက်ရလေတော့သည်။

စွမ်းရှိမင်းက တချက် ပြုံးလိုက်လေသည်။

"ကေးမှု..."

"ဗျာ..."

"ခွေးတွေကို မနက်စာ ခေါ်ကျွေးတာကွ"

"ဟုတ်... ဟုတ်ကဲ့ ဆရာ"

"အဲဒီတော့ ကျန်တဲ့ အစိတ်အပိုင်းတွေ တို့က အဆင်သင့်လုပ်ထားရင် ကောင်းမယ်"

ကေးမှုက...

"နောက်တော့ကော"

"မင်းကလည်းကွာ၊ အ လိုက်တာ ညနေစာ ခွေးစာကျွေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်ဟာ တို့အတွက် အကောင်းဆုံးအချိန်ပေါ့"

စွမ်းရီမင်းက သူ့ပေါင်ကို ပုတ်၍ အားပါးတရ ပြောလိုက်လေ၏။

♣ ♣ ♣



အခန်း(၃၆)

## ကျေးဇူး

ဝတ်စုံအဖြူကို ဝတ်ဆင်၍ အဖြူရောင်မျက်နှာဖုံးကို ဖုံးအုပ်ထားကတည်းက ဤလူသည် မည်သူမည်ဝါ ဖြစ်ကြောင်းကို လူအတော်များများက သိရှိထားပြီ ဖြစ်ကြသည်။

ထိုလူသည် အကျဉ်းစခန်း တာဝန်ခံ ဝမီဝိပင် ဖြစ်လေသည်။

သူသည် စောစောပင် မြင်းလှည်းတစီးဖြင့် ချိုလင်းစု၏ အိမ်ရှေ့သို့ ရောက်ရှိခဲ့သည်။

ယခုတလော သူသည် ချိုလင်းစု၏ အိမ်သို့ မကြာခဏ ရောက်ရှိနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ပိ ရောက်ရှိလာပြီဆိုလျှင်...

ချိုလင်းစုခမျာ ခေါင်းခဲရတော့သည်။

အဘယ်ကြောင့်ဆိုသော်...

"ချိုလင်းစု ငါ့ကို တထောင်လောက် ပေးပါအုံး"

ချိုလင်းစုမှာ မျက်လုံးမျက်ဆံ ပြူးသွားရသည်။

"ဆရာဝမ်ပိ"

"ပြောလေ"

"ကျွန်မမှာ ရှိတာလေးတွေလဲ ကုန်နေပါပြီ ဆရာဝမ်ပိရယ်"

"အေး... ငါကလည်း မတောင်းချင်ပါဘူးဟာ၊ အခုတလော ငွေလေး နည်းနည်းလိုနေလို့ပါ"

"ရှင် ငွေလိုတိုင်း ကျွန်မ ပေးနေရတာ၊ ကျွန်မရဲ့ လက်ဝတ်လက်စားတွေ ကုန်တဲ့အပြင် ရှိစုမဲ့စုငွေတွေလဲ ကုန်ပါပြီရှင်"

"ငါဟာ နင့်အတွက်ဆိုရင် ဘယ်လောက် ဖုံးဖိထားတယ်ဆိုတာ နင် သိပါတယ်လေ၊ ဒီကိစ္စသာ တတိယကြယ် သိသွားရင် နင် ဘယ်လိုဒုက္ခမျိုးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ စဉ်းစားမိရဲ့လား"

ဝမ်ပိသည် တိတိလင်းလင်းပင် ခြိမ်းခြောက်၍ ချိုလင်းစုထံမှ ငွေညှစ်နေခြင်းပင် ဖြစ်တော့သည်။

သူမအနေနှင့် ယခုမှ မရှုသာ မရှိုက်သာ ဖြစ်နေသည်။

အကယ်၍ ဤကိစ္စဟာ သူ့ဖခင်နှင့် တဦးတယောက်သာ သိသွားမည်ဆိုပါလျှင် သူမကော ပိကျူပါ သက်သာမည် မဟုတ်ပေ။

ထို့ကြောင့်...

ချိုလင်းစုသည် ရှိသမျှ ပစ္စည်းကလေးများကို ဝမ်ပိအား



ပေးကမ်း၍ နှုတ်ပိတ်ထားရသည်။

သို့သော် ဝမ်ပိကမူ ကျေနပ်အားရနိုင်သည်ဟူ၍ မရှိခဲ့ပေ။

ရမှန်းသိလေ ခြိမ်းခြောက်လေဖြင့် မကြာမခဏ တောင်းနေသောအခါ သူမအဖို့ ယခုအခြေအနေတွင် လုံးဝကို ပေးစရာ မရှိအောင် ဖြစ်နေပေတော့သည်။

ထို့ကြောင့်...

သူမက မျက်နှာချိုသွေးကာ တောင်းတောင်းပန်ပန်ဖြင့် ပြန်ပြောနေမိသည်။

"မရှိတော့လို့ပါ ဆရာဝမ်ပိရယ်၊ ကျွန်မ ရှိတုန်းက ပေးခဲ့တာပဲ မဟုတ်လား"

ဝမ်ပိသည် မကျေမနပ်ဖြင့် သူမအား မော့ကြည့်လိုက်လေသည်။

"ကောင်းပြီလေ... နောက်တော့သာ ငါ့ကို အဆိုးမဆိုပါနဲ့"

ဝမ်ပိက ထိုသို့ ပြောပြီး ခြေဆောင့်ကာ ထွက်သွားလေသည်။

"ဆရာဝမ်ပိ"

သူမ၏ခေါ်သံကြောင့် ဝမ်ပိက ရပ်တန့်လိုက်သည်။

"ကျွန်မ ရှင့်ကို တောင်းပန်နေတာပါ"

"အေးလေ... ငါလည်း ငါ့ပါးစပ်ကို တတ်နိုင်သမျှ ကြိုးစားပြီး ပိတ်ထားကြည့်ပါအုံးမယ်၊ မရတော့လဲ"

"အို... ရှင် အဲဒီလို မလုပ်လိုက်ပါနဲ့ရှင်၊ ကျွန်မ... ကျွန်မ ခေတ်ဆွေ့စီမှာ ဒီနေ့ ချေးငှားကြည့်ပါအုံးမယ်"

ဝမ်ပိ၏မျက်နှာမှာ ကြည်လင်သွားသည်ဟု ထင်လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သို့သော် သူ့မျက်နှာကို မြင်ရခြင်း မရှိပါ။

"ငါ စောင့်နေမယ်လေ"

"ပိုကျူကော နေကောင်းရဲ့လားဟင်"

"အင်း... ကောင်းပါတယ်"

"ကျွန်မ ရှင့်ဆီကို လာလို့ရမလား"

"တံတားထိပ်က အစောင့်ကို ခေါ်နိုင်းပါ ရပါတယ်"

"ကောင်းပြီလေ... ငွေရှာပြီး ကျွန်မ လာခဲ့ပါ့မယ်"

ဝမ်ပိသည် ခပ်သွက်သွက်ကလေး ပြန်ဆင်းသွားကာ မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်သည်။

ချိုလင်းစုသည် အံကို တင်းတင်းကလေး ကြိတ်ကာ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။

ပါးစပ်မှလည်း တီးတိုးရေရွတ်လိုက်၏။

"ရှင် တတ်နိုင်တုန်းတော့ အနိုင်ကျင့်ထားအုံးပေါ့ ဝမ်ပိရယ်"

တဲတန်းလျားကြီးနှစ်ခုဆီမှ ယောကျ်ား၊ မိန်းမ အသီးသီး ကိုယ့်လုပ်ငန်းရှိရာသို့ အလျှိုလျှို ထွက်လာကြသည်။

မြောက်မြားစွာသော နွားများ၏အော်သံ။

ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စသည့် သတ္တဝါများ၏ အော်သံများကဲ့သို့ ကျယ်ပြန့်ကြီးမားသော စခန်းကြီးဝယ် ဆူညံနေပေသည်။

စခန်းအတွင်းရှိ လူများသည် သံပတ်ပေးထားသော စက်ရုပ်များကဲ့သို့ ကိုယ့်လုပ်ငန်းရှိရာတွင် အသီးသီး ဝင်လုပ်နေတော့သည်။

ထိုအခါတွင် မြင်းတကောင်နှင့် စခန်းကြီးတခုလုံး လှည့်ပတ်



ပြေးလွှားနေသူမှာ ဝတ်စုံအဖြူကို ဝတ်ဆင်၍ မျက်နှာဖုံးအဖြူကြီးကို စွပ်ထားသော ဝမ်ပိပင် ဖြစ်တော့သည်။

ဝမ်ပိသည် လက်ထဲမှ ကျာပွတ်ကြီးကို ဝင့်ကာဝင့်ကာဖြင့် မြင်းတကောင်နှင့် အလုပ်ရှုပ်နေပေသည်။

သူသည် စိတ်မထင်လျှင် မထင်သလို ရိုက်နှက်တတ်ပေသည်။

ထို့ပြင်လည်း...

လောင်းကစားသမားပီပီ၊ တခါတရံ အရှုံးနှင့် ရင်ဆိုင်လာရသောအခါတွင် စခန်းမှ လူသားများမှာ မသက်သာတော့ပါ။

မြင်မြင်ရာကို ကြိမ်းမောင်း၍ ရိုက်နှက်နေတတ်၏။

ယခုလည်း နွားများကို စောင့်ရှောက်နေရသော လူငယ်တဦးအား မည်သည့်အတွက်ကြောင့်မှန်း မသိပေ။

သူ၏ကျာပွတ်နှင့် တရွှမ်းရွှမ်း ရိုက်နှက်နေသည်ကို ပိုကျူနှင့် ကြွေအော့လင်းခေါ် ဝေယံချင်းတို့ လှမ်းကြည့်ကာ စိတ်မချမ်းမသာ ဖြစ်နေကြသည်။

"ပိုကျူ... ဟိုမှာ ကြည့်စမ်း၊ ဝမ်ပိ ရိုက်နေပြန်ပြီ"

ဝေယံချင်းက ပိုကျူအား ခပ်တိုးတိုးလှမ်း၍ ပြောလိုက်ခြင်း ဖြစ်လေသည်။

ပိုကျူသည် စိတ်မချမ်းမသာဖြင့် ကြည့်နေရင်းမှ...

"ဟုတ်တယ် သူငယ်ချင်းရယ်၊ ကျွန်မ အစကလို မျက်စိမမြင်ပဲ နေရရင် အကောင်းသား၊ အဲဒါကမှ စိတ်ချမ်းသာသေးတယ်၊ အခုတော့..."

ဝေယံချင်းက...

www.burmeseclassic.com

www.burmeseclassic.com



"အို… ပိုကျူရယ်၊ ဆုမတောင်းကောင်းတာတွေ မတောင်းပါနဲ့၊ အခုဆိုရင် ရှင့်ဘဝဟာ ဘယ်လောက် အဆင်ပြေနေပြီလဲ ဟိုစေတနာရှင်မလေးကြောင့် မျက်လုံးလဲ ပြန်မြင်ရပြီ၊ ဖျက်ဆီးခံထားရတဲ့ ပညာတွေလဲ ပြန်ရနေပြီ၊ နောက်ပြီး ဝမ်ပိကလည်း တခါမှ မရိုက်တော့ဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မဟာ အဲဒီ ချိုလင်းစုဆိုတဲ့ ညီမလေးရဲ့ ကျေးဇူးကြောင့် ကောင်းကောင်းမွန်မွန်ကလေး နေရပေမယ့် သူ့ခမျာ ကျွန်မအတွက်နဲ့ ဘယ်လောက်အထိ ကုန်ကျနေပြီလဲဆိုတာ မစဉ်းစားတတ်တော့ဘူး"

ဝေယံချင်းသည် အတန်ကြာအောင် ငေးမော၍ နေပြီးမှ…

"အင်း… စွမ်းရီမင်းဟာ တကယ့်ကို တော်တဲ့ လူတယောက်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ရှင့်ရဲ့ ဒုက္ခကို ကယ်ဆယ်ချင်လွန်းလို့ ရန်သူရဲ့ သမီးကိုတောင် ရအောင် စည်းရုံးနိုင်တယ်"

ပိုကျူက…

"အင်း… သူက စည်းရုံးနိုင်သလို၊ ညီမလေး ချိုလင်းစုကိုယ်တိုင်ကလည်း စိတ်ထားမွန်မြတ်လှပါတယ်"

"သူဟာ… စွမ်းရီမင်း မှာကြားခဲ့တာကို တသွေမတိမ်းလိုက်နာပြီး၊ စေတနာအပြည့်အဝနဲ့ ကူညီတာဟာ၊ စွမ်းရီမင်းအပေါ် ဘယ်လောက်အထိ ခင်မင်တယ်ဆိုတာ ချိုလင်းစုက သက်သေပြနေတာပဲ"

ထိုစကားကြောင့် ပိုကျူသည် ဝေယံချင်းအား ဆတ်ကနဲ လှည့်ကြည့်ကာ စိတ်ထဲတွင်လည်း ထိတ်ကနဲ ခံစားမှုတခုကို ခံစား



လိုက်ရသလို ဖြစ်သွားသည်။

သို့သော် သူမသည် စိတ်ကို ပြန်လည် ထိန်းသိမ်းနိုင်လိုက်သည်။

ထိုစဉ်မှာပင်…

ဝမ်ပိသည် မိန်းကလေးတဦးနှင့်အတူ လမ်းလျှောက်လာသည်ကို ပိုကျူက လှမ်းမြင်လိုက်လေသည်။

"ဟင်… ဝေယံချင်း… ဟိုဟာ ချိုလင်းစု မဟုတ်လား"

ဝေယံချင်းကလည်း လှမ်းကြည့်လိုက်သည်။

ချိုလင်းစုနှင့် ဝမ်ပိသည် တဖြည်းဖြည်း လမ်းလျှောက်ရင်း မှ သူမတို့နေထိုင်ရာ တဲအတွင်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။

ပိုကျူက…

"ချိုလင်းစု… ဘာကိစ္စလာတာလဲ မသိဘူး၊ နောက်ပြီး ကျွန်မတို့ အခန်းကို ဝင်သွားတာတွေ့တယ်"

ဝေယံချင်းကလည်း ခေါင်းညိတ်ပြကာ…

"ဟုတ်တယ်၊ ဒီလိုလုပ်ပါလား ပိုကျူ"

"ဟင်… ဘယ်လိုလုပ်ရမလဲ"

"ဝမ်ပိဟာ ကောက်ကျစ်တဲ့စိတ်ထား ရှိတယ်၊ အဲဒီတော့ အကျိုးအကြောင်း သိရအောင် တချေတစောင်း သွားနားထောင်ရရင် ကောင်းဘူးလား"

ပိုကျူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… လာ… သွားမယ်"

ပိုကျူနှင့် ဝေယံချင်းတို့နှစ်ဦးသည် မယောင်မလည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရင်းမှ ရုတ်တရက် တဲတန်းလျားအနီးသို့ ချဉ်းကပ်လိုက်ပြီး သူမတို့၏အခန်းအနီးတွင် ခိုကပ်လိုက်ကြသည်။

ထိုအခါ...

အကြိတ်အနယ် ပြောဆိုနေသော စကားသံများကို သူတို့နှစ်ဦးစလုံးက ကောင်းစွာ ကြားလိုက်ရတော့သည်။

"ရှင့်ကို ကျွန်မ မပေးချင်လို့ လိမ်ညာပြီး ပြောနေတာ မဟုတ်ပါဘူး၊ ချေးငှားတာ အမှန်ပါပဲ၊ သူတို့က ညနေမှ လာပါဆိုလို့ ညကျတော့ ရှင်လာခဲ့ပေါ့"

ထိုအခါ ဝမ်ပိ၏ မကျေမနပ်သံက ထွက်ပေါ်လာပြန်သည်။

"နင် ငါ့ကို ညာတာတော့ မဟုတ်ပါဘူးနော်"

"အို... ဆရာဝမ်ပိရယ်၊ ရှင့်ကို ကျွန်မ ဘယ်နှစ်ခါ ညာခဲ့ဖူးလို့လဲ၊ အခု ရှင့်ဆီ ဆွဲကြိုးကော၊ လက်စွပ်နှစ်ကွင်းကော၊ ကျွန်မ အမြတ်တနိုးထားတဲ့ နားဆွဲကအစ ရောက်သွားပြီ မဟုတ်လား၊ ငွေဆိုလဲ ကောင်းတိုင်း ပေးနေတာပဲ"

"အေးပါလေ၊ နင့် ကတိတည်ရင် ပြီးတာပါပဲ၊ ညကျတော့ ငါလာခဲ့မှာပေါ့၊ အေး... နင်သာ ရီးထီးယားတား လုပ်မယ်ဆိုရင်တော့ ငါက အကုန်ဖွင့်ချလိုက်မှာပဲ၊ ဒါဆို နင်ကော ပိုကျူးပါ မသက်သာဘူးမှတ်ထား"

"အဲဒီလိုတော့ မလုပ်ပါနဲ့ရှင်၊ ကျွန်မ ရှင်တောင်းတဲ့ ငွေကို ရအောင် ရှာပေးပါ့မယ်၊ ကျွန်မကိုပေါ့ ကတိတခုပေးပါရှင်"

"အင်း... ဘာလဲပြော"

"ပိုကျူးနဲ့ သူ့ရဲ့ သူငယ်ချင်း ဝေယုံချင်းကိုတော့ သက်သာ



ညှာညှာ ခိုင်းစေပြီး၊ မရိုက်နှက်ပါနဲ့ရှင်"

"ဒီအတွက် နင် စိတ်ချစမ်းပါ၊ သူတို့ကို ငါလက်ဖျားနဲ့တောင် မထိပါဘူး"

"ဒါဖြင့်... ကျွန်မကို သက်သေပြပါ"

"ငါက ဘာသက်သေ ပြရမှာလဲ"

"သူတို့နဲ့ ကျွန်မ ဒီမှာ အေးအေးဆေးဆေး စကားထိုင်ပြောပါရစေ"

"အို... ဒီလောက်ကတော့ ငါ တတ်နိုင်ပါတယ်"

ပိုကျူးနှင့် ဝေယုံချင်းသည် ကိုယ့်နေရာသို့ အမြန်ဆုံး ပြန်ရောက်ရန် ခြေလှမ်းကျဲကျဲဖြင့် ပြန်လာခဲ့ကြရသည်။

သူတို့နှစ်ဦးက ဣန္ဒြေမပျက် အလုပ် လုပ်နေစဉ်မှာပင် ဝမ်ပိက ရောက်ရှိလာတော့သည်။

"ပိုကျူးနဲ့ ဝေယုံချင်း"

ဝမ်ပိ၏လေသံက ချိုလွင်နေ၏။

"ရှင်... ဆရာကြီး ဘာခိုင်းချင်လို့ပါလဲ"

ဝေယုံချင်းက ဝမ်ပိအကြိုက် အလိုက်အထိုက် ပြန်၍ ပြောလိုက်လေသည်။

ထိုအခါ ဝမ်ပိ မျက်နှာကြီးမှာ ကျေနပ်သွားပြီး...

"ဘာမှ ခိုင်းစရာ မရှိပါဘူး၊ နင်တို့အခန်းမှာ ညွှဲသည်တယောက် ရောက်နေတယ်"

ပိုကျူးက အံ့သြသွားဟန်ဖြင့်...

"ညွှဲသည် ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ... ဟင်"

"ဘယ်သူရှိအုံးမှာလဲ၊ နင့်ရဲ့မိတ်ဆွေ ချိုလင်းစုပေါ့"

"အို... ဟုတ်လား"

ပိုကျူးက ဝမ်းသာအားရဖြင့် ထိုကဲ့သို့ ပြောလိုက်လေသည်။

"အဲဒါ သွားပြီး ချော့ခံလိုက်ပါအုံး"

"ဟာ... ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ဒါကြောင့် ချိုလင်းစုက ပြောတာ"

ဝမ်ပိက မျက်မှောင်ကုပ်လိုက်သည်။

"သူက ငါ့ကို ဘာပြောလို့လဲ"

ပိုကျူးက ရယ်မောလျက်...

"ဆရာကြီးဝမ်ပိဟာ သိပ်သဘောကောင်းတဲ့ ပုဂ္ဂိုလ်ကြီးတဦးပဲတဲ့"

"ဟုတ်လား... သူက ဒီလိုပဲ ပြောလား"

"အဲဒီ စကားကို ကျွန်မကို ခဏခဏ ပြောတာရှင့်"

"ဟေ... ကဲ... ကဲ... သွားကြ၊ ဒီနေ့ နေ့တဝက် နင်တို့ကို ငါ အနားပေးလိုက်မယ်"

"အို... ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မတို့ ချိုလင်းစု ပြောတာကို တကယ်ပဲ ယုံသွားပြီ"

ဝေယံချင်းကလည်း ကပျာကယာ ခေါင်းညိတ်ပြကာ...

"ဟုတ်တယ်... ဆရာကြီးဟာ သိပ်သဘောကောင်းတာပဲ"

ဤသို့ ခေတ္တ နားခွင့်ရခြင်းမှာ သူတို့အတွက် မဟာအခွင့်အရေးကြီးပင်။



ပိုကျူးတို့နှစ်ဦး ဝင်လာသည်ကို မြင်သောအခါ ချိုလင်းစုသည် သောကလုံးဝ မရှိသော မိန်းကလေးတဦးကဲ့သို့ ကြည်နူးစွာ ပြုံး၍ ကြိုဆိုလေသည်။

"ဪ ဟန်ဆောင်ကောင်းလှချည့်လား ညီမလေးရယ်၊ သောကတွေကို ဖုံးဖိထားနိုင်တယ်နော်"

ပိုကျူးသည် စိတ်ထဲမှ မှတ်ချက်ချမိလိုက်သည်။

"အစ်မပိုကျူးနဲ့ အစ်မဝေယံချင်း နေကောင်းလား"

သူတို့နှစ်ဦးစလုံးက ခေါင်းညိတ်ပြလိုက်ကြသည်။

ပိုကျူးက....

"ကောင်းပါတယ်ညီမရယ်၊ ညီမအလည်သက်သက်ပဲလား"

"အစ်မတို့ကို သတိရလို့လာလည်တာပေါ့"

ဝေယံချင်းက....

"အန္တရာယ်များလှပါတယ် ညီမရယ်၊ တစုံတယောက်သာ သိသွားယင်"

ချိုလင်းစုက ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူးအစ်မ၊ ကျွန်မက ဆရာဝမ်ကို မီးသေအောင် စည်းရုံးထားတာပါ"

ဝေယံချင်းက မသိချင်ဟန်ဆောင်၍....

"ညီမတော့ ဆရာဝမ်ပိကို လာဘ်ထိုးနေရပြီနဲ့တူတယ်"

ချိုလင်းစုသည် မျက်နှာကလေးတချက် ကွက်ကနဲ ပျက်သွားသယောင်ရှိသော်လည်း အချိန်မီ ဣန္ဒြေပြန်၍ဆည်နိုင်သည်။

သူမသည် ဘာမှမဖြစ်သကဲ့သို့ ပြုံးလိုက်၏။

"ကျွန်မအတွက် ဘာမှမပူပါနဲ့ အစ်မရယ်၊ ဆရာဝမ်ပိက

www.burmeseclassic.com

www.burmeseclassic.com



သဘောကောင်းပါတယ်၊ ဘယ်တော့မှ ကျွန်မကိုဒုက္ခမပေးပါဘူး"

ဝေယံချင်းနှင့်ပိုကျူသည် တယောက်မျက်နှာ တယောက် မသိမသာကလေး ကြည့်လိုက်ကြလေသည်။

ဝေယံချင်းက ရယ်သလိုမောသလိုနှင့်....

"မသိပါဘူးညီမရယ်၊ အစ်မတို့ကြားရတာကတော့ ဝမ်စ်ဟာသိပ်ပြီးငွေညှစ်တတ်တဲ့ လူတယောက်လို့ တချို့ကပြော ကြတယ်၊ ဒါဆို အဲဒီစကားဟာ မှားနေပြီပေါ့နော်"

ချိုလင်းစုက ခပ်ယဲ့ယဲ့လေးပြုံးယင်းမှ...

"တခြားလူတွေအပေါ်တော့ ဟုတ်ချင်ဟုတ်မှာပါ၊ ကျွန်မကိုတော့ ဒုက္ခမပေးပါဘူး၊ သူသဘောကောင်းတာ အစ်မတို့လဲ သိမှာပါ"

ပိုကျူတို့နှစ်ယောက်သည် တယောက်မျက်နှာ တယောက် ကြည့်ယင်းမှ ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

ပြီးမှ ဝေယံချင်းက....

"ဟုတ်ပါတယ်၊ ဟိုအယင်က အစ်မတို့ကို သူရိုက်ပေမယ့် ညီမနဲ့ပတ်သက်ပြီးတဲ့နေ့ကစပြီး သိပ်သဘောကောင်းနေတာပဲ ညီမရယ်"

"ဟုတ်...ဟုတ်ကဲ့၊ သူ့စိတ်ကို မသိသေးလို့ပါ၊ သိယင်လွယ်ပါတယ်"

ချိုလင်းစုသည် အသက်ငယ်ရွယ်သော မိန်းကလေးတဦးပင်ဖြစ်လင့်ကစား စိတ်ထားကမွန်မြတ်လှသည်။

သူမသည် သူ့တထူးစိတ်ချမ်းသာမှု ရရှိစေရန်အတွက် ရှိသမျှ ရွှေငွေများကို ပေးကမ်းခဲ့၏။



ထို့ပြင် ယခုအခါ မျက်နှာငယ်စွာဖြင့် သူ့တထူးထံတွင် ချေးငှား၍ပင် နေရပေပြီ။

သို့သော်...

သူမက စိတ်မချမ်းမသာ ဖြစ်ကြမည်စိုး၍သူ့ဒုက္ခကိုမျိုသိပ်၍ထားသည်။

ပိုကျူသည် ချိုလင်းစု၏မျက်နှာကလေးကိုကြည့်ကာ၊ သူမ၏မျက်လုံးအစုံမှ မျက်ရည်များ ရစ်ဝိုင်းလာတော့သည်။

ထိုအချင်းအရာကို မြင်လိုက်ရသော ချိုလင်းစုမှာ အံ့အားသင့်သွားလေသည်။

"ဟင်..အစ်မပိုကျူ၊ မျက်ရည်တွေဝိုင်းလို့ပါလား၊ ဘာဖြစ်လို့လဲဟင်"

ပိုကျူသည် သူမ၏မျက်ရည်များကိုကပျာကယာသုတ်ကာ

"အို...ဘာမှမဖြစ်ပါဘူးညီမရယ်၊ ညီမဟာ အစ်မရဲ့ညီမအရင်းကလေးတယောက်ဖြစ်ယင် ဘယ်လောက်ကောင်းမလဲလို့ တွေးယင်း ဝမ်းနည်းသွားလို့ပါ"

"အို ဖြစ်မှဖြစ်ရလေ အစ်မရယ်၊ အခုလဲ ညီမလေးအရင်း တယောက်လို သဘောထားဆက်ဆံနိုင်သားပဲ၊ ဘာလိုသေးလဲ"

"ဟုတ်...ဟုတ်သားပဲနော်၊ အစ်မဝမ်းမနည်းတော့ပါဘူးကွယ်၊ ဒါထက်ညီမ"

"ဟင်...ဘာလဲအစ်မပိုကျူ"

ပိုကျူသည် သူမ၏အိတ်ထဲ၌ ကျစ်ကျစ်ပါအောင် ထုပ်သိမ်းထားသော အထုပ်ကလေးတခုကို လှမ်းပေးယင်းမှ...

"အစ်မကို တကယ်ချစ်တယ်ဆိုယင် ဟောဒီပစ္စည်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ကို ညီမယူသွားရမယ်"

"အို"

"မအိုနဲ့ညီမ အဲဒါကိုယူသွားပြီး ညီမ မသုံးစွဲဘူးဆိုယင် အစ်မမျက်လုံးတွေ အစ်မပြန်ဖောက်ပစ်မယ်"

ချိုလင်းစုမှာ ထိတ်လန့်သွားသည်။

"သိမ်းထားဆိုသိမ်းထားပါ့မယ်၊ မသုံးစွဲပါရစေနဲ့ အစ်မ ရယ်နော်"

"မရဘူး၊ အဲဒါဆို အစ်မစိတ်ဆိုးမှာပဲ၊ အဲဒါအစ်မရဲ့ စိန်နားဆွဲပဲ၊ အနည်းဆုံး တစ်သောင်းကျော်ကျော်တော့ တန်တယ်၊ ညီမ သုံးစွဲမယ်ဆိုမှ အစ်မစိတ်ချမ်းသာမယ်၊ ဘယ့်နှယ်လဲ"

ချိုလင်းစုသည် ဝေယံချင်း၏မျက်နှာကို လှမ်းကြည့်လိုက်လေ၏။

ဝေယံချင်းက ခေါင်းညိတ်ပြလိုက်သည်။

"သူ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ယူသွားပြီး သုံးစွဲလိုက်ပါညီမရယ်"

ချိုလင်းစု၏စိတ်ထဲ လိပ်ပြာမလုံချေ။

"သူတို့တတွေ ငါ့အဖြစ်ကိုများ သိနေကြရော့လား"

သူမသည် ဖြစ်နိုင်ချေရှိသည်များကို တွေးလိုက်မိလေ၏။

"အို…မသိနိုင်ပါဘူးလေ"

သူမပြန်၍ အားတင်းလိုက်ရသည်။

"အစ်မ စိတ်ချမ်းသာမယ်ဆိုယင် ကျွန်မယူသွားပါ့မယ် အစ်မရယ်"

"ယူသွားရုံနဲ့တော့ စိတ်မချမ်းသာသေးဘူး"



"ဟင်…ဒါဖြင့်"

ပိုကျူက ပြုံးလိုက်ပြီး…

"တခုခုသုံးစွဲဖြစ်အောင် သုံးစွဲမှ စိတ်ချမ်းသာမယ်"

ချိုလင်းစုသည် သက်ပြင်းတချက်ကို ချကာ…

"ကောင်းပါပြီ…အစ်မရယ်"

သည်မျှသာ ပြန်ပြောနိုင်တော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၇)

## ရုပ်ဖျက်လာသူ

စွမ်းရှိမင်းနှင့် ကေးမူတို့သည် အလွန်သင့်လျော်သော နေရာတခုကို ရွေးချယ်ခဲ့ကြလေ၏။

ထိုနေရာသည် ကင်းသမားနှင့် ခွေးများလည်း လက်လှမ်းမမီသော နေရာတခု ဖြစ်သည်။

သို့သော်...

ခွေးဆိုသည်က အလွန်ကြောက်ဖို့ ကောင်းသည်။

ပို၍ ကြောက်စရာကောင်းသည်မှာ သူတို့၏ နှာခေါင်းပင် ဖြစ်သည်။



အနံ့အသက်ရသည်နှင့် အရာဝတ္ထုနောက်သို့ ရအောင် လိုက်နိုင်သည်မှာ ခွေးပင် ဖြစ်၏။

ထို့ကြောင့်...

စွမ်းရှိမင်းသည် လေထင်ကမနေရဲပါ၊ လေအောက်က နေရလေသည်။

ယခုဆိုလျှင် ပို၍ စိတ်ချရသော အချိန်အခါ ဖြစ်လေတော့၏။

အကြောင်းမှာ ခွေးများကို အစာကျွေး၍ ကျွေးနေကြသော ကြောင့် ဖြစ်၏။

အနည်းဆုံးအချိန် တစ်နာရီနီးပါး ကြာပေမည်။

ထိုတစ်နာရီ နီးပါးအချိန်ကို စွမ်းရှိမင်းနှင့် ကေးမူတို့သည် ကောင်းစွာ အသုံးချနိုင်သည်။

သူတို့နှစ်ဦးသည် ဓားတိုနှင့် လှံသွားများကို အသုံးပြု၍ ကာသံဆူးကြိုးများအောက်မှ လူတဦးဝပ်၍ သွားနိုင်အောင် မြောင်းဖော် လိုက်လေသည်။

ထို့နောက် သူတို့နှစ်ဦးသည် ခက်ရာခက်ဆစ်နှင့်ပင် အမြန်ဆုံး အတွင်းသို့ ရောက်အောင် ဝင်ခဲ့ကြသည်။

ကေးမူက နောက်မှနေ၍ မြေများကို ပြန်၍ ယက်ထည့်ပြီး မြက်များ ဖုံးအုပ်ခဲ့သည်။

ထိုကိစ္စအားလုံးသည် နာရီဝက်အတွင်းပင် ချောမောစွာ ပြီးမြောက်ခဲ့လေသည်။

အကျဉ်းစခန်းတွင် သူတို့သည် အတွင်းသို့ ရောက်ရှိသည်နှင့် ချုံကွယ်တခုမှ ထိုင်ကာ အခြေအနေကို အကဲခတ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ပထမဆုံး လုပ်ကြသည်မှာ သူတို့၏ အပေါ်ပိုင်းမှ အဝတ်များကို ချွတ်လိုက်ခြင်းပင် ဖြစ်တော့သည်။

သည်တော့မှလည်း ရုတ်တရက်အားဖြင့် အကျဉ်းစခန်းမှ အလုပ်သမားများနှင့် တူသွားကြသည်။

ကေးမှုသည် မြင်းတကောင်ပေါ်မှ လူအား လက်ညှိုးထိုးပြလိုက်ပြီး ပြောသည်။

"အဲဒီ လူဟာ ရွှေကျာပွတ်ဝမ်ပိဆိုတာပေါ့ ဆရာ၊ သူက ဒီစခန်းကြီးတခုလုံးရဲ့ ကြီးကြပ်ရေးမှူးလေ၊ အမှန်တော့ အကျဉ်းသားတွေကို ရိုက်နှက်စေခိုင်းနေတာပဲ"

စွမ်းရှိမင်းက မှတ်သားထားလိုက်သည်။

ထို့နောက် ကေးမှုက အကျဉ်းစခန်းတဘက်ရှိ ဂေဟာကြီးတလုံးကို လက်ညှိုးညွှန်၍...

စွမ်းရှိမင်းက ခေါင်းညိတ်ပြကာ...

"ကောင်းပြီလေ... တို့နှစ်ယောက် ဝိဝိရိရိနဲ့ လှုပ်ရှားဖို့ပဲလိုတယ်၊ မင်းလည်း အစစအရာရာ သတိထားပါ"

"ကျွန်တော့်အတွက် မပူပါနဲ့၊ ဟော... ဟော... အစ်ကိုရေ ဝမ်ပိ ကျွန်တော်တို့ကို မြင်သွားသလား မသိဘူး၊ ဒီဘက်ကို သူ့မြင်းဒုန်းစိုင်းလာတယ်"

စွမ်းရှိမင်းမှာ ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားပြီး...

"အေး ဖြစ်နိုင်တယ်ကွ"

"ဘယ်လိုလုပ်မလဲ အစ်ကို"

"လာ... တို့ ဟောဒီ ချုံပုတ်ထဲမှာပဲ ပုန်းကြရအောင်"

သူတို့ ထင်ထားသည့်အတိုင်းပင် ဝမ်ပိသည် အလုပ်သမားနှစ်ဦး အချောင်ခိုနေသည်ဟု ထင်ကာ သူ၏မြင်းကို ဒုန်းစိုင်း၍ ပြေးဝင်လာခြင်းပင် ဖြစ်တော့သည်။

♠ ♠ ♠



ကျယ်လောင်သော ခေါင်းလောင်းသံကြောင့် လုပ်ငန်းခွင်မှ အလုပ်သမားများသည် ကိုယ့်တဲတန်းလျားများသို့ အသီးသီးပြန်ကြတော့သည်။

ဝမ်ပိသည် မြင်းတကောင်နှင့် လှည့်ပတ်နေသည်။

သူသည် ကျာပွတ်ကို ခါး၌ချိတ်ကာ လုပ်ငန်းခွင်များ၏ အခြေအနေကို လှည့်ပတ်ကြည့်နေသည်။

ဤသည်ကား သူ့အလုပ်ပင်တည်း။

ထိုစဉ်...

အမျိုးသားများ နေထိုင်သော တန်းလျားမှ လူငယ်တဦးက ထွက်လာကာ ဝမ်ပိရှေ့တွင် ရိုသေစွာ ရပ်တန့်လိုက်ပြီး အစီရင်ခံသည်။

"ဆရာကြီး... အားလုံး အဆင်သင့် ဖြစ်နေပါပြီ"

ဝမ်ပိသည် ထိုလူငယ်အား တချက်ကြည့်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

လူငယ်နောက်မှ လိုက်သွားလေသည်။

တဲတန်းလျားကြီး၏ အနောက်ဘက် အဆောင်တခုသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားသောအခါ စားသောက်စရာများနှင့်အတူ အရက်အိုးများ ခြင်းဆင်ထားသည်ကို တွေ့ရသည်။

ဝမ်ပိသည် ကုလားထိုင်တလုံး၌ အကျအန ဝင်ထိုင်ကာ ကြက်သားကြော်များကို မြိန်ရည်ရှက်ရည်စားရင်းမှ အရက်ကိုလည်း တခွက်ပြီးတခွက် သောက်ချလိုက်လေသည်။

သူ့အား လာခေါ်သည့် လူငယ်က အနားတွင် ရပ်၍ ယပ်ခတ်ပေးနေသည်။

ဝမ်ပိသည် စကားကို လုံးဝမပြောဘဲ အရက်ကိုသာ တခွက်ပြီးတခွက် ဆင့်၍ သောက်ရင်းမှ ကြက်သားကြော်များကိုသာ ဖိ၍ စားနေသည်။

"ဆရာကြီး"

လူငယ်က ခေါ်လိုက်သဖြင့် ဝမ်ပိက မော့ကြည့်လိုက်သည်။

"ပြောလေ"

"ဆရာကြီးအိမ်အတွက် ဘဲကင်ယူသွားအုံးမယ် မဟုတ်လား"

"အေးလေကွာ"

"ကျွန်တော် နစ်ကောင်တောင် ကင်ထားတယ်"

"အေး... မင်းအလိုက်အသိဆုံးပဲ၊ တခြားအကောင်တွေအားကို မကိုးရဘူး..."

"ဆရာကြီး"

"ဟင်"

"မနေ့ညက ဆရာကြီး ဒီက ပြန်သွားတာ အတော်ညနက်တာပဲ၊ အိမ်ကို ဘယ်အချိန်မှ ရောက်သလဲ"



ဝမ်ပိသည် အနည်းငယ် စဉ်းစားသယောင် ပြုလိုက်သည်။ ပြီးမှ...

"အေးကွ... ညက တော်တော်ညဉ့်နက်မှ အိမ်ရောက်တယ်"

"မနေ့က ဆရာကြီး ပြောသွားတော့ လောင်းကစားဝိုင်း ဝင်အုံးမယ်ဆို၊ အခြေအနေ ဘယ့်နှယ်နေသလဲ နိုင်သလား"

ဝမ်ပိက ခေါင်းခါယမ်းရင်း ညည်းညည်းညူညူ ပြန်ဖြေလိုက်လေသည်။

"မနိုင်ပါဘူးကွာ... ရှုံးတယ်"

"ဒီညလဲ ဆက်ချအုံးပေါ့ ဆရာကြီးရဲ့"

"အင်း"

ဝမ်ပိသည် ထိုကဲ့သို့ပြောပြီး၊ ဝသွားဟန်ဖြင့် ထိုင်ရာမှထလိုက်လေ၏။

"ကဲ...ငါပြန်မယ်ဟေ့၊ ဘယ်မှာလဲ ဘဲကင်"

"အို..ရမယ်...ရမယ်၊ ဆရာကြီး မပြန်သေးဘူး ထင်လို့ပါ၊ ဘယ်လိုလဲဆရာကြီး ဒီနေ့အရက်သောက်တာ အေးအေးဆေးဆေး လဲမရှိပါလား"

"ငါ..ကိစ္စရှိလို့"

လူငယ်သည် ဘာမှဆက်မပြောတော့ဘဲ ဘဲကင်နှစ်ကောင်ကိုဆွဲ၍ ပြန်ထွက်လာသည်။

ဝမ်ပိသည် ဘဲကင်ကိုလှမ်းယူ၍ တဲအပြင်ဘက်ထွက်ကာ ဟိုဟိုသည်သည် ကြည့်လိုက်လေသည်။

ထို့နောက် သူက လူငယ်အား...

www.burmeseclassic.com

www.burmeseclassic.com



"ဟော…ငါ့မြင်းကောကွ"

လူငယ်က တချက်ရယ်မောလိုက်ပြီး…

"ဆရာကြီး ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ"

"ဟေ…ငါက ဘာဖြစ်လို့လဲကွ"

ဝမ်ပီ၏အသံမှာ အာလေးလျှာလေးဖြစ်နေသဖြင့် လူငယ်သည်ပြုံးလိုက်သည်။ ပြီးမှ…

"ဆရာကြီးတော့ ဒီနေ့ တော်တော်မူးနေပြီနဲ့တူတယ်၊ မြင်းကို ကျွန်တော်သိမ်းပြီး အစာကျွေးထားလိုက်ပြီလေ"

"သြော်…အေး…အေး"

"ဆရာကြီး"

ဝမ်ပီက ဆတ်ကနဲ လှည့်ကြည့်လိုက်ပြန်သည်။

"ကျာပွတ်ပေးခဲ့လေ၊ ဆရာကြီးလဲ ဒီနေ့ ဘာဖြစ်နေမှန်းမသိဘူး၊ ကျာပွတ်ကို ခါတိုင်း ကျွန်တော် သိမ်းထားပေးနေကျပဲ"

"အေးကွာ ငါလဲ မင်းပြောယင်ခံရမှာပဲ၊ ငါဒီနေ့ ဘာဖြစ်နေမှန်းကို မသိပါဘူး"

ဝမ်ပီက ပြောပြောဆိုဆို ခါးတွင်ချိတ်ထားသော ကျာပွတ်အားဖြုတ်၍ လူငယ်ကိုလှမ်းပေးလိုက်လေ၏။

"ဆရာကြီး ဒီနေ့ အလျင်လိုနေတာ ကျွန်တော်သိပါတယ်"

ဝမ်ပီက မျက်မှောင်ကုပ်လိုက်သည်။

"ကဲ…မင်းပြောစမ်း"

"ဆရာကြီး မိန်းကလေးနေတဲ့ တန်းလျားကို ခဏခဏ ကြည့်နေပုံထောက်တော့ တယောက်ယောက်နဲ့ ချိန်းထားပြီနဲ့တူတယ်"



ဝမ်ပီက သဘောကျသလို ရယ်မောလိုက်လေ၏။

"ဟေး…ဟေး…မင်းမဆိုးဘူး…တော်တယ်၊ ငါ…အဲဒီ မိန်းမလိုင်းကို သွားမလို့ကွ"

လူငယ်က ပြုံးလိုက်ပြီး…

"ကြည့်လဲလုပ်အုံးနော် ဆရာကြီး။ တော်တော်ကြာ လိုင်းမှူးအဘွားချုန်းနဲ့လဲ ဘုကျနေအုံးမယ်"

ဝမ်ပီက အတန်ကြာအောင် ငေးမောနေပြီးမှ ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်သည်။

"အေးကွ…သူ့ကိုတော့ ခပ်ကြောက်ကြောက်ပဲ"

လူငယ်က…

"ကိစ္စမရှိပါဘူး ဆရာကြီးရယ်၊ အဘွားချုန်းကို ဘဲကင်တကောင်သာ ပေးလိုက်ပါ တညလုံးတောင် ခွင့်ပြုအုံးမယ်"

"အေး…အေး…မင်းပြောတာ ဟုတ်တယ်ဟေ့၊ သွားပြီကွာ"

ဝမ်ပီက လက်မြှောက်ပြယင်း တဲအတွင်းမှ ထွက်လာခဲ့လေသည်။

ဝမ်ပီသည် မိန်းမလိုင်းသို့ သွားရောက်သည့် အချိန်မှာ အနည်းငယ် မှောင်စပြုနေပေ၏။

ဝမ်ပီသည် ပါးစပ်မှ ပေါက်ကရသီချင်းများကို သီဆိုကာ မိန်းမလိုင်းဆီသို့ လျှောက်လာခဲ့လေ၏။

မိန်းမလိုင်းသို့ ရောက်သောအခါ…

အဘွားအိုတဦးက သူ့အား ခါးထောက်၍ကြည့်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုအဘွားအိုသည် မိန်းကလေးများ၏ တဲတန်းလျားကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြပ်ထိန်းသိမ်းရသောအဘွားချွန်းပင် ဖြစ်ပေတော့သည်။

အဘွားချွန်းသည် ဝမ်ပိ၏လက်ထဲမှ ဘဲကင်ကို လှမ်းကြည့်ယင်းမှ—

"ဝမ်ပိ…ဒါကဘာယ်ကိုလဲ၊ လက်ထဲမှာလဲ ဘဲကင်နှစ်ကောင်နဲ့ပါလား"

ဝမ်ပိက အာလေးလျှာလေးနှင့် ပြန်၍ပြောလိုက်၏။

"ဟုတ်တယ်ဗျ၊ ခင်ဗျားတို့ မိန်းမလိုင်းက ကလေးမလေးတယောက် နေမကောင်းလို့ လာကြည့်တာဗျ"

"အောင်မာ နင်က ကျူးကျူးကျော်ကျော်..ငါ့အမိန့်မရဘဲ မိန်းကလေးလိုင်းကို ဝင်လာရသလား"

ဝမ်ပိက ရယ်မောလိုက်ပြီး…

"ခင်ဗျားကလဲဗျာ၊ ကျုပ်ကလဲ စေတနာနဲ့ ကလေးမလေးကိုလာကြည့်တာပါဗျ၊ ဘာလဲ ခင်ဗျားကော ဘဲကင်စားချင်သေးလို့လား"

အဘွားချွန်းက ပြုံးလိုက်ပြီး…

"နင်က မူးနေပေမယ့် လူကြီးသူမတွေကိုတော့ သိတတ်သားပဲ"

ဝမ်ပိသည် ဘဲကင်တကောင်ကို အဘွားချွန်းအား လှမ်းပေးလိုက်သည်။

အဘွားချွန်းသည် ဘဲကင်အား အငမ်းမရလှမ်းယူယင်းမှ—

"နင် အရက်ကိုတော့ သိပ်ပြီးထပ်မသောက်နဲ့နော်၊ တော်ရော်ကြာ မိန်းကလေးလိုင်းမှာ မတော်မတရားတွေ ဖြစ်ကုန်လို့ ယမမင်းသိယင် အသတ်ခံနေရအုံးမယ်"



"စိတ်ချပါ အဘွားချွန်း"

ဝမ်ပိသည် ယင်းသို့ပြောယင်းမှ မိန်းမလိုင်းများဆီသို့ လျှောက်သွားလေတော့သည်။

ထိုစဉ် ဝမ်ပိသည်…

အခန်းတခု၏ရှေ့တွင် ရပ်တန့်လိုက်လေတော့သည်။

ပိုကျူနှင့် ဝေယုံချင်းတို့မှာ ရုတ်တရက်မျက်လုံးများပြူးသွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်…

နေ့ဝင်မိုးချုပ်ကာမှ ဝမ်ပိသည် အိမ်မပြန်သေးဘဲ၊ သူမတို့၏အခန်းဆီသို့ ဝင်လာခဲ့သောကြောင့်ပင်တည်း။

သို့သော် ပိုကျူက လှမ်း၍နှုတ်ဆက်လိုက်လေသည်။

"အို..ဆရာဝမ်ပိပါလား၊ ကြွပါရှင်…ကြွပါ၊ ဘာကိစ္စများအထူးရှိပါသလဲ"

ဝမ်ပိသည် ပိုကျူနှင့် ဝေယုံချင်းအား အတန်ကြာအောင်ပင် ငေးကြည့်နေသဖြင့် အမျိုးသမီးနှစ်ဦးမှာ မနေတတ် မထိုင်တတ်အောင်ပင် ဖြစ်သွားတော့သည်။

မိန်းကလေးနှစ်ယောက်သည် တယောက်မျက်နှာတယောက် ကြည့်လိုက်ကြလေသည်။

ဝေယုံချင်းက….

"ဆရာဝမ်ပိ ကိစ္စအထူးရှိလို့လား"

ဝမ်ပိက ခေါင်းညိတ်ပြလိုက်သည်။

"အေး…ငါ နင်တို့ကို ပြောစရာရှိလို့"

ဝေယုံချင်းသည် ပိုကျူ၏မျက်နှာကိုတချက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ပိသည် မူးနေပုံရသည်။

အကယ်၍ မတော်မတရား ကျင့်ကြံမည်ဆိုလျှင် သူတို့နှစ်ဦးသည် ပြန်လည်ခုခံမည်ဟူသောသဘောနှင့် တဦးနှင့်တဦးလက်ဆုပ်၍ အချက်ပေးထားကြသည်။

"ဟုတ်ကဲ့...ဆရာဝမ်ပိ ဘာကိစ္စလဲဆိုတာသာ ပြောပါ"

ဝမ်ပိသည် ဝေယံချင်းအား စူးစူးဝါးဝါးကြည့်လိုက်လေသည်။

သူ၏မျက်နှာသည် ဝေယံချင်းနှင့်တွေ့မှ ပိုမို၍ ခက်ထန်နေသည်ဟုပင် ထင်ရပေသည်။

အဘယ်ကြောင့်ဆိုသော် သူ၏မျက်လုံးနှစ်လုံးသည် အေးစက်စူးရှလွန်းလှပေသည်။

"ငါ စကားပြောချင်တာ ပိုကျူနဲ့"

ဝေယံချင်းသည် ပိုကျူ၏မျက်နှာကို တချက်လှမ်းကြည့်ရာမှ ဝမ်ပိအား ပြန်ကြည့်လိုက်သည်။

"ကျွန်မတို့က သူငယ်ချင်းနှစ်ယောက် အတူတူနေတာဆရာကြီး၊ ပြောစရာရှိလဲ အတူတူပဲပြောပေါ့"

ဝမ်ပိသည် ဝေယံချင်းကို စိုက်ကြည့်ကာ...

"သွား...နင့်မျက်နှာ ငါမကြည့်ချင်ဘူး၊ ထွက်သွားဆို အခုထွက်သွား"

ဝေယံချင်းနှင့်ပိုကျူမှာ ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားလေသည်။

သူတို့နှစ်ဦးသည် ဝမ်ပိက အရက်မူးမူးနှင့် တစုံတခု ပြုလုပ်မှာကို စိုးရိမ်နေမိသည်။



ဤစခန်းတွင်...

ယမမင်းထန်စီးနှင့် ဝမ်ပိသည် ဘုရင်တဆူပင် မဟုတ်ပါလား။

ဤသည်ကို အားလုံးလက်ခံထားကြသည်။

"ရှင် ပိုကျူကို ဘာလုပ်မလို့လဲ၊ ဆရာဝမ်ပိ"

"နင်စကားတယ်ရှည်ပါလား၊ ငါ့အနားက ထွက်ဆိုထွက်သွားစမ်း"

ပိုကျူသည် ဝမ်ပိအား စူးစူးစိုက်စိုက်ကလေး တချက်ကြည့်လိုက်မိသည်။

ထို့နောက်...

သူမ၏မျက်နှာတွင် အပြုံးရိပ် ဖြတ်သန်းသွားလေသည်။

ဝေယံချင်းသည် ပိုကျူ၏အမူအရာကို နားမလည်အောင်ဖြစ်သွားမိလေသည်။

ပိုကျူသည် ဝမ်ပိအား ကြည့်နေယင်းမှ ဝေယံချင်း၏နားနားကပ်ကာ တစုံတခုကို ပြောလိုက်ရာ ဝေယံချင်းမှာ မျက်လုံးကြီးအဆမတန် ပြူးကျယ်သွားပြီး ဝမ်ပိအား ငေးစိုက်ကြည့်နေမိလေသည်။

ဝမ်ပိက...

"နင်တို့ ဘာတွေ တိုးတိုးပြောနေတာလဲ"

ပိုကျူက ပြုံးလိုက်ပြီး...

"ကျွန်မ ဘာပြောတယ်ဆိုတာ ဆရာဝမ်သိချင်သလား"

"အင်း...သိချင်တယ်"

"ဒါဖြင့်လဲ ပြောရမှာပေါ့ အစ်ကိုစွမ်းရှီမင်းရယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟိုက်"

စွမ်းရှိမင်းသည် သူ့အား မည်သူတဦးတယောက်ကမှ သိရှိနိုင်လိမ့်မည်မဟုတ်ဟု ယူဆထားသည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဝမ်ပိအား ဖမ်းဆီးခေါ်ဆောင်ပြီးသည်နှင့် သူ၏အသံကို အမျိုးမျိုးမှတ်သား၍လေ့ကျင့်ခဲ့သည်။

ကေးမူကိုယ်တိုင်က ဝမ်ပိ၏အသံနှင့် တူပါပြီဟု အသေအချာပြောလိုက်သည်။

အကယ်၍ တစုံတရာခုခံလျှင် သတ်ပစ်လိုက်ဟုလည်း ကေးမူအားမှာထားခဲ့သဖြင့် ဝမ်ပိမှာ လုံးဝမလှုပ်ရှားရဲဘဲ ကျန်ရစ်ခဲ့ခြင်းဖြစ်လေတော့သည်။

ထိုအခါ သူလုံးဝမသိသော လူငယ်တဦးက အရက်ခေါ်တိုက်လေသည်။

အမှန်တော့ ဝမ်ပိသည် ညနေတိုင်း ထိုသူငယ်အား ယင်းကဲ့သို့စားသောက်ဖွယ်ရာများ ပြင်ဆင်ခိုင်းထားခြင်းဖြစ်ပေလိမ့်မည်။

စွမ်းရှိမင်းသည် ထိုသူငယ်၏နာမည်ကို မသိခဲ့ရသော်လည်း ဝမ်ပိ၏ တပည့်တဦးမှန်းတော့ သိခဲ့သည်။

ထိုတပည့်ဖြစ်သူကတောင် မရိပ်မိသဖြင့် သူသည် စိတ်ချလက်ချ ဖြစ်သွားသော်လည်း ယခု ပိုကျူးက သိရှိသွားသည့်အတွက် အံ့ဩသွားမိသည်။

သူသည် ပိုကျူးနှင့် ဝေယံချင်းကို တွေ့လိုက်ရသည့်အခါတွင် ပို၍အံ့ဩသွားရသည်။

ရှေးဦးစွာ အလွန်အမင်း အံ့ဩသွားမိသည်မှာ တချိန်က



သူ့အားလှည့်စားခဲ့သည့် ကြေအော့လန်အား တွေ့မြင်လိုက်ရသဖြင့် အံ့ဩတုန်လှုပ်သွားမိသည့်အပြင် ဒေါသလည်းထွက်သွားသည်။

နောက်တချက် အံ့ဩဝမ်းသာသွားရသည်မှာ ပိုကျူးမျက်လုံးများ ပြန်မြင်နေသည်ကို ဘယ်လိုမှ မယုံကြည်နိုင်အောင် ဖြစ်နေပေတော့သည်။

သူ့အသံဖျက်၍ ပြောနေသည်ကို ပိုကျူးမှတ်မိသွားခြင်းအတွက် သူအလွန်အမင်း အံ့ဩသွားမိတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ကြွေအော့လန်(ခေါ်) ဝေယံ့ချင်းသည် စွမ်းရီမင်းအား မျက်နှာချင်းမဆိုင်ဝံ့တော့သကဲ့သို့ ခပ်ဝေးဝေးတွင် သွားရောက်ကာ ငြိမ်သက်နေ၏။

ပိုက်ျူက ဥပဒေမဲ့နယ်မြေသို့ စတင်ရောက်ရှိပြီး၊ ယနေ့အချိန်အထိ အဖြစ်အပျက်မျိုးစုံကို တခုမကျန် ပြန်ပြောပြ၏။

တဖန် ဝေယံ့ချင်း၏ သူမအပေါ်ထားသော စေတနာနှင့် တချိန်က အဖြစ်အပျက်များကိုပါ စွမ်းရီမင်း နားလည်အောင် တဖြည်းဖြည်းချင်း ပြောပြလိုက်သည်။

သို့သော်…

စွမ်းရီမင်းမှာ…

မျက်နှာညိုးငယ်သွားသည်မှအပ ဘာမှမထူးခြားသကဲ့သို့ ဖြစ်နေသည်။

ယခုအချိန်တွင်…

သူသည် မည်သူ၏ကိစ္စကိုမှ ခေါင်းထဲထည့်၍ မစဉ်းစားနိုင်သေးပါ။

သူ့မှာ လုပ်ဆောင်စရာတွေက တပုံတပင်ရှိနေသည် မဟုတ်ပါလား။

ထိုအထဲတွင် ချိုလင်းစု ဒုက္ခရောက်နေပုံကို ကြားရသောအခါ အတော် စိတ်မကောင်းဖြစ်သွားသည်။

စွမ်းရီမင်းသည် ပိုက်ျူအား အကျိုးအကြောင်း ပြောပြ၍ တနေရာတွင် ပုန်းကွယ်နေရသော ကေးမူအား သွားခေါ်ပေးရန် ပြောကြားသောအခါ ပိုက်ျူက ဝေယံ့ချင်းအား အကူအညီတောင်း၍ ဝေယံ့ချင်းသည် အနောက်ဘက်တောတန်းဆီသို့ ပြေးထွက်သွားလေသည်။



စွမ်းရီမင်းမှာ ဤစခန်းမှ အဖြစ်အပျက်မျိုးစုံကို သိရှိထားပြီဖြစ်၍ အတော်ပင် အားတက်သွားလေသည်။

ထို့ကြောင့်…

သူက ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးနေတော့သည်။

"ဒါဖြင့် သမားတော်ကြီးကျူလျှန်ဆီမှာ သိုင်းပညာပြန်ကောင်းစေတဲ့ ဆေးလုံးတွေလဲ ရှိနေတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ သူ့မှာ အဲဒီဆေးလုံးတွေရှိတယ်"

စွမ်းရီမင်းသည် ထိုအချက်ကို ခေါင်းထဲသို့ထည့်ထားလိုက်လေသည်။

"အခု ပိုက်ျူရဲ့အဖေကိုလဲ လုံးဝစုံစမ်းလို့ မရသေးဘူးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မစိတ်ထင်တော့ သတ်ပဲသတ်လိုက်လေပြီလား၊ ဒါမှမဟုတ် တခြားတနေရာမှာပဲချုပ်နှောင်ထားသလားဆိုတာ စဉ်းစားလို့ကိုမရသေးဘူး"

သူမ၏စကားများကို စွမ်းရီမင်းက လေးလေးနက်နက် စဉ်းစားနေ၏။

ပိုက်ျူသည် ဝမ်ပိအသွင် ဖန်တီးထားသော စွမ်းရီမင်းအားကြည့်ကာ ဝမ်းထဲ၌ မရိုးသိပ်နိုင်တော့ဘဲ…

"အစ်ကို"

"ဟင်"

"ကျွန်မ အစ်ကို့ကို မြင်ချင်လှပြီ၊ မျက်နှာဖုံးကြီးချွတ်လိုက်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ရှူး...တိုးတိုးပြောပါ၊ ဘေးကကြားမှဖြင့်"

"မကြားပါဘူး၊ ကျွန်မတို့က အစွန်ဆုံးအခန်းပဲ၊ ဟိုဘက်ခန်းကလဲ ပျက်စီးနေလို့ ဘယ်သူမှမနေဘူး"

"ဒါဖြင့် အတော်ပဲ"

"ဘာဖြစ်လို့လဲဟင်"

"ဝမ်ပိကို အဲဒီမှာဂုက်ထားရမယ်"

"စိတ်ချပါ၊ ကျွန်မဒီကောင်ကြီးကို ကောင်းကောင်းဒုက္ခပေးထားပါ့မယ်"

"ကေးမှုကိုလဲ နည်းနည်းစောင့်ရှောက်ထားပါအုံး"

"ဒီကိစ္စတွေ အစ်ကိုဘာမှမပူပါနဲ့၊ ကျွန်မပြောတာကိုလဲ အရေးထားပါအုံး"

စွမ်းရှိမင်းက ခေါင်းခါယမ်းပြလိုက်သည်။

"နေစမ်းပါအုံးလေ၊ နောက်တော့ သရဲသဘက်လိုမျက်နှာကို မြင်ရမှာပေါ့၊ ဒါထက် ပိုကျူ အစ်ကို့ကို ဘယ်လိုမှတ်မိတာလဲဟင်"

ပိုကျူက လှလှပပကလေး ပြုံးလိုက်ယင်းမှ....

"အနံ့ကြောင့်တော့ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ အင်္ကျီကဝမ်ပိရဲ့အင်္ကျီမဟုတ်လား၊ ဒီကြားထဲက အရက်နံ့တွေကပါ မွှန်နေတော့ လုံးဝဖမ်းလို့မရဘူး"

"ဒီတော့"

"အစ်ကို့အသံဟာ တခါတခါ ပုံမှန်ဝင်လာတယ်၊ နောက်ပြီး နေ့လည်က ပြေပြေလည်လည် စကားပြောနေတဲ့ ဝမ်ပိဟာ ဘယ်နည်းနဲ့မှ ဝေယံချင်းကို နှင်မထုတ်ဘူး၊ အဲဒီမှာ ကျွန်မသံသယ ဝင်လာပြီး အစ်ကို့အသံကို ပိုပြီးဂရုစိုက် နားထောင်လိုက်တယ်"



"ဒါနဲ့ပဲ သိရော့လား"

"နောက်ပြီး ဝမ်ပိဟာ မိန်းမတဲတန်းလျားတွေဆီ အခုလို ညဘက်ဘယ်တော့မှလဲ မလာတတ်ဘူး၊ အဲဒီမှာတင် ကျွန်မသိတာပဲ"

ထိုစဉ် စွမ်းရှိမင်းသည် ထိုင်ရာမှထလိုက်ပြီး...

"ကဲ...အစ်ကို သွားစရာတွေရှိသေးတယ်၊ ကေးမှုနဲ့ ဝမ်ပိကို နည်းနည်းဂရုစိုက်လိုက်ပါ"

ပိုကျူက စိုးရိမ်စွာဖြင့်...

"အစ်ကို ဘာပဲလုပ်လုပ် သတိဝီရိယနဲ့ လုပ်ပါနော်"

"စိတ်ချပါ၊ အခုဆိုယင် ဝမ်ပိရဲ့လုပ်ဆောင်ချက်တွေကို အားလုံးသိထားပြီဆိုတော့ လွယ်ကူပါတယ်၊ ကဲ အစ်ကိုသွားမယ်"

စွမ်းရှိမင်းသည် ဝမ်ပိကဲ့သို့ဟန်ဆောင်ထားသူဖြစ်သောကြောင့် အရက်များအလွန်မူးနေဟန်ဖြင့် ဒယီးဒယိုင်ထွက်၍သွားတော့သည်။

သူသည် အကျဉ်းစခန်းမှ တဲတန်းလျားများ၊ တိရစ္ဆာန်မွေးမြူထားသော အဆောက်အအုံများကို တခုပြီးတခု ကျော်လွှား၍ လျှောက်လာခဲ့ပေရာ၊ မကြာမီ အဆောက်အအုံကြီးတခုကို တွေ့လိုက်ရသည်။

စနေဗြိုဟ်စံမြန်းရာ အဆောက်အအုံပင် ဖြစ်လေတော့သည်။

ကြီးမားကျယ်ဝန်းလှပြီး အစောင့်များချထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီမင်းသည် ထိုအရှေ့မှဖြတ်လျှောက်သောအခါတွင် ရင်ထဲ၌ ရုတ်တရက် စိုးရိမ်ထိတ်လန့်သွားသည်။

သို့သော်...

သူသည် စွမ်းရီမင်းမဟုတ်ဘဲ ဝမ်ပိဖြစ်နေသည်ကို ပြန်လည်သတိရမိမှ ရင်ထဲတွင် အေးသွားရလေသည်။

ထိုရှေ့မှ လွန်မြောက်သောအခါ ရှည်လျားသော စင်္ကြံလမ်းတခုကို တွေ့လိုက်ရသည်။

ထိုလမ်းအတိုင်း သူကခြေလှမ်းမှန်မှန်ဖြင့် ပါးစပ်မှလည်း တစုံတခုကို မပီမသသီဆိုကာ လျှောက်လာခဲ့စဉ် ကြီးမားသော တံခါးကြီးတခုကို တွေ့လိုက်ရလေသည်။

ထိုတံခါးထိပ်တွင် အစောင့်တဲတခုက ရှိနေသည်။

ဤတံခါးသည် တံတားဖြတ်ကူးရန် တံတားပင်ဖြစ်သည်ကို စွမ်းရီမင်းက တွေ့ရှိလိုက်ရသည်။

သူက ပုံမှန်မလျှောက်ဘဲ အရက်မူးလာဟန်ဖြင့် ဒယီးဒယိုင် လျှောက်လာခဲ့သည်။

ဝမ်ပိသည် ထိုကဲ့သို့ပင် အချိန်မတော်မှ အရက်မူးပြီးပြန်တတ်ကြောင်း စွမ်းရီမင်းက သိထားသောကြောင့်ပင်...။

ထိုစဉ် အစောင့်တဦးက လှမ်းပြောလိုက်သည်။

"ဘယ်လိုလဲ ဆရာဝမ်ပိ ရေချိန်ကိုက်လာပြီလား"

ဝမ်ပိက ရပ်တန့်၍ အကဲခတ်ယင်းမှ...

"ထုံးစံအတိုင်းပေါ့ကွာ၊ မင်းတို့ကော သောက်ပြီးကြပြီမဟုတ်လား"

အစောင့်တဦးသည် ဝမ်ပိ၏အနီးသို့ လျှောက်လာလေ



တော့သည်။

ဝမ်ပိအသွင် ဆောင်ထားရသော စွမ်းရီမင်းသည် ရင်ထဲ၌ ထိတ်ကနဲဖြစ်သွားလေသည်။

"ဘယ်မှာလဲဗျ၊ ဒီည ကျုပ်တို့ဖို့ အရက်တအိုးယူလာခဲ့မယ်ဆို"

စွမ်းရီမင်းသည် ယခုမှရင်ထဲတွင် အနည်းငယ် အေးသွားပြီး

"အို...ဟုတ်ပါရဲ့၊ ငါမေ့လိုက်တာကွာ၊ ကဲ..မနက်ဖြန်တော့ ငါဆက်ဆက် ယူလာခဲ့ပါ့မယ်ကွာနော်"

အစောင့်သည် မကျေမနပ်ဖြင့် ဝမ်ပိအားကြည့်ကာ...

"ခင်ဗျား ညာတတ်လာပြီနော်"

ဟုပြောဆိုပြီး တံခါးကိုဖွင့်ပေးလိုက်လေ၏။

ဝမ်ပိသည် အစောင့်အား ဘာမှပြန်မပြောတော့ဘဲ အသံခပ်တိုးတိုးဖြင့် ရယ်မောယင်း တံတားပေါ်မှ ဖြတ်ကူးသွားလေတော့၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၈)

## သိမ်းသွင်းခြင်း

ချိုလင်းစုမှာ လုံးဝအိပ်ချင်စိတ်မရှိပါ။

သူမ၏စိတ်များသည် အတော်ပင် လှုပ်ရှားနေ၏။

သူမသည် ထိုကဲ့သို့ လှုပ်ရှားနေသည့်စိတ်များ တည်ငြိမ်စေရန် အရက်ခပ်ပြင်းပြင်း တခွက်ကို သောက်ချလိုက်၏။

သို့သော် တည်ငြိမ်၍မသွားဘဲ လှုပ်ရှားမြဲ လှုပ်ရှားနေ၏။

သူမသည် ယနေ့ညအဖို့ တစုံတခုတော့ လုပ်မှသင့်တော်မည်ဟုလည်း တွေးမိလိုက်သည်။

တစုံတခု မလုပ်၍လည်း မရတော့ပါ။



ဝမ်ဝီသည် တစထက်တစ ဆိုးလာပြီ မဟုတ်ပါလား။

သူ့မှာရှိသမျှပစ္စည်းများလည်း ကုန်ခမ်းသွားပြီဖြစ်သည့်အပြင် မိတ်ဆွေများဆီမှပင် ချေးငှားနေရတော့သည်။

ဤကိစ္စများကိုသာ တတိယကြယ်က သိရှိပါလျှင် သူမအတွက် မစဉ်းစားဝံ့စရာပင်။

သူမ၏အသက် အန္တရာယ်ပင် ထိခိုက်နိုင်သည်။

သူသေလျှင် စွမ်းရီမင်းနှင့် ဝေးကွာရမည်။

ထို့ကြောင့် သူမသည် လုပ်သင့်လုပ်ထိုက်သော ကိစ္စတခုကိုတော့ လုပ်ရတော့မည်ဟု စဉ်းစားမိသည်။

မည်သို့လုပ်မည်နည်း။

သူမ စိတ်ကူးမိသည်မှာ ဝမ်ဝီအား တခါတည်းကိစ္စတုန်းလိုက်ရန်ပင် ဖြစ်တော့သည်။

ထို့ကြောင့်....

ချိုလင်းစုသည် ထက်လှသော ဓားမြှောင်တလက်အား သူမ၏ခါးကြားသို့ ထိုးသွင်းထားပေသည်။

ယနေ့ညတွင် ဝမ်ဝီသည် သူမထံ၌ ငွေယူရန် လာဦးမည် မဟုတ်ပါလား။

ချိုလင်းစုသည် ပိုကျူ ပေးလိုက်သော စိန်ဖြင့် ပြုလုပ်ထားသည့် နားဆွဲအား ထုခွဲရောင်းချ၍ ပေးမည်ဆိုလျှင် ဖြစ်ပါသည်။

သို့သော် သူမ ပစ္စည်းကို ဤကဲ့သို့ မပြုလုပ်ရက်ပါ။

တနေ့တချိန်တွင် ပိုကျူအား ပြန်လည်ပေးရမည်ဟု ဆုံးဖြတ်ထားပြီး သိမ်းဆည်းထားလိုက်သည်။

သူမသည် အနည်းငယ် ညဥ့်နက်လာသည်နှင့်အမျှ စိတ်

www.burmeseclassic.com

www.burmeseclassic.com



များကလည်း လှုပ်ရှားလာပေသည်။

ထို့ကြောင့် အရက်ကိုသာ ဖိ၍ သောက်ချလိုက်၏။

ယင်းအခိုက်...

"ဒေါင်... ဒေါင်... ဒေါင်..."

အိမ်ရှေ့မှ ခေါင်းလောင်းသံကို ရုတ်တရက် ကြားလိုက်ရလေသည်။

ချိုလင်းစုက တံခါးဝမှ အသာအယာ ရပ်၍ လှမ်းကြည့်လိုက်သည်။

တံခါးဆွဲဖွင့်လိုက်သောအခါ အဖြူရောင်ဝတ်စုံနှင့် ဝင်လာသော ဝမ်ပိကို တွေ့လိုက်ရလေသည်။

သူမသည် အံကို တင်းတင်းကြိတ်ထား၏။

ထို့နောက် ခါးမှ ဓားမြှောင်ကိုလည်း အသာထုတ်ယူကာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

ထိုစဉ်မှာပင်...

ဒယီးဒယိုင်ဖြင့် ဝင်လာသော ဝမ်ပိအား တံခါးအကွယ်မှနေ၍ ရင်ဝဆီသို့ ဓားနှင့်ဆီးထိုးလိုက်လေတော့၏။

သို့သော် သူမ၏ဓားသည် ဝမ်ပိ၏ရင်ဝဆီသို့ မထိုးမိဘဲ သူမ၏လက်ကောက်ဝတ်ကိုသာ သန်မာသောလက်ကြီးနှင့် ဖမ်းဆီးဆုပ်ကိုင်ထားခြင်းကို ခံလိုက်ရလေတော့သည်။

"လွှတ်... ရှင်လွှတ်ပါ"

သူမက သံကုန်ဟစ်၍ အော်လိုက်လေသည်။

ဝမ်ပိအသွင် ဟန်ဆောင်ထားရသော စွမ်းရှီမင်းသည် သူမ၏ပါးစပ်ကို လျှင်မြန်စွာ လှမ်းပိတ်လိုက်လေသည်။



ထို့နောက် သူသည် ချိုလင်းစုအား ချုပ်ကိုင် ဆွဲခေါ်သွားကာ အခန်းတံခါးကို ပိတ်လိုက်တော့၏။

"ရှင်... ရှင်..."

သူမက အော်ဟစ်ရန် ကြိုးစားသေးသည်။

သို့သော် မျက်နှာဖုံး ဆွဲချွတ်လိုက်သော စွမ်းရှီမင်း၏ မျက်နှာကို ရုတ်တရက် မြင်လိုက်ရသည်တွင် သူမမှာ အံ့ဩဝမ်းသာသွားတော့သည်။

"အစ်ကို... အစ်ကို ပြန်လာတယ်နော်... ဝမ်းသာလိုက်တာ အစ်ကိုရယ်"

စွမ်းရှီမင်းက သူမ၏ ပခုံးကို သိုင်းဖက်ထားရင်း...

"ညီမ ဘာဖြစ်လို့ ဝမ်ပိကို ဓားနဲ့ ထိုးရတာလဲ"

ရယ်ရယ်မောမောနှင့် မေးလိုက်လေသည်။

ချိုလင်းစုသည် စွမ်းရှီမင်းအား မျက်စောင်းထိုးကာ...

"အစ်ကို မကောင်းဘူး၊ တကယ်လို့ ကျွန်မ ထိုးတာ ထိသွားရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

စွမ်းရှီမင်းက တဟားဟား ရယ်မောလိုက်လေသည်။

"အိမ်တံခါး ပိတ်ထားတော့ ညီမမှ ရှိပါ့မလားလို့ အစ်ကို စိုးရိမ်နေတာ..."

ချိုလင်းစုက စွမ်းရှီမင်းကို စိုးရိမ်သလို ကြည့်လိုက်ရင်း...

"ဒါနဲ့ အစ်ကို၊ အစ်ကို အခု ဘယ်လိုက ဘယ်လို ဖြစ်လာတာလဲဟင်"

စွမ်းရှီမင်းက သူ ဖြစ်ခဲ့ရသမျှကို သူမအား ယုံကြည်စွာဖြင့် ပြောပြလိုက်သောအခါ ချိုလင်းစုသည် မျက်လုံးကလေး အဝိုင်းသား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နားထောင်နေရင်းမှ အံ့ဩ တုန်လှုပ်သွားလေသည်။

"အဲ... အဲဒါဖြင့်... အစ်ကို လူသိခံလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဟုတ်တယ်လေ... ဒါကြောင့်မို့ ဝမ်ပိလို ဖန်တီးထားရတာ ပေါ့"

စွမ်းရီမင်းက ယင်းသို့ ပြောရင်းမှ ဆွဲကြိုးတကုံးနှင့် အဖိုး တန်လှသော နားဆွဲတစုံကို ထုတ်ပြလိုက်လေရာ ချိုလင်းစု၏မျက် လုံးအစုံမှာ ပြူးကျယ်သွားတော့သည်။

"ဒါ... ဒါတွေဟာ ညီမရဲ့ ပစ္စည်းတွေပဲ အစ်ကို ဘယ်က ရခဲ့သလဲဟင်"

စွမ်းရီမင်းက ပြုံးလိုက်လေသည်။

"ဒါတွေ ဝမ်ပိက ဖောင်းသွားတယ် မဟုတ်လား၊ အခု ဝမ်ပိက ပြန်ပေးပြီပဲ ဘာမေးစရာ လိုသေးသလဲ"

ချိုလင်းစုသည် စွမ်းရီမင်းအား မျက်လုံးအပြူးသားဖြင့် ကြည့်ကာ...

"ဟင်... အစ်ကို သူ့အိမ်ကိုပါ ရောက်ခဲ့ပြီပေါ့လေ၊ ကြည့်လုပ်ပါအုံး အစ်ကိုရယ်၊ ဒါထက် ဝမ်ပိက အခု ဘယ်မှာလဲ"

"ဝမ်ပိ အကျဉ်းစခန်းမှာ ကောင်းကောင်း အိပ်မောကျနေပြီ"

ချိုလင်းစုသည် စွမ်းရီမင်းအား ကြည့်ကာ စိတ်မောစွာဖြင့် သက်ပြင်းတချက်ချလိုက်လေသည်။

"အစ်ကို ရှေ့ကို ဘယ်လို စခန်းသွားမယ် စိတ်ကူးထားသလဲ ဟင်"

"ညီမ အသာကလေးနေပါ၊ အစ်ကို ကြံဖန်ပြီး လုပ်ပါ့မယ် ဒါပေမယ့်... ညီမရယ်"

"ဟင်... ပြောလေ အစ်ကို"

"အစ်ကိုဟာ မလွဲသာမရှောင်သာ ကြယ်သုံးလုံးနဲ့တော့ တနေ့မှာ တွေ့ရ၊ ရင်ဆိုင်ရမှာပဲ၊ အဲဒီအခါမှာ..."

ချိုလင်းစု၏မျက်နှာသည် ရုတ်တရက် ညှိုးလျော့သွားသော် လည်း စွမ်းရီမင်းကိုတော့ ပြုံးပြလိုက်သည်။

"အို... ဘယ်တတ်နိုင်မှာလဲ အစ်ကို၊ တကယ်တော့လဲ ဖေ ဖေတို့ရဲ့ လုပ်ငန်းတွေဟာ ဒုစရိုက်အလုပ်တွေဆိုတာ ကျွန်မ စဉ်း စားမိတာ ကြာပါပြီ၊ ဒုစရိုက်သမားအတွက် အပြစ်ဒဏ်ပဲပေါ့"

"အစ်ကို အဲဒီ ဒုစရိုက်လုပ်ငန်းတွေကို တိုက်ဖျက်မှာ ညီမ သဘောတူတယ်ပေါ့... ဟုတ်လား"

ချိုလင်းစုက ခေါင်းကို ဆတ်ကနဲ ညိတ်ပြသည်။

စိတ်လိုလက်ရ ခေါင်းညိတ်ပြခြင်း ဖြစ်သည်။

"ကျွန်မ သဘောတူပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် အစ်ကို တယောက်တည်း လှုပ်ရှားရမယ့် အလုပ်ဆိုတော့ ဖြစ်နိုင်ပါ့မလားလို့ ကျွန်မ စိုးရိမ်မိတယ်"

စွမ်းရီမင်းသည် ချိုလင်းစု၏ပခုံးကို အသာအယာ ဖက်ထား ရင်းမှ...

"အစ်ကို့ကိုတော့ ကျွန်မ တကယ်ပဲ ချီးကျူးတယ်၊ အစ်ကို ဟာ ညီမ ထင်ထားသလို သူရဲကောင်းပဲ..."

"အစ်ကိုကလည်း ညီမရဲ့ စိတ်ထားနဲ့ ညီမရဲ့ လုပ်ဆောင် ချက်တွေကို ချီးကျူးပါတယ်"

စွမ်းရီမင်းသည် ယင်းကဲ့သို့ ပြောပြီးသည်နှင့် မီးအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ငြိမ်းလိုက်လေရာ တခန်းလုံး အမှောင်အတိ ကျသွားတော့သည်။

♣ ♣ ♣

နောက်တနေ့နံနက်ခင်း...

ဝမ်ပိအသွင် ဆောင်ထားသော စွမ်းရှိမင်းသည် ယမမင်း ထန်စီး၏ အိမ်အတွင်းသို့ ဝင်ရောက်သွားသည်။

အဘိုးအိုတဦး ဖြစ်နေပြီဖြစ်သော ထန်စီးသည် ဝမ်ပိအား အေးစက်စွာ ကြည့်လိုက်လေ၏။

"မင်း... ညဘက် ညဘက် အရက်တွေ သိပ်သောက်နေတယ်ဆို..."

ဝမ်ပိက ခေါင်းကို ခပ်ဖြည်းဖြည်းညိတ်၍ ဝန်ခံလိုက်သည်။

"အခုတလော အလုပ်နည်းနည်း ပင်ပန်းတာနဲ့ များများလေး သောက်မိပါတယ် ဆရာကြီး"

"ကောင်းပြီလေ၊ ဒါပေမယ့်... အမျိုးသမီးတန်းလျားဘက် သွားပြီးတော့ မတော်မရော်လုပ်တဲ့ အလုပ်တွေတော့ မလုပ်နဲ့နော်၊ ဒါမျိုး ငါ မကြိုက်ဘူး..."

"ဟုတ်ကဲ့... ကျွန်တော် အဲဒီ အလုပ်မျိုးတော့ မလုပ်ပါဘူး။ ကလေးမလေးတယောက် နေမကောင်းလို့ သွားကြည့်တာပဲ ရှိပါတယ်"



ထန်စီးက သူ့အား ခပ်စိမ်းစိမ်း ကြည့်ကာ...

"အော်... ဟုတ်လား။ အခုကော ဘယ့်နှယ်နေသေးသလဲ"

"အခုလဲ နေမကောင်းသေးပါဘူး၊ ဒါကြောင့်မို့ သူ့အဖော် တယောက်ကိုပါ အနားပေးပြီး ပြုစုခိုင်းထားပါတယ်"

"အေး... အေး... လိုအပ်ရင် သမားတော်ကြီးဆီ သွားပြပါ။ နောက်တော့ ကုန်ကျငွေကို မှတ်ထား။ ငါ့ဆီ ပြန်တောင်း ဟုတ်လား"

"ဟုတ်ကဲ့... ကောင်းပါပြီ"

ထိုစဉ်... ထန်စီးသည် တစုံတခုကို သတိရသွားပြီး...

"ဒါနဲ့... ဝမ်ပိ"

"ဟုတ်ကဲ့... ဆရာကြီး"

"ဒီနေ့... မင်းနဲ့ ငါ မြေတိုက်ခန်းမှာ လှည့်ပြီး စစ်ဆေးရအုံးမယ်၊ နေ့လည်ကျရင် လာခဲ့ပါ"

ဝမ်ပိက ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်သည်။

"ကောင်းပါပြီ... ဆရာကြီး"

စွမ်းရှိမင်းသည် လျှို့ဝှက်မှု တစုံတခုကို ရရှိလိုက်ပြီ ဖြစ်သည်။

မြေတိုက်ခန်း...

သူ ဤနယ်မြေသို့ ရောက်ရှိသည့်နေ့မှစ၍ တခါမှ မကြားဘူးသေးသော စကားတလုံးပင် ဖြစ်လေသည်။

တကယ့် အထူးအဆန်း စကားပင် ဖြစ်ပါ၏။

မြေတိုက်ခန်း...

မြေတိုက်ခန်းသည် မည်သည့်နေရာ၌ ရှိပါသနည်း။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ထိုခြေတိုက်ခန်းကို ယနေ့ နေ့လည်တွင် သိရှိရတော့မည်မို့ စွမ်းရှိမင်းမှာ စိတ်ထဲမှ အတော်ကျေနပ်နေမိသည်။

သူသည် ထန်စီး၏အိမ်ထဲမှ ထွက်လာပြီး ညက အရက်သောက်ရသော အခန်းကလေးဆီသို့ လျှောက်လာခဲ့လေသည်။

ထိုနေရာတွင် သူ၏မြင်းနှင့် ကျာပွတ်ကို ယူရမည် မဟုတ်ပါလား။

ထို့ကြောင့်…

သူသည် ညက အရက်သောက်ခဲ့သည့် တဲအတွင်းသို့ ဝင်လာခဲ့ရာ လူငယ်က သူ၏မြင်းနှင့် ကျာပွတ်ကို အဆင်သင့် ပြုလုပ်ထားသည်ကို တွေ့ရပေသည်။

သူသည် လူငယ်ထံမှ ကျာပွတ်ကို လှမ်းယူလိုက်ပြီး မြင်းပေါ်သို့ ခုန်တက်လိုက်လေသည်။

"ဆရာ ညနေ ကျွန်တော် ဘာလုပ်ထားရမလဲ"

ဝမ်ဝိက တချက် စဉ်းစားလိုက်ပြီး…

"ထုံးစံအတိုင်းပေါ့ကွာ"

"ဘဲကော ကင်လာရအုံးမလား ဆရာ၊ နှစ်ကောင်ပဲပေါ့"

ဝမ်ဝိက ခေါင်းညိတ်ပြလိုက်၏။

"မင်းလိမ္မာတယ်…"

"အေး…"

"ဒါဖြင့်… ကျွန်တော် ဒီနေ့ အလုပ်နားလိုက်မယ်နော်"

ဝမ်ဝိသည် လူငယ်အား တချက် ကြည့်လိုက်၏။

"ဒီနေ့ တနေ့လုံး မဟုတ်ဘူး၊ မင်း အမြဲတန်း အလုပ်ခွင်ကို မသွားနဲ့တော့"



လူငယ်သည် အလွန် ဝမ်းသာအားရ ဖြစ်သွားလေ၏။

ဝမ်ဝိအား အရှိအသေ ပေးလိုက်သည်။

"ကျေးဇူးပါပဲ ဆရာရယ်"

♠ ♠ ♠

စွမ်းရှိမင်းသည် ဝမ်ဝိတဲ့သို့ မြင်းတကောင်နှင့် လှည့်လည်နေပေသည်။

မည်သူတဦးတယောက်တမှ သူ၏မျက်နှာအား မော့၍ကြည့်ကြသည်ကို မတွေ့ရပေ။

ကြောက်၍လည်း ဖြစ်နိုင်သည်။

သို့မဟုတ်…

ရွံရှာမုန်းတီးပြီး ကြည့်ချင်စိတ် မရှိ၍လည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဆိုစေ သူ့အား မည်သူတဦးတယောက်ကမှ မော့၍ မကြည့်ကြပေ။

ကိုယ့်အလုပ်ကိုသာ ကြိုးရှန်း၍ လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

ထိုစဉ် ဆိတ်များအား အစာကျွေးနေသော လူငယ်တဦးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဝမ်ဝိ၏အနီးသို့ ကပ်လာသည်။

ထိုလူငယ်၏ အရုပ်အမောင်းမှာ သန်မာထွားကျိုင်းပြီး မြင့်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

သူ၏လှုပ်ရှားပုံမှာ နှေးကွေးလှ၏။

"ဘာဘာ..."

ဝမ်ပိက သူ့အား လှည့်ကြည့်လိုက်သည်။

"မင်း ဘာပြောချင်လို့လဲ"

"ဒီနေ့ ကျွန်တော့် ညီမလေးတယောက် အလုပ်ဆင်းတာ မတွေ့ဘူး နေများမကောင်းလို့လား မသိဘူး၊ ကျွန်တော် သွားကြည့်ပါရစေ"

ဝမ်ပိအသွင်နှင့် စွမ်းရီမင်းသည် ထိုလူအား သေသေချာချာ ကြည့်မိလိုက်သည်။

အသက်မှာ သူ့ထက်ပင် အနည်းငယ် ကြီးပုံရ၏

"မင်း ညီမက ဘယ်သူလဲ"

"ဝေယုံချင်းပါ"

စွမ်းရီမင်းမှာ ထိုလူကို ပို၍ စိတ်ဝင်စားသွား၏။

ညက ပိုကျူ ပြောပြသော ဝေယုံချင်း၏အစ်ကိုပင် ဖြစ်လိမ့်မည်ဟုလည်း ယူဆမိလိုက်သည်။

"သူနေကောင်းပါတယ်၊ မှါပေမယ့် ခင်ဗျား သွားချင်သွားလေ၊ ငါလည်း အဲဒီကို အခုပဲ လိုက်လာခဲ့မယ်"

ထိုလူမှာ အတော်ပင် ဝမ်းသာသွားမိတော့သည်။

အမြဲတန်း ခက်ထန်မာကျောနေသော ဝမ်ပိတယောက်၊ ယခုအခါ သဘောကောင်းပြီး စကားပြောလည်း ချိုနေသည်ကို တွေ့ရသောအခါ ကြားရသူများမှာ အံ့အားသင့်၍ နေကြတော့သည်။

လူငယ်သည် ဝမ်ပိအား ကျေးဇူးတင်သော မျက်နှာဖြင့် ကြည့်ကာ အမျိုးသမီးများ နေထိုင်ရာ တန်းလျားဆီသို့ ပြေးလွှားသွားလေတော့သည်။



အမျိုးသမီးတန်းလျားမှာ မဝေးလှချေ။

လူငယ်သည် အဆောင်ငယ်တခုရှေ့သို့ ရောက်ရှိသွားလေ၏။

"အစ်ကို..."

ဝေယုံချင်းက လှမ်းခေါ်လိုက်သဖြင့် စောစောက လူသည် တဲအတွင်းသို့ ဝင်သွားလေ၏

"နင်.... ဒီနေ့ အလုပ်လုပ်တာ ငါ မတွေ့လို့"

"ဟုတ်ကဲ့... ကျွန်မ ဒီနေ့နားတယ်၊ ဒါနဲ့ဒီကို ဘယ်သူလွှတ်လိုက်တာလဲဟင်"

"ဆရာဝမ်ပိကို ပြောပြီး လာခဲ့ရတာ"

ဝေယုံချင်းက အနည်းငယ် ပြုံးလိုက်မိလေ၏။

"ဟုတ်လား... သူ လွှတ်လိုက်တာလား"

ထိုစဉ်...

"အေး... ငါ လွှတ်လိုက်တာ"

ယင်းအသံနှင့်အတူ ဝမ်ပိက အခန်းထဲသို့ ဝင်လာသည်။

သူသည် ဝေယုံချင်းတို့မောင်နှမအား ကြည့်ကာ လေသံခပ်တိုးတိုးဖြင့်...

"ဝေယုံချင်း... နင်တို့မောင်နှမ စကားပြောနေကြအုံး၊ ငါ ပိုကျူနဲ့ သမားတော်ကြီးရဲ့အိမ်ကို ခဏသွားအုံးမယ်"

"ဟုတ်ကဲ့..."

"တခုတော့ ရှိတယ်၊ တို့ ပြန်လာမှ နင့်အစ်ကို ပြန်ပေစေ၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အကျိုးသင့် အကြောင်းသင့်လဲ နည်းနည်းပါးပါး ပြောပြထားလိုက်၊ အဲ… ဘယ်သူမှတော့ မပေါက်ကြားစေနဲ့အုံးနော်"

ဝေယံချွင်းက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါရှင်"

ထင်းသို့ ပြောပြီးသည်နှင့် ပိုကျူအား ခေါ်ကာ သမားတော်ကြီး အိမ်သို့ ထွက်လာခဲ့သည်။

အားလုံး၏အမြင်တွင် ဝမ်ပိသည် နေမကောင်းသော မိန်းကလေးအား သမားတော်ဆီသို့ သွားပို့သည်ဟုပင် ထင်ပေမည်။

အမှန်အားဖြင့်…

စွမ်းရှိမင်းနှင့် ပိုကျူတို့ သမားတော်ကြီးထံသို့ လာခြင်းမှာ သမားတော်ကြီးအား အပိုင်စည်းရုံးရန်ပင် ဖြစ်ပေသည်။

စွမ်းရှိမင်းတဦးတည်းလာပါက ဘေးလူများလည်း ရိပ်စားမိနိုင်၏။

လူမမာပို့သည့်သဘောဖြင့် လာခဲ့ခြင်း ဖြစ်သည်။

နောက်ရည်ရွယ်ချက်တခုမှာ…

ဖျက်ဆီးထားသော သိုင်းပညာကို ပြန်လည်ကောင်းမွန်စေသည့် ဆေးလုံးများကို ရယူရန်ပင် ဖြစ်သည်။

အကယ်၍ ထိုဆေးလုံးများကို ရရှိခဲ့လျှင် အဖမ်းခံရသော အချို့သိုင်းပညာရှင်များအား ပြန်လည်ကယ်ဆယ်ရန်ပင် ဖြစ်လေ၏။

သမားတော်ကြီးကျူလျှန်သည် ဝမ်ပိနှင့် ပိုကျူအား မြင်မိလိုက်သည်နှင့် သူ၏မျက်နှာကို ရှုံ့မဲ့လိုက်လေသည်။

"မင်းတို့ လာပြန်ပြီလားကွ"

ပိုကျူက ပြုံးလိုက်ပြီး…



"ကျွန်မတို့ လာတော့ ဘာဖြစ်လို့လဲ ဘာဘရဲ့"

ကျူလျှန်သည် ပိုကျူကို တချက်ကြည့်ကာ…

"နင် ဘာသိလို့လဲ၊ နင့်ကို ဆေးကုသပေးတာ ဒုတိယ ကြယ်က သိပ်ပြီး ယုံကြည်ပုံ မရဘူး၊ ငါ့ကို လက်ကျိုးတာ အမှန်ပဲလား၊ မျက်စိပြန်မြင်သွားတာကကော ဘာကြောင့် စသည့်ဖြင့်ပေါ့ အမျိုးမျိုး စစ်ဆေးတာ ခံနေရတယ်"

ဝမ်ပိက ရယ်မောလိုက်ပြီး…

"ဒီအတွက် မပူပါနဲ့ သမားတော်ကြီးရယ်၊ ကျွန်တော် အားလုံး တာဝန်ယူပါတယ်"

"ကဲ… ကဲ… ထားပါတော့၊ အခု မင်းတို့ လာတဲ့ ကိစ္စကကော"

စွမ်းရှိမင်းသည် ပိုကျူ၏မျက်နှာကို တချက် လှမ်းကြည့်လိုက်လေသည်။

"ကဲ… ပိုကျူ ညီမက အရိပ်အခြည် နည်းနည်းကြည့်နေပါ၊ ငါ သမားတော်ကြီးနဲ့ တိုင်ပင်စရာရှိလို့ တိုင်ပင်လိုက်အုံးမယ်"

သမားတော်ကြီးကျူလျှန်သည် ဘုမသိဘမသိဖြင့် သူ၏ သီးသန့်ခန်းထဲသို့ ဝမ်ပိအား ခေါ်သွားရ၏။

ပြောမယ့်သာ ပြောရသည်။

သမားတော်ကြီးသည် ဝမ်ပိကိုတော့ နည်းနည်းလန့်သည်။

အဘယ်ကြောင့်ဆိုသော်…

သူသည်လည်း နာမည်ကျော် လူဆိုးတဦး မဟုတ်ပါလား။

"ကဲ… မင်း ငါ့ကို ဘာပြောချင်လို့လဲ"

"ဘာဘကျူ… ဒီမှာ တသက်လုံး ဒီလိုပဲ နေတော့မှာလား"

www.burmeseclassic.com

www.burmeseclassic.com



ကျူလှျံနှ်သည် ဝမ်ပီအား မျက်လုံးပြူး၍ ကြည့်လိုက်လေသည်။

"ဟော့ကောင်ဝမ်ပိ မင်းလာတာ ငါ့ငွေရဖို့ အတွက်တော့ မဟုတ်ဘူးနဲ့ တူတယ်"

ဝမ်ပိက ရယ်မောလိုက်ပြီး...

"အဲဒီ ငွေတွေ ဘဘကျူ ဘာလို့ ဒါလောက် မက်မောနေရတာလဲ"

"ဟော့ကောင် မင်းစကားတွေက မဟုတ်တော့ဘူး၊ ငါဘာကြောင့် ငွေလိုနေတယ်ဆိုတာ မင်းကောင်းကောင်း သိပါတယ်"

ဝမ်ပိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျွန်တော် သိပါတယ်၊ ဘဘကျူ ဒီမှာ လျော်ကြေးပေးစရာ ရှိတယ်၊ အဲဒါ ပေးပြီးရင် ပြည်မကို ပြန်မယ် မဟုတ်လား"

"တပြားတချပ်မှ မပေးရဘဲ မပြန်ချင်ဘူးလား"

ကျူလှျံနှ်သည် ဝမ်ပိကို သေချာစွာ ရှုစိုက်ကြည့်လိုက်လေသည်။

"ဒီအချိန်ဟာ မင်းမူးတဲ့အချိန် မဟုတ်သေးပါဘူးနော်"

"ကျွန်တော် မမူးပါဘူး ဘဘကျူရဲ့၊ နောက်ပြီး ကျွန်တော်ဟာ ဝမ်ပိ မဟုတ်ပါဘူး"

"ဟေ..."

ကျူလှျံနှ်က အံ့သြနေစဉ်မှာပင် စွမ်းရီမင်းက သူ၏မျက်နှာဖုံးကို ချွတ်ပြလိုက်လေသည်။

ထိုအခါ ကျူလှျံနှ်သည် အကြီးအကျယ် တုန်လှုပ်သွားပြီး—



"မင်း... မင်း"

"နေပါအုံး... ဘဘကျူရဲ့၊ ကျွန်တော် ရှင်းပြပါ့မယ်"

စွမ်းရီမင်းက ထိုကဲ့သို့ ပြောပြီး သမားတော်ကြီးကျူလှျံနှ်အား တိုးတိုးတိတ်တိတ် နှစ်ကိုယ်ကြား ပြောကြားနေပေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၉)

## လက်ထစ်လုံးခြား

သမားတော်ကြီးကျူုလျှန်သည် တချိန်က မျိုးချစ်သိုင်းသမားကြီးတဦး ဖြစ်ခဲ့လေသည်။

ယခုအချိန်တွင် သူ့မှာ အသက်အရွယ်က အိုမင်းရင့်ရော်ပြီ ဖြစ်သောကြောင့် တော်ရုံတန်ရုံကိစ္စကို သူ မလုပ်လိုတော့ပေ။

သူသည် အားမတန်၍ မာန်လျှော့နေရသော်လည်း ကြယ်သုံးလုံးအား လုံး၀ ကျေနပ်သူ မဟုတ်ပေ။

ယခုကဲ့သို့...

စွမ်းရီမင်းလို လူငယ်တဦးက ဤနယ်မြေမှ ဒုစရိုက်သမား



များကို ဖယ်ရှားရန် အတိအလင်း ပြောလာသောအခါ ကျူုလျှန်မှာ အတော်ပင် အားတက်သွားပေသည်။

ထို့ကြောင့်...

သူက စိတ်အား ထက်သန်စွာဖြင့်...

"မင်းတောင် ဇီလောက် ကြိုးစားနေသေးတာပဲ၊ ငါက အသက်ကြီးပါပြီကွာ၊ သေမှာကို ကြောက်မနေပါဘူး၊ အေး... ထိထိရောက်ရောက်သာ ဆောင်ရွက်ကွာ၊ ငါ့နည်းငါ့ဟန်နဲ့ တတ်နိုင်သမျှကို ဝိုင်းပြီး ရှင်းလင်းပေးမယ်"

စွမ်းရီမင်းက ဝမ်းသာအားရဖြင့်...

"စိတ်ချပါ ဘဘကျူူ၊ ကျွန်တော် ကြိုးစားပါ့မယ်"

"အေး... တခုတော့ ရှိတယ်ကွာ၊ မပိုင်တဲ့ အလုပ်ကိုတော့ မလုပ်နဲ့ဟေ့"

"ဟုတ်ကဲ့... ကျွန်တော် သတိထားပါ့မယ်"

"အရေးအကြီးဆုံးကတော့ ကြိုးတံတားကို မျက်ခြည်မပြတ်စေနဲ့"

"ဟုတ်ကဲ့ပါ ဘဘကျူူ၊ အခုဆိုရင် သူတို့ သိုင်းသမား အတော်များများဟာလဲ တံတားရဲ့ ဟိုဘက်ကို ပို့ထားလို့ ဒီမှာ သိပ်ပြီး အင်အား မရှိလှဘူး"

ကျူုလျှန်က ခေါင်းညိတ်ပြကာ...

"ကောင်းတယ်... ကောင်းတယ် အခုအချိန်ဟာ အကောင်းဆုံးအချိန်ပဲ၊ မင်းမှာ လိုအပ်တာရှိရင် ငါ့ကို ပြောလေကွာ"

"အခုလောလောဆယ်တော့ ကျွန်တော့် သိုင်းပညာပြန်ပြီး ကောင်းတဲ့ ဆေးလုံးတွေ လိုချင်တယ်၊ ဒါမှလဲ ကျွန်တော်တို့ဘက်က

www.burmeseclassic.com

www.burmeseclassic.com



လူတွေကို ပြန်ပြီး ဖြုံ့စုထားနိုင်မှာ”

“အေး... ဟုတ်တယ်... ဟုတ်တယ်”

သမားတော်ကြီးသည် ဆေးဗူးတဗူးအား စွမ်းရှိမင်းလက်ထဲသို့ ထည့်လိုက်လေသည်။

သူတို့နှစ်ဦး တဲတန်းလျားသို့ ပြန်ရောက်လာသောအခါတွင် ဝေယံချင်းတို့မောင်နှမမှာ စကားများ ပြောဆိုတိုင်ပင်နေသည်ကို တွေ့ရလေသည်။

ဝေယံချင်း၏အစ်ကိုသည် ဝမ်ပိကဲ့သို့ ဖန်တီးအသွင်ပြောင်းထားသော စွမ်းရှိမင်းအား လေးစားသော အမူအရာဖြင့်ကြည့်ကာ အနားသို့ တိုးကပ်လာပြီး ပြောသည်။

“ကျွန်တော့်နာမည် ‘ဝေမင်း’လို့ ခေါ်ပါတယ်၊ ခင်ဗျား၏အကြံအစည်တွေကို သိရလို့ ကျွန်တော် ဝမ်းသာနေပါတယ်”

စွမ်းရှိမင်းသည် ဆေးဗူးထဲမှ ဆေးလုံးအချို့ကို ယူကာ ဝေမင်းအား လှမ်းပေးလိုက်သည်။

“ရော့... အဲဒီ ဆေးလုံးကို မင်းစားထားလိုက်၊ မင်းရဲ့ သိပ္ပံပညာတွေ ပြန်ပြီး သွက်လက်လာလိမ့်မယ်၊ နောက်... မင်းအနေနဲ့ စိတ်ချရတဲ့လူတွေကို ကျွေးထားလိုက်၊ အရေးကြီးတာကတော့ မ ... မချရတဲ့ လူတွေကိုတော့ သွားပြီး မပြောနဲ့”

“ဟုတ်ကဲ့...”

စွမ်းရှိမင်းနှင့် ဝေမင်းသည် တိုင်ပင်သင့်သည်တို့ကို ... ပင်သည်။

သူတို့နှစ်ဦးသည် ကျေနပ်လောက်အောင် တိုင်ပင်ကြ... ဝေမင်းအား သူ့အလုပ်ရှိရာသို့ ပြန်လွှတ်လိုက်တော့သည်။



ထို့နောက်...

သူသည် တဘက်ခန်းသို့ ကူးသွားပြီး ကေးမှုနှင့် ဝမ်ပိ၏အခြေအနေကို သွားကြည့်သည်။

ဝမ်ပိသည် အလောင်းအစားနှင့် ကစားဝါသနာပါသော လူတဦး ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် စွမ်းရှိမင်းက ဝမ်ပိကို သေသေချာချာ ကြည့်လိုက်သောအခါ ဆရိန်က စွမ်းရှိမင်းကိုယ်တိုင် ကစားခဲ့သော မြွေနှင့်ဖား ကစားသည့် ခိုင်ပင် ဖြစ်သောကြောင့်ပင်တည်း။

လောင်းကစားသမားသည် မရဏာမင်း၏တမန် ဖြစ်နေပါ၏။

သူ၏အသက်မှာ ကြီးလှပြီ ဖြစ်သော်လည်း ရက်စက်ကြမ်းကြုတ်သော အသွင်ကို ဆောင်နေ၏။

သို့သော်...

ယခုအခါ ကေးမှုက ဘယ်အထိ ဆုံးမထားသည် မသိပါ။

တနေရာတွင် ငြိမ်သက်စွာ လဲလျောင်းနေသည်။

သူသည် စွမ်းရှိမင်းအား ကြောက်အားလန့်အားနှင့် လှမ်းကြည့်လိုက်သည်။

“ဘယ့်နှယ်လဲဟေ့ သူ့ဆီက ဘာသတင်းတွေ မင်းရထားသလဲ၊ သူ့ဆီက ရသလောက် သတင်းယူထား၊ တို့အတွက် အရေးကြီးတယ်”

ကေးမှုက ပြုံးလိုက်ပြီး...

“တခြားတော့ ဘာမှသိပ်ပြီး မရလှပါဘူး၊ ဒီစခန်းက အကြောင်းတွေကိုတော့ တော်တော်ကလေး ရထားပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီမင်းက ခေါင်းညိတ်လိုက်လေသည်။

"အေး... ကောင်းတယ်၊ နောက်နေ့ကျရင် မင်းက သူ့နေရာကို ခင်ဗျားဆိုတော့ နည်းနည်းလေ့လာထား"

"ဟုတ်ကဲ့... ဆရာ"

စွမ်းရီမင်းသည် ဝမ်ပိအား ခပ်စိမ်းစိမ်း ကြည့်လိုက်လေသည်။

"ခင်ဗျား လူ့လောကမှာ ကြာကြာကလေး နေချင်သေးသလား"

ဝမ်ပိသည် မျက်လုံးကြီးများ ပြူးကျယ်သွားတော့သည်။

"နေ... နေချင်ပါသေးတယ် ဆရာရယ်၊ ကျွန်တော့်မှာ ကလေးတွေလည်း ရှိနေပါတယ်"

စွမ်းရီမင်းသည် ဝမ်ပိ၏ ကြောက်ရွံ့နေဟန်ကို ကြည့်၍ ရယ်ချင်သော်လည်း မျိုသိပ်ထားလိုက်သည်။

"ခင်ဗျား ညနေတိုင်း အရက်သောက်နေတဲ့ လူငယ်နာမည် ဘယ်လို ခေါ်သလဲ"

"အဲဒီ ကောင်လေးနာမည်က 'ပူးနား'လို့ ခေါ်ပါတယ်"

"ခင်ဗျား... မြေအောက်စခန်းကို ဘယ်နှစ်ခါ ရောက်ဖူးသလဲ"

ဝမ်ပိသည် စွမ်းရီမင်းအား အံ့အားသင့်စွာဖြင့် မော့ကြည့်လိုက်လေသည်။

သူသည် ပြောသင့်မပြောသင့် ချင့်ချိန်နေပုံရသည်။

ကေးမူက သူ၏ခါးကြားမှ ဓားမြှောင်ကို ရုတ်တရက် ဆွဲထုတ်လိုက်ရာ ဝမ်ပိ၏နှုတ်မှ အလိုလို ပွင့်သွားသည်။



"ရောက်... ရောက်ဖူးပါတယ်"

"လူတွေကို ဘာလုပ်ခိုင်းထားသလဲ"

စွမ်းရီမင်းက မျက်မှောင်ကုပ်လိုက်ပေသည်။

"ဘာတွေ လုပ်ရတာလဲ"

"ဓား၊ လှံ လက်နက်မျိုးစုံပဲ"

စွမ်းရီမင်းမှာ အံ့နည်းငယ် မျက်လုံးပြူးသွားသည်။

ကြယ်သုံးလုံးနှင့် စနေဂြိုဟ်သည် ထိုဓား၊ လှံ လက်နက်များကို မည်သည့်အတွက် လုပ်ကိုင်နေကြပါသနည်း။

နောက်မှ သူ၏ခေါင်းထဲသို့ အတွေးများက ဝင်ရောက်လာသည်။

မန်ချူးအဆက်အနွယ်များသည် လက်နက်မျိုးစုံကို စုလျက် တနေ့တချိန်တွင် တရုတ်ပြည်အား ပြန်လည်တိုက်ခိုက်ရန် ကြံစည်နေခြင်းပင် ဖြစ်ပေမည်။

"ခင်ဗျားနဲ့ ထန်စီးက အဲဒီမှာ ဘာတာဝန်ယူထားရသလဲ"

"ကျုပ်တို့က တခြား ဘာတာဝန်မှတော့ မယူပါဘူး၊ လက်နက်တွေ ဘယ်လောက်ပြီးသလဲဆိုတာ တလတခါ စစ်ဆေးရတာပါပဲ"

စွမ်းရီမင်းသည် ဝမ်ပိ၏အဖြေကို ကျေနပ်သွားလေသည်။

"မင်းတို့ တိုက်ယူလာတဲ့ ဘုရင့်ဘဏ္ဍာတော်တွေနဲ့ အခြား ရွှေငွေတွေကို ဘယ်မှာထားသလဲ"

"အဲဒီ မြေတိုက်ထဲမှာပဲပါ"

စွမ်းရီမင်းသည် ဝမ်ပိအား သေချာစွာ ကြည့်လိုက်သည်။

"ဒီလိုတော့လဲ... ခင်ဗျားက လိမ်မာသားပဲ၊ လိမ္မာတို့ ခင်

www.burmeseclassic.com

www.burmeseclassic.com



ဗျား အသက်ရှင်နေတာ..."

"ကျွင်— ကျွန်ုပ်ကိုတော့ မသတ်ပါနဲ့ဗျာ"

စွမ်းရီမင်းက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချပါ၊ ကျုပ်က လူတွေကို အရန်းမသတ်တတ်ပါဘူး၊ အလုပ်သဖြင့် ကျုပ်စကားကို နားထောင်ပြီး ကလန်ကဆန် မလုပ်ရင် ပေါ့လေ"

"ကျုပ်... ကျုပ် ဘာမှ မလုပ်ဝံ့ပါဘူးဗျာ"

စွမ်းရီမင်းက ပြုံးလိုက်လေသည်။

"ဒါဆိုလဲ ခင်ဗျား တရက် နှစ်ရက်လောက်တော့ ငြိမ်ငြိမ်က လေး နေအုံးပေါ့ဗျာ"

စွမ်းရီမင်းသည် ထိုကဲ့သို့ ပြောကြားခဲ့ပြီးသည်နှင့် ယမမင်း ထန်စီးထံသို့ ထွက်လာခဲ့သည်။

သူ့အား နေ့လည်ဘက်တွင် မြေအောက်ခန်းသို့သွားရန် ချိန်းဆိုထားသည် မဟုတ်ပါလား။

♣ ♣ ♣



တကယ်တော့ မြေအောက်စခန်းသည် စနေဂြိုဟ်ဂေဟာ၏ အောက်တည့်တည့်တွင် အံဝှက်တံခါးဖြင့် ဖောက်လုပ်ထားခြင်းဖြစ်ပေသည်။

မြေအောက်ခန်းဟု ဆိုသော်လည်း ကျဉ်းမြောင်းခြင်းမရှိလှပါ။

ကျယ်ဝန်းသော အိမ်ကြီးတလုံးပမာ သူ့အခန်းနှင့်သူဖွဲ့ စည်းထားသည်မှာ အံ့ဩစရာပင် ကောင်းလှသည်။

ယမမင်းထန်စီးနှင့် ဘမ်ပိအသွင်ဆောင်ထားသော စွမ်းရီ မင်းတို့သည် ခန်းမတခုထဲသို့ ဝင်ရောက်သွားသောအခါ အစောင့် နှစ်ဦးက အရိုအသေ ပေးလိုက်လေသည်။

ထိုအခန်းတွင် ကြီးမားသော မီးဖိုကြီးနှင့်အတူ အလုပ်သ မားဆယ်ဦးခန့်က ချွေးတလုံးလုံးနှင့် ပန်းဘဲအလုပ်ကို လုပ်ကိုင်နေ ကြသည်။

သံရည်ကျိုသူကျို၍ အချို့လက်နက်များကို ပုံလောင်း ယူ နေပေသည်။

တချို့က တဝုန်းဝုန်းတဝိုင်းဝိုင်းဖြင့် နီရဲနေသော သံထည် များကို ထုရိုက်နေကြသည်။

ထိုစဉ်... စွမ်းရီမင်းက လူတဦးကို မြင်တွေ့လိုက်သည်တွင် စိတ်ထဲ၌ အလိုလို အားရှိသွားပေသည်။

ထိုလူအား သူက ကောင်းကောင်းကြီး သိပေသည်။

အခြားသူ မဟုတ်ပေ။

ကွေးလင်းမြို့မှ ဘပ်မှူးလေးချွန်ကီးပင် ဖြစ်တော့သည်။

ချွန်ကီးသည် သိုင်းပညာတွင် အလွန်ထူးချွန်သော ဘပ်မှူး

www.burmeseclassic.com

www.burmeseclassic.com



လေးတဦး ဖြစ်သည်။

သို့သော်...

ယခုအခါ ကြယ်သုံးလုံး၏ သားကောင် ဖြစ်နေရပေပြီ။

ထိုအလုပ်သမားများအား ထွားကျိုင်းလှသော လူသားကြီးနှစ်ဦးက ကြပ်မတ်နေပေသည်။

ချွန်ကီးသည် အလုပ်လုပ်နေရင်းမှ ဝမ်ပိနှင့် ထန်စီးအားဘချက် လှည့်ကြည့်ကာ အံကိုမသိမသာ ကြိတ်ထားသည်ကို တွေ့ရသေသည်။

အကယ်၍သာ ဝမ်ပိသည် စွမ်းရီမင်း ဖြစ်နေသည်ကို သိရှိပါလျှင် ချွန်ကီးသည် ဝမ်းသာအားရဖြင့် ထခုန်မည်မှာ မလွဲပေ။

စွမ်းရီမင်းနှင့် ချွန်ကီးသည် တချိန်က အင်မတန် ရင်းနှီးခဲ့သော သူငယ်ချင်းများ ဖြစ်ကြ၏။

တပ်မှူးသုံးဦး အဖမ်းခံထားရသည်ဟုဆိုသော်လည်း ကျန်သော နှစ်ဦးကို စွမ်းရီမင်းက မသိရှိပါ။

ထန်စီးက ကြီးကြပ်ရေးမှူးတဦးအား...

"ဘယ့်နှယ်လဲဟေ့ အဆင်ပြေရဲ့လား"

"အားလုံး အဆင်ပြေပါတယ် ဆရာကြီး၊ ဒါပေမယ့်... လွန်ခဲ့တဲ့ သုံးလေးရက်က သံရိုင်းတွေ မရလို့ ဘာမှ မလုပ်ရဘဲ နားနေရပါတယ်"

"အခုတော့ လုံလောက်တယ် မဟုတ်လား"

"ဟုတ်ကဲ့... အခုတော့ ရနေပါပြီ"

ထန်စီးနှင့် ဝမ်ပိသည် ထိုအခန်းမှတဆင့် နောက်တခန်းသို့ ကူးခဲ့သည်။



ထိုအခန်းမှာ အလုပ်ခန်း မဟုတ်ပေ၊ အချုပ်ခန်း ဖြစ်နေပေသည်။

အခန်းခပ်ကျဉ်းကျဉ်းတခုတွင် လူတဦးအား ချုပ်နှောင်ထားလေသည်။

ထန်စီးက ရပ်တန့်လိုက်ပြီး...

"ဘယ့်နှယ်လဲ ပိုထန် ခင်ဗျားက ခေါင်းမာနေတုန်းပဲလား"

ပိုထန်ဆိုသူ အချုပ်သမားသည် ထိုင်နေရာမှ ထလာပြီး ထန်စီးအား စားမတတ်ဝါးမတတ် စိုက်ကြည့်လိုက်လေသည်။

"မင်းတို့ လိုချင်တဲ့ ပတ္တမြား ငါ့ဆီမှာ မရှိတော့ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမှာလဲကွ"

ထန်စီးက ခေါင်းညိတ်လိုက်ပြီး...

"အေးလေ... မင်းခေါင်းမာရင် ဆက်မာအုံးပေါ့ မင်းရဲ့ သမီးလေးလည်း အကျဉ်းစခန်းက လုံးဝလွတ်မှာ မဟုတ်ဘူး"

ထန်စီးက ထိုကဲ့သို့ ပြောပြီး ဝမ်ပိဘက်သို့ လှည့်လိုက်လေသည်။

"ဝမ်ပိ သူ့သမီး အပြင်က စခန်းမှာ အလုပ်လုပ်နေရတဲ့ အကြောင်း ပြောပြလိုက်စမ်းကွာ"

ဝမ်ပိက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ်... ခင်ဗျားသမီးဟာ ပင်ပင်ပန်းပန်းနဲ့ အလုပ်လုပ်နေရတယ်၊ ခင်ဗျားဆီက ပတ္တမြား ထုတ်ပေးဖို့ ကောင်းပြီ"

ဝမ်ပိ ဟန်ဆောင်ထားရသော စွမ်းရီမင်းကလည်း ထန်စီး၏စကားကို သံယောင်လိုက်ပြီး ပြောလိုက်ရလေသည်.

"မင်းတို့ ငါ့သမီး မျက်မမြင်မလေးကို ဒုက္ခမပေးပါနဲ့ကွ၊

www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ပတ္တမြား ငါ့မှာ မရှိလို့ ထုတ်မပေးနိုင်တာပါ"

ထန်စီးက အချက် ရယ်မောလိုက်ပြီး...

"ဒါပေမယ့်... မင်း သမီးက တခုတော့ ကုသိုလ်ကောင်း သွားပါတယ်လေ"

"ဘာကုသိုလ် ကောင်းတာလဲ"

"ခင်း သမီးလေးရဲ့ မျက်စိကို တို့ကကုပေးလို့ ကောင်း သွားပြီလေ"

ပိုထန်၏မျက်နှာမှာ အနည်းငယ် ဝမ်းသာသွားပုံ ရလေသည်။

"ကျုပ်... ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့်ဗျာ... ခင်ဗျားတို့ သိပ်ပြီး ဒုက္ခမပေးကြပါနဲ့"

ထန်စီးက လေသံအေးအေးဖြင့်...

"ခင်ဗျားသာ ခေါင်းမမာဘူးဆိုရင် ခင်ဗျားတို့ သားအဖကို ချင်ချင်း ပြန်လွှတ်ပေးမှာပါပဲ"

"ခင်ဗျားတို့ကို မရှိလို့ ပြောနေတာပေါ့ဗျာ၊ အခုလဲ ခင်ဗျားတို့ လုယူလာတဲ့ ကျုပ်ရဲ့ ပစ္စည်းတွေဟာ အဲဒီ ပတ္တမြားတလုံးစာ လောက် ရှိပါတယ်"

"ကျုပ် လိုချင်တာက ပတ္တမြားဗျ"

ပိုထန်သည် စကားဆက်မပြောလိုဟန်ဖြင့် တနေရာတွင် သွားရောက်ထိုင်နေတော့သည်။

ထန်စီးက အစောင့်အား...

"မင်းတို့ သူ့ကို အစာကော ကောင်းကောင်း ကျွေးရဲ့လား"

အစောင့်က ခေါင်းညိတ်ပြသည်။



"ကျွေးပါတယ်... ဆရာကြီး"

ထန်စီးသည် ယင်းသို့ မေးမြန်းပြီးသည်နှင့် ရှေ့သို့ ဆက်သွားသည်။

အတွင်းခန်းတခု၌ အဆင်သင့် ပြုပြီးသား ဓား၊ လှံ လက်နက်ပေါင်းများစွာကို တွေ့ရပေသည်။

စုစုပေါင်း လက်နက်အမျိုးနှံ ငါးထောင်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

ထိုလက်နက်များကို ဆရာတော်က လူဆယ်ဦးခန့်က ပြုလုပ်ပေးနေခြင်းပင် ဖြစ်ပေလိမ့်မည်။

ထိုအခန်းမှ လွန်မြောက်သောအခါတွင် စွမ်းရှိမင်း၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ...

သံတံခါးနှင့် သော့အထပ်ထပ် ခတ်ထားသော အခန်းတခုထဲတွင် ရတနာပေါင်းစုံ စုပုံထားသည်ကို တွေ့ရသည့်အပြင် ရွှေနှင့် ငွေများမှာလည်း ကြည့်မကောင်းအောင်ပင် များပြားလှသည်ကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်၏။

အနှစ်နှစ်အလလက လုယက်တိုက်ခိုက်ထားသော ရွှေ၊ ငွေ၊ ရတနာများသည် လူပေါင်းတစ်သောင်းလောက် တသက် ထိုင်စားကုန်နိုင်မည် မထင်ပေ။

ဤရတနာများတွင် ဘုရင့်ဘဏ္ဍာတော်များ အများအပြား ပါဝင်နေပေသည်။

စွမ်းရှိမင်းသည် သူ၏လှုပ်ရှားနေသော စိတ်အား မနည်းပင် ထိန်းသိမ်းထားရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုအခန်းနှင့် မျက်နှာချင်းဆိုင်အခန်းတွင် အစောင့်များ နေထိုင်ရာ အခန်း ဖြုလုပ်ထားပေသည်။

အစောင့်များသည် ဝမ်ပိအား တွေ့မြင်လိုက်သည်နှင့် အားလုံး မတ်တတ်ရပ်၍ အရိုအသေ ပေးကြလေသည်။

ထန်စီးက အစောင့်ခေါင်းဆောင်အား...

"ဆရာကြီးစနေဗြိုဟ်ကော လာစစ်ဆေးသေးသလား"

အစောင့်ခေါင်းဆောင်က လေးစားစွာဖြင့် ခေါင်းညိတ်ပြပြီး ပြောသည်။

"တပါတ်တခါတော့ လာပါတယ်"

ထို့နောက်...

ထိုအစောင့်ခေါင်းဆောင်ကပင်...

"ဆရာကြီး ကျွန်တော်တို့ နှစ်လကျော်သွားပြီး လူလဲ ပေးပါအုံး"

ထန်စီးက မျက်မှောင်ကုပ်လိုက်လေသည်။

နောက်မှ ခေါင်းကို အသာညိတ်ပြလျက်...

"အေး... အေး... ဒီတရက်နှစ်ရက်အတွင်း ငါလဲ့ပေးမယ်"

ယင်းသို့ ပြောပြီးသည်နှင့် ထန်စီးနှင့် ဝမ်ပိသည် လာလမ်းအတိုင်း ပြန်၍ လှည့်ထွက်လာကြသည်။

စောစောက ပန်းဘဲလုပ်နေသော အခန်းသို့ ရောက်ရှိသည့်အခါတွင် တပ်မှူးလေးချွန်ကီးသည် ထန်စီးတို့အား ကြည့်ကာ မကျေမနပ်နှင့် သူ၏အလုပ်ကို ဆောင့်အောင့်၍ လုပ်ကိုင်သည်။

ဝမ်ပိက ချွန်ကီးအနားသို့ တိုးသွားကာ...

"ဟေ့ကောင်... မင်းက ဘာမကျေမနပ် ဖြစ်နေတာလဲ"



ချွန်ကီးသည် ဝမ်ပိအား အံကြိတ်လျက် ကြည့်ရင်းမှ မကျေမနပ် ပြောလေ၏။

"မင်းစကား မရှည်နဲ့၊ ငါ့အလုပ် ငါလုပ်နေတာပဲ"

ဝမ်ပိက ရှေ့သို့ တလှမ်းတိုးသွားပြီး...

"မင်း မကျေမနပ်နဲ့ လုပ်နေတာ ငါ မသိဘူး အောက်မေ့သလား"

"အေး... ငါ့မိဘတွေ မင်းတို့ သွားသတ်မှာ စိုးလို့သာ လုပ်နေရပေမယ့် သိပ်တော့ ကျေနပ်မယ် မအောက်မေ့နဲ့"

"ကဲ... မကျေနပ်အုံးကွာ"

ဝမ်ပိသည် ချွန်ကီး၏မေးစေ့အား တအားပစ်ထိုးလိုက်လေသည်။

"ဝုန်း..."

ချွန်ကီးမှာ ခပ်လှမ်းလှမ်းရှိ အုတ်နံရံဆီသို့ လွင့်ထွက်သွားတော့သည်။

အစောင့်နှစ်ဦးက ဓားနှင့် ပြေးဝင်သွားသည်။

ထိုအခါ ဝမ်ပိက လှမ်းတားလိုက်ပြီး သူ၏ခါးမှ ကျာပွတ်အား ထုတ်ကိုင်လိုက်၍ ချွန်ကီးအနားသို့ တိုးကပ်သွားလေသည်။

ထန်စီးနှင့် အစောင့်အကြပ်များက ခပ်လှမ်းလှမ်းမှ နေ၍ အကဲခတ်ကြည့်ရှုနေကြသည်။

သူတို့ အားလုံးသည် ဝမ်ပိ၏ကျာပွတ်အကြောင်းကို ကောင်းကောင်း သိထားသူများ ဖြစ်လေသည်။

ထို့ကြောင့်...

ချွန်ကီးတော့ နာတော့မှာပဲဟု တွေးတောနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်... ထန်းစီးက လှမ်း၍ တားလိုက်လေသည်။

"ဟေ့... ဝမိပိ၊ တော်ပါတော့ကွာ၊ တော်ကြာ အလုပ် မလုပ်နိုင်ဘဲ နေအုံးမယ်၊ မင်း ဒီလောက် ဆုံးမရင် လုံလောက်ပါပြီ"

ထိုစဉ် ဝမ်ပိအယောင်ဆောင် စွမ်းရီမင်းက ခပ်တိုးတိုး ပြော၏။

ကျန်လူများသည် ခပ်လှမ်းလှမ်း၌ ဖြစ်နေ၍ ဝမ်ပိ၏တိုးတိုး စကားကို ကြားမည် မဟုတ်ပေ။

ဝမ်မိသည် စိတ်မကျေနပ်ဟန်ဖြင့် ချွန်ကီး၏ရင်ဘတ်မှ စုတ်ပြဲနေသော အင်္ကျီစအား ဆွဲကိုင်၍ မျက်နှာချင်း ဆိုင်လိုက်လေသည်။

ထို့နောက် ကျာပွတ်နှင့် ရောကိုင်ထားသော အထုပ်က လေးတခုကို ချွန်ကီး၏လက်ထဲသို့ ဆတ်ကနဲ ထိုးထည့်လိုက်ပြီး ကျိတ်၍ ပြောလိုက်၏။

"အဲဒီ ဆေးလုံးကို သောက်ထားလိုက်၊ ငါ စွမ်းရီမင်းပါကွ"

ပြီးမှ အသံမြှင့်ပြီး...

"မင်း... မင်း... ဆရာကြီးက တောင်းပန်ထားလို့ပေါ့ကွာ နို့မို့ သေပြီသာမှတ်တော့"

ဟု ကျယ်လောင်စွာ ကြိမ်းမောင်းရင်း ရင်ဘတ်အင်္ကျီစကို ပြတ်ပေးလိုက်လေသည်။

ထို့နောက်...

ထန်စီးနှင့် ဝမ်ပိသည် ခြေလှမ်းကျဲကျဲဖြင့် မြေအောက်ခန်းမှ ထွက်ခဲ့လေတော့သည်။

အုတ်နံရံထောင့်တွင် ဆေးလုံးထုပ်ကလေးအား မသိမသာ



ကြည့်ရင်းမှ စွမ်းရီမင်း ပြောသွားသော စကားကို ကြားယောင်နေမိသူမှာ တပ်မှူးလေးချွန်ကီးပင် ဖြစ်တော့သည်။

"အဲဒီ ဆေးလုံးကို သောက်ထားလိုက်၊ ငါ စွမ်းရီမင်းပါကွ"

ချွန်ကီးသည် စွမ်းရီမင်း လာရောက်ကယ်တင်ပြီကို သိလိုက်မိသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၀)

## နောက်ကျိုရသောဦးခေါင်း

စွမ်းရီမင်းသည် ဝိုကျူတို့တန်းလျားသို့ ပြန်ရောက်သည်နှင့် သူသည် တဘက်ခန်းသို့ကူးသွားကာ ကေးမူကိုခေါ်ပြီး လူချင်းလဲလှယ်လိုက်သည်။

“ကဲ..မင်းအနေနဲ့ ဒီနေ့နေ့လည်ကစပြီးတော့ ဝမ်ပိရဲ့တာဝန်ကို ယူလိုက်ပါအုံး၊ အစစအရာရာ ပိပိရိရိ ရှိပါစေနော်”

ကေးမူက အဝတ်အစားများ လဲလှယ်ယင်းမှ…

“စိတ်ချပါဆရာ၊ ဒါနဲ့ မိုးချုပ်တော့ ကျွန်တော်ဘယ်စခန်းသွားရမှာလဲ”



“အေး…ဟုတ်သားပဲ၊ အားလုံးအလုပ်သိမ်းတဲ့ အချိန်မှာ ပေါဟို အမျိုးသားတွေထားတဲ့ တန်းလျားရဲ့အနောက်ကအဆောင်မှာ အရက်သွားသောက်ချေ၊ နောက်ပြီး ကျာပွတ်နဲ့မြင်းကိုလည်း အဲဒီက ပူးနားဆိုတဲ့ ကောင်လေးဆီမှာပဲ အပ်ထားခဲ့ကွာ”

ကေးမူက နားထောင်နေယင်းမှ…

“အဲဒီတာဝန် ပြီးသွားတော့ကော”

“မင်း ဒီမှာပဲ ဝမ်ပိနဲ့လာအိပ်လေကွာ၊ အကယ်၍ တဦးတယောက်က ဝမ်ပိကိုတွေ့ချင်တယ်ဆိုတော့လည်း မင်းက အရက်မူးပြီးတနေရာက ထလာတဲ့ပုံစံမျိုးနဲ့ သွားတွေ့လိုက်ပေါ့ကွာ”

“ဒါဖြင့် ဆရာက အခုဘယ်သွားမလို့လဲ”

“ငါ ဘယ်မှမသွားသေးဘူး ညကျမှ ငါလုပ်ငန်း စ စရာရှိတယ်”

ကေးမူ ထွက်သွားသောအခါ စွမ်းရီမင်းသည် ဝမ်ပိအား ကြည့်လိုက်သည်။

ဝမ်ပိသည် အတော်ပင် စိတ်ဓာတ်ကျနေပုံရ၏။

သူ့အား ခြေကောလက်ပါ ကြိုးတုပ်ထားသဖြင့် မလှုပ်သာမယှက်သာအောင် ဖြစ်နေသည်။

“ခင်ဗျား နည်းနည်းသီးခံပြီး နေလိုက်အုံးပေါ့ဗျာ”

“ကျုပ်က ဒီဝဋ်က ဘယ်တော့မှကျွတ်မှာလဲဗျ”

“သိပ်မကြာတော့ပါဘူး၊ အလွန်ဆုံး နောက်တရက်ပေါ့”

“ဒါထက် ကျုပ်မသိလို့ မေးပါရစေ”

စွမ်းရီမင်းက မျက်မှောင်ကုပ်လိုက်သည်။

“အင်း…မေးပါအုံး”

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ စနေဂြိုဟ်နဲ့ကြယ်သုံးလုံးကို အပြတ်ရှင်းတော့မှာလား"

"အကယ်၍ ရှင်းတော့မယ်ဆိုယင် ခင်ဗျားက ဝမ်းနည်းမှာလား"

ဝမ်ပိက မျက်နှာကို ရှုံ့မဲ့၍ခေါင်းယမ်းလိုက်ပြီး...

"ဘယ်ကလာဟုတ်ရမှာလဲဗျာ၊ ကျုပ်လည်း ပြည်မကို ပြန်ချင်လှပြီ"

စွမ်းရီမင်းက အံ့အားသင့်သွားသည်။

"ခင်ဗျားက ဘာမှုနဲ့ ဒီကိုရောက်လာတာလဲ"

ဝမ်ပိက မျက်နှာကိုမဲ့ရွဲ့ပြီး ခေါင်းကိုခါယမ်းလိုက်သည်။

"ကျုပ်အဖြစ်ကတော့ မပြောချင်ပါဘူးဗျာ"

"ပြောပါအုံးလေ၊ နားထောင်ရအောင်"

ဝမ်ပိက ခေါင်းညိတ်၍ သူ့ဖြစ်စဉ်ကို ပြန်လည်ပြောပြလိုက်သည်။

သူ့ဖြစ်စဉ်ကလည်း မကောင်းလှပါ။

"ကျုပ်က ခပ်ငယ်ငယ်ကတည်းက အလောင်းအစား ဝါသနာပါတယ်ဗျ၊ တနေ့တော့ ကျုပ်လည်းစိတ်ညစ်ညစ်နဲ့ လျှောက်သွားယင်း ဒီကလူတွေနဲ့ ပေါင်းသင်းမိပြီး ရောက်လာတာပါဗျာ"

"ဟင်...ဒါဆို ခင်ဗျားမှာ ဘာအပြစ်မှမရှိတာမှ မဟုတ်ဘဲ ပြည်မကိုပြန်လို့ရတာပေါ့ဗျ၊ ဘာလို့မပြန်တာလဲ"

ဝမ်ပိက မျက်နှာရှုံ့မဲ့ကာ....

"ပထမတော့ ကျုပ်လည်း ဒီမှာနေရတာ ပျော်သလိုပဲဗျ၊ အိမ်ထောင်တွေဘာတွေကျပြီး သားသမီးတွေရလို့ပေါ့ဗျာ၊ အဲ ကျုပ်တို့မိသားစုတွေအားလုံး ပြည်မကိုပြန်ပါရစေဆိုတော့ သူတို့က ဒီရာထူးကိုပေးထားပြီး ကြိုးတံတားကို ဖြတ်သန်းခွင့် မပြုတော့ဘူးလေ"



"ဒါကြောင့်လည်း ခင်ဗျား ဒီမှာလူမိုက်ကြီးလုပ်နေတာပေါ့ ဟုတ်လား"

"ဆိုပါတော့ဗျာ"

စွမ်းရီမင်းက သက်ပြင်းတချက်ချလိုက်သည်။

"ခင်ဗျား နည်းနည်းသာ သည်းခံပြီးနေပါအုံးလေ၊ ကျုပ်ရဲ့ကိစ္စတွေအောင်မြင်ယင် ခင်ဗျားဆန္ဒပြည့်ဝမှာပေါ့"

"ကျုပ်မိန်းမကတော့ ကျုပ်ကို လိုက်ရှာနေမှာပဲ"

စွမ်းရီမင်းက သူ့အားတချက်ငြိုး၍ ကြည့်လိုက်ပြီး...

"မပူပါနဲ့ မနေ့ကခင်ဗျားမိန်းမဆီမှာ ချိုလင်းစုရဲ့ပစ္စည်းတွေပြန်တောင်းပြီး ခရီးထွက်စရာရှိကယ်လို့ ပြောခဲ့ပြီးပါပြီ"

ဝမ်ပိသည် စွမ်းရီမင်းအား မျက်လုံးပြူးကာကြည့်ပြီး စိတ်ပျက်စွာဖြင့် တဘက်သို့လှည့်သွားလေသည်။

စွမ်းရီမင်းက သူ့အားကြည့်ကာ ခပ်ပြုံးပြုံးဖြင့် ပြောသည်။

"ဘာလုပ်မလဲဗျာ၊ သူများဆီက မတရားညှစ်ပြီးယူတဲ့ပစ္စည်းဟာ မကောင်းပါဘူးနော်"

ဝမ်ပိက အောင့်သက်သက်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

မပြ၍လည်း မဖြစ်ပါ၊ သူကနိုင်လူ မဟုတ်ပါလား။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်ဗျာ"

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တဘက်ခန်းမှ လူစိမ်းတယောက်က သူမတို့ရှိရာသို့ ကူးလာသောအခါ ပိုကျူးမှာ မျက်လုံးပြူးသွားသည်။

အဘယ်ကြောင့်ဆိုသော်....

ထိုလူအား သူမက တခါမှ မမြင်ဘူးပါပေ။

စောစောက ဝမ်ပီအဝတ်အစားနှင့် ထွက်သွားသူမှာ စွမ်းရီမင်းသင်ဖြစ်လိမ့်မည်ဟု ထင်ထားပြီး၊ ယခုသူမ၏ အခန်းသို့ ကူးလာသူအား ပိုကျူးသည် စူးစူးဝါးဝါးကြည့်နေမိသည်။

"ပိုကျူး...မင်း အစ်ကို့ကို မြင်ချင်လှပါပြီဆို"

ထိုအခါမှ ပိုကျူး၏မျက်လုံးအစုံမှာ ပြူးကျယ်သွားကာ အံ့အားသင့်ပြီး စွမ်းရီမင်းအား မျက်လုံးကျွတ်မတတ် စိုက်ကြည့်မိသည်။

"ဟင်...အစ်ကိုစွမ်းရီမင်း"

သူမက လှိုက်လှိုက်လှဲလှဲ ခေါ်လိုက်မိသည်။

စွမ်းရီမင်းက သူမအား ပြုံးပြလိုက်ပြီး...

"ဘယ့်နှယ်လဲ...သရဲသဘက်နဲ့ မတူဘူးလား"

ပိုကျူးက နှုတ်ခမ်းစူလိုက်ပြီး...

"အဲဒီလို မပြောပါနဲ့ အစ်ကိုရယ်၊ အစ်ကိုဟာ ကျွန်မထင်ထားတာထက်ပိုပြီး ခန့်ညားနေပါတယ်"

"တယ်ဟုတ်ပါလား၊ ဒါဖြင့် ဘာစားစရာရှိသလဲ ကျွေးပါဆာလှပြီ"

ထိုစဉ် ဝေယံချင်းက ဆန်ပြုတ်နှင့် ကြက်သားကြော်များကို ယူလာပြီး စွမ်းရီမင်းအား လာချပေးသွားသည်။

ပြီးသည်နှင့် သူမသည် စွမ်းရီမင်းကို တချက်ကြည့်ကာ ခေါင်းငုံ့၍ ပြန်လှည့်သွားလေ၏။



ပိုကျူးက ဝေယံချင်းအား စိတ်မကောင်းစွာဖြင့် လှည့်ကြည့်ယင်းမှ...

"သူ့ခမျာလဲ သနားစရာပါပဲ အစ်ကိုရယ်"

စွမ်းရီမင်းက မျက်မှောင်ကုပ်လိုက်၏။

"ဘာဖြစ်လို့"

ပိုကျူးက ခေါင်းငုံ့ထားရာမှပြန်မော့ကြည့်လိုက်ပြီးပြော၏။

"သူဟာ...အစ်ကို့ အပေါ်မှာ တကယ်သံယောဇဉ်ရှိရှာသူပါ"

ထိုစကားကြားရသည်နှင့် စွမ်းရီမင်းသည် ဆတ်ကနဲ တဘက်သို့လှည့်သွား၏။

ထို့နောက် စားပွဲတခုပေါ်၌ တင်ထားသောအရက်အိုးကို မော့ချလိုက်လေသည်။

သူသည် နှစ်ခါမျှ ဆက်တိုက်မော့ချပြီးမှ ပိုကျူး၏အနီးတွင် ဝင်ထိုင်လိုက်သည်။

စွမ်းရီမင်း၏ မျက်နှာသည် အရက်ကြောင့် နီမြန်းနေသည်ဟု ထင်လိုက်ရသည်။

သူသည် ပိုကျူးအားကြည့်လိုက်၏။

"သူကတော့ သံယောဇဉ်ရှိတယ်၊ ပိုကျူးကကော"

"အို"

သူမ၏မျက်နှာက အရက်မသောက်ဘဲ နီရဲသွားတော့သည်။

"ပြောလေ"

"ကျွန်မက ပြောစရာလိုသေးလား အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး—လူဆိုတာ ကိုယ့်အတွက်ကိုယ် အယင်ဆုံးကြည့်ကြတာကောင်းပါတယ်"

ပိုကျူက ခေါင်းငုံ့နေသည်။

စွမ်းရှိမင်းသည် အရက်အိုးဆီသို့ ထသွားပြီး မော့ချလိုက်ပြန်သည်။

စွမ်းရှိမင်းတယောက် စိတ်လှုပ်ရှားနေမှန်း ပိုကျူအကဲခတ်မိသည်။

"ဒီမှာ ပိုကျူ"

"ပြောပါ..အစ်ကို"

"အစ်ကို တခု ပြောပါရစေ"

"ဟုတ်ကဲ့ ပြောပါ"

"လူတွေဟာ ကိုယ်ဖြစ်ချင်တာကို အသာထားပြီး ဖြစ်သင့်ဖြစ်ထိုက်တာတွေကို အရင်လုပ်ရတယ်ကွဲ့"

ပိုကျူက နှုတ်ဆိတ်နေသည်။

စွမ်းရှိမင်းက ဆက်လက်၍...

"အစ်ကိုလည်း ဖြစ်ချင်တာတွေ အများကြီးပေါ့၊ ဒါပေမယ့်.. လုပ်သင့်တာကို အစ်ကို လုပ်လိုက်မိပြီလေ"

ပိုကျူက သဘောပေါက်သွားသည်။

ထို့ကြောင့်လည်း သူမက ခေါင်းညင်သာစွာ ညိတ်ပြလိုက်သည်။

"ကျွန်မ သဘောပေါက်ပါတယ် အစ်ကို၊ ဒါကြောင့်လဲ ကျွန်မဟာ မမျှော်မှန်းနိုင်တဲ့ လာဘ်ကြီးတခုကို ရလိုက်ပေမယ့် တဘက်ကတော့ ဆုံးရှုံးမှုကြီးတခုနဲ့ ရင်ဆိုင်ရပါတယ်"



"ဒါကို ဆုံးရှုံးမှုလို့ မထင်ပါနဲ့ ပိုကျူရယ်၊ လောကမှာ ကိုယ်တောင့်တရင် ဖြစ်နိုင်တဲ့ အရာတွေ အများကြီး ကျန်ပါသေးတယ်"

ပိုကျူက မရယ်ချင်ရယ်ချင်နှင့် ရယ်မောလိုက်လေသည်။

"ပေမှာတသီး၊ ကျီးများတသားဆိုတဲ့ စကားမျိုးအစ်ကို ကြားဖူးပါလိမ့်မယ်"

"ကြားဖူးပါတယ်"

"ကျွန်မ အစ်ကို့ဆီက ဘာမှ မမျှော်မှန်းပါဘူး၊ အကယ်၍ အစ်ကိုက အတင်းအဓမ္မ တောင်းဆိုလာတာတောင် ညီမလေး လိုချစ်မိတဲ့ ချိုလင်းစုရဲ့ မျက်နှာကို ကျွန်မ ပြန်ကြည့်ရပါအုံးမယ်"

စွမ်းရှိမင်းက ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

"အေး.. အဲဒါ ထားသင့်ထားထိုက်တဲ့ စိတ်ထားမျိုးပဲ"

တခန်းလုံး တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

ထိုတိတ်ဆိတ်ခြင်းကို ဝေယံချင်းက လာရောက်၍ ဖြိုခွင်းလိုက်လေသည်။

"ကျွန်မ တချိန်က အစ်ကို့အပေါ် စော်ကားသလို ဖြစ်ခဲ့တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် အစ်ကို"

ဝေယံချင်း၏အသံကို ကြားလိုက်ရသော်လည်း စွမ်းရှိမင်းက လှည့်မကြည့်ဘဲ ပြန်၍ ဖြေလိုက်သည်။

"ငါ အတိတ်ကို မေ့တတ်တဲ့ အကျင့် ရနေပါပြီ၊ ဝေယံချင်းရယ်... ဘယ်လိုမှ မအောက်မေ့ပါဘူး"

ရှိုက်သံသဲ့သဲ့ကလေးတချက် ဝေယံချင်းထံမှ ထွက်ပေါ်လာပြီး တခန်းလုံးသည် စောစောကကဲ့သို့ပင် ပြန်လည် တိတ်ဆိတ်သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီမင်းသည် ထိုစကားမျိုး ပြောနေလျှင် တနေ့လုံး တညလုံး ဆုံးမှာ မဟုတ်တော့သဖြင့် သူက မျက်နှာကို တမျိုးပြောင်းပြီး စကားလမ်းကြောင်းကို လွှဲလိုက်လေသည်။

"ပိုကျူ..."

"ရှင်..."

"ပိုကျူရဲ့ အဖေကို အစ်ကို တွေ့ခဲ့ရတယ်"

ပိုကျူသည် မျက်နှာကလေး ဝင်းထိန်သွားပြီး စွမ်းရီမင်း၏ အနားသို့ တိုးကပ်လာလေသည်။

ပြီးမှ ရွှင်လန်းတက်ကြွစွာ မေးမြန်းလိုက်သည်။

"ဖေဖေ့ကို တွေ့ခဲ့တယ် ဟုတ်လား"

စွမ်းရီမင်းက နှုတ်မှ မဖြေဘဲ ခေါင်းညိတ်ပြသည်။

ပိုကျူကမူ အငမ်းမရ ဆက်မေးပြန်သည်။

"ဘယ်မှာ တွေ့ခဲ့တာလဲ အစ်ကို"

"မြေတိုက် အချုပ်ခန်းထဲမှာ"

ပိုကျူ မျက်နှာကလေး သိသိသာသာ ညှိုးကျသွားသည်။

"ဖေဖေ... သိပ်ဆင်းရဲနေသလား အစ်ကိုရယ်"

"သူ့ကို အချုပ်ခန်းထဲမှာ ထားတယ်၊ တကယ်တော့ သူတို့က ပိုကျူရဲ့ ဖေဖေဆီမှာ အဖိုးတန်တဲ့ ပတ္တမြားတလုံး ရှိတယ်ဆိုပြီး တောင်းနေတာပါ"

"ဟင်... ဒါကြောင့်လား"

သူမမှာ အံ့သြသွားလေတော့သည်။

"တကယ်ကော ရှိလို့လား"

ပိုကျူက စွမ်းရီမင်း၏မျက်နှာကို ကြည့်ကာ...



"အဲဒါကို ဖေဖေ ရောင်းစားလိုက်ပြီလို့လဲ ကြားမိပါတယ် အစ်ကို"

"အင်း... ဒါပေမယ့် သူတို့က မယုံလို့ တောင်းနေတာ ဖြစ်မှာပေါ့"

ပိုကျူထံမှ သက်ပြင်းချသံကလေးသာ ပေါ်ထွက်လာသည်။

စွမ်းရီမင်းက အာမခံလိုက်၏။

"မပူပါနဲ့လေ... အစ်ကိုတို့ ကြိုးစားကြတာပေါ့၊ အဲဒီအခါမှာ သူသေကိုယ်သေ အဖြေပေါ်လာမှာပဲ၊ ပိုကျူလည်း သတိဝီရိယနဲ့နေ ကြားလား"

"ဟုတ်ကဲ့ပါ အစ်ကို"

"ဒါထက် အခုအချိန်ထိ ဘယ်သူတွေ ရိပ်မိသလဲ"

"ဘယ်သူမှ မရိပ်မိသေးပါဘူး၊ ဒီမှာက ဝမ်ပိနဲ့ ထန်စီးက လွဲပြီး ဘယ်သူမှ အာဏာလာမပြကြပါဘူး"

စွမ်းရီမင်းက စိတ်သက်သာသွားသလို ခေါင်းကို ညိတ်လိုက်ပြီး...

"အေးလေ... ဒီညကစပြီး အစ်ကို လှုပ်ရှားတော့မယ်"

"ဒီည ဟုတ်လား"

စွမ်းရီမင်းကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သောည...

အချိန်စောသေးသဖြင့် လရောင်က လုံးဝ မရှိသေးပါ။

စွမ်းရှိမင်းသည် ကေးမှုအား မှာကြားစရာ ရှိသည်တို့ကို မှာကြားနေ၏။

"မင်း သတိထားဖို့က ငါတို့ဟာ ရုပ်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးပြောင်းပြီး လှုပ်ရှားတနံ့ လှုပ်ရှားရမယ်၊ အရေးအကြီးဆုံးက တဦးနဲ့တဦးမမှားဖို့ သင်္ကေတ ကလေးတွေတော့ ယူထားကွာ"

စွမ်းရှိမင်းက ထိုကဲ့သို့ ပြောပြီးသည်နှင့် သူ၏လက်ချောင်းကလေးများကို ကွေးချည်ဆန့်ချည် လုပ်ပြ၍ ဟယောက်နှင့်တယောက် သင်္ကေတ အမှတ်အသားများ ယူနေကြသည်။

ပါးစပ်မှလည်း...

"အဲဒီလို အမှတ်အသား လုပ်ပြလာရင် ကိုယ့်လူပဲဆိုတာ အမြဲတမ်း သတိထားပြီး ဆောင်ရွက်ပါ"

"ကျွန်တော် သဘောပေါက်ပါပြီ ဆရာ"

"အေး... ဒါဖြင့် ငါသွားမယ်"

စွမ်းရှိမင်းသည် အရာရာကို ကြိုတွေးတတ်သူဟု ကေးမှု သိလိုက်ရသည်။

သူ လွန်စွာ ကျေနပ်သွားသည်။

ဆရာတင်ရကျိုးနပ်ပြီ မဟုတ်ပါလား။

ညအမှောင်ထုက သိပ်သည်းနေ၏။

စွမ်းရှိမင်း၏ တကိုယ်လုံးတွင် အနက်ရောင်များ ဝတ်ဆင်ထားသောအခါ အမှောင်ထဲတွင် လူလုံးက ကွယ်ပျောက်သွားတော့သည်။



သူသည် မီးများ ထိန်လင်းနေသည့် အဆောက်အအုံကြီးဆီသို့ ဦးတည်ကာ သွားနေခြင်း ဖြစ်သည်။

ထို့ပြင် အစောင့်များ လုံးဝမရှိသည့် အနောက်ဘက်မှ လှည့်ပတ်ခြင်းလည်း ဖြစ်သည်။

သူဝင်သည့် နေရာမှာ ယမမင်းထန်စီးနေသော အိမ်ကြီးဘက်မှလှည့်၍ စနေဂြိုဟ်၏ဂေဟာဆီသို့ လှည့်လာခြင်း ဖြစ်သည်။

ထိုဂေဟာ၏ အနောက်ခြမ်းတွင် ယမမင်းထန်စီး၏ အိမ်က ရှိနေသောကြောင့် အစောင့်အကြပ်များ မထားခြင်းပင် ဖြစ်လေသည်။

ထို့ကြောင့် သူသည် အစောင့်ကင်းရှင်းသော ထိုနေရာကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

သူသည် ယနေ့ညအဖို့ စနေဂြိုဟ်အား ချုပ်ကိုင်နိုင်လျှင် ကိစ္စအားလုံးသည် လွယ်ကူစွာ ပြီးမြောက်သွားလိမ့်မည်ဟု ယူဆထားလေ၏။

ထို့ကြောင့်လည်း သူသည် ဤဂေဟာကြီးဆီသို့ စွန့်စွန့်စားစား လာရောက်ခဲ့ခြင်း ဖြစ်သည်။

သူ့အနေနှင့် ဝမ်ပိုအသွင်ဆောင်၍ လာရန် မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော်...

ဝမ်ပိုသည် တကြိမ်တခါမှ ဤကဲ့သို့ ညဥ့်နက်မှ လာရောက်ခြင်းမရှိဟု သိထားရသောကြောင့်ပင်။

သူသည် ဂေဟာကြီး၏ အနောက်ဘက်သို့ ရောက်သည်နှင့် သစ်ပင်တပင်၏ သစ်ကိုင်းတကိုင်းပေါ်သို့ ကိုယ်ဖော့ပညာဖြင့် ခုန်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသစ်ပင်သည် ပြတင်းပေါက်တခုနှင့် နီးကပ်နေသဖြင့် သူ့အဖို့ အဆင်ပြေစေသော အချက်တချက်ပင် ဖြစ်ပေသည်။

သူသည် ပြတင်းပေါက်ကို အသာအယာ ကူးလိုက်ပြီးသည်နှင့် အတွင်းသို့ ပေါ့ပါးစွာ ခုန်ချလိုက်လေတော့သည်။

ခန်းမကျယ်ကြီးတခုသည် မီးလင်းနေသော်လည်း လူတဦးတယောက်မှ မရှိပေ။

စွမ်းရှိမင်းသည် အတန်ကြာအောင်ပင် တိုင်တလုံးနောက်၌ ပုန်းကွယ်ရင်း အကဲခတ် ကြည့်ရှုနေပြီးမှ အခြား မီးလင်းနေသော အခန်းတခန်းသို့ ကူးသွားသည်။

သို့သော်...

ထိုအခန်းတွင်လည်း အစောင့်ဟူ၍ တဦးတယောက်မှ ရှိမနေပါချေ။

ထို့ကြောင့်...

အစောင့်များသည် အဆောက်အအုံ၏ အပြင်ဘက်နှင့် အောက်ဘက်တွင်သာ စောင့်ရပြီး ထိုအပေါ်ထပ်တွင် တဦးတယောက်မှ မထားကြောင်း စွမ်းရှိမင်း သဘောပေါက် သိရှိသွားသည်။

စွမ်းရှိမင်းသည် ထိုမီးလင်းနေသော ဒုတိယအခန်းဆီသို့ တဖြည်းဖြည်းချင်း ချဉ်းကပ်၍ သွားပေသည်။

တံခါးဝသို့ ရောက်သွားသောအခါ သူသည် တံခါးအား အသာအယာ တွန်းကြည့်ရာ လုံးဝ ဂျက်မထိုးထားသည်ကို တွေ့ရှိလိုက်ရလေသည်။

ထို့ကြောင့်...



သူက အသံ လုံးဝမကြားစေဘဲ တံခါးအား အသာကလေး တွန်း၍ အတွင်းသို့ ချောင်းကြည့်လိုက်လေသည်။

မီးရောင်အောက်တွင် ခန့်ညားသော လူတယောက်သည် စာအုပ်တအုပ်အား ဖတ်ရှုနေသည်ကို တွေ့လိုက်ရ၏။

စွမ်းရှိမင်းသည် ထိုလူ၏မျက်နှာကို သေသေချာချာ မြင်တွေ့ရသည့်အခါတွင် သူ၏ဦးခေါင်းတခုလုံးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားကာ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင်ပင် ဖြစ်သွားလေတော့သည်။

♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၁)

## ရှုပ်ထွေးသော အစီအစဉ်

သူသည် ထိုအဖြစ်အပျက်ကို 'ချန်အန်း'မြို့သို့ စားပြတိုက်သွားစဉ်က ကြုံဖူးလိုက်ပြီ ဖြစ်ပါသည်။

ထိုအခါ ကေးမူက မေးသည်ကိုပင် သူက သိပ်မသေချာ၍ ကိတိကျကျ အဖြေမပေးခဲ့ပေ။

တကယ်တော့ သူ မဖြေချင်ပေ။

ဤကိစ္စ အမျိုးမျိုး ဖြစ်လာနိုင်သည်ကို သူသိသည်။

"မင်း တနေ့ သိရမှာပေါ့ကွာ"

ဟုသာ ကေးမူအား ပြန်၍ ပြောကြားခဲ့သည်။



ထိုစဉ်တုန်းက သူ မြင်တွေ့ခဲ့ရသူမှာ အခြားသူ မဟုတ်ပေ။

မြို့စားကြီး၏ အိမ်ဂေဟာအတွင်းသို့ မျက်နှာဖုံးတပ်ပြီး သဘက်ဝင်သွားသော ပုဂ္ဂိုလ်ကြီး၏မျက်နှာကို သူက ထင်ထင်ရှားရှား တွေ့ခဲ့ရသည်။

ယင်းပုဂ္ဂိုလ်ကြီးသည် တိုင်းသိပြည်သိ သေဆုံးသွားသော တနည်းအားဖြင့် အသတ်ခံလိုက်ရသော ပုဂ္ဂိုလ်ကြီးပင် ဖြစ်သည်။

ထိုသူကား... ကြယ်သုံးလုံးတို့ စားပြလာတိုက်စဉ်က စနေဂြိုဟ်ကိုယ်တိုင် လာရောက်သတ်ဖြတ်သွားခဲ့သော မြို့စားကြီး၏ ညာလက်ရုံး တပ်မှူးကြီးချူမားပင် ဖြစ်လေတော့သည်။

တပ်မှူးကြီးချူမားကို စွမ်းဆိုမင်းက ကောင်းကောင်း သိထားသည်။

ထိုစဉ်က စနေဂြိုဟ် သတ်သွားသည့် သတင်းတော့ ရှာမန အခမ်းအနား ပြုလုပ်ကြသဖြင့် သူကိုယ်တိုင် အလောင်းကို မျက်စိနှင့် တပ်အပ်မြင်ခဲ့ရသော်လည်း တညတွင် မျက်နှာဖုံးတပ်၍ မြို့စားကြီးထံသို့ စကားသွားရောက် ပြောဆိုသည်ကို မြင်လိုက်မိသဖြင့် အတော်ပင် အံ့အားသင့်တုန်လှုပ်ခဲ့သည်။

သို့သော်...

မသေချာ၍ မည်သူ့ကိုမျှ ထိုသတင်းကို မပြောခဲ့ပေ။

ယခု...

သေဆုံးသွားသူအား ထပ်မံ တွေ့ရပြီဖြစ်သည်။

ထိုသူသည် စနေဂြိုဟ် ဖြစ်လိမ့်မည်ဟူ၍ နည်းနည်းကလေးမျှ မစဉ်းစားမိသော စွမ်းရီမင်းမှာ သတိလစ်မသွားစေရန် တခါးဘောင် အသာထိုင်ချလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒုတိယ အကြိမ် ထပ်မံ၍ သေချာစွာ ကြည့်မိပြန်သည်။

မလွဲပါ...။

သူမှသူအစစ်...

စနေဂြိုဟ်သည် တိုင်းသိပြည်သိ သေဆုံးသွားပြီ ဖြစ်သော တပ်မှူးကြီးချူမားသာလျှင် ဖြစ်နေလေတော့သည်။

စွမ်းရီမင်းသည် သူ၏ဓားကို ခါးကြားမှ ဆွဲထုတ်လိုက်လေသည်။

ထက်မြက်လှသော ဓားမြောင်ကလေးသည် သူ၏လက်ဖျံ၌ အသင့်ဖြစ်နေပေပြီ။

သူ့အား ခပ်စောင်းစောင်း ကျောပေးထားသော စနေဂြိုဟ် ချူမား၏ နောက်ကျောဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။

တိုစဉ်... ရုတ်တရက်...

"စွမ်းရီမင်း... မင်း လူမှားမှာပေါ့ကွာ"

ဟူသော အသံသည် ချူမားထံမှ ခပ်တိုးတိုးကလေး ပေါ် ထွက်လာလေရာ စွမ်းရီမင်းသည် ရုတ်တရက် ကြောင်သွားပြီး တု လှုပ်ချောက်ချားသွားသည်။

"ဘာ... ကျုပ်က လူမှားမယ် ဟုတ်လား၊ ဟင်း... လက် သတ်တော့ ခင်ဗျားတာ လူကြီးလူကောင်း ဟန်ဆောင်ပြီး၊ ဒီမှာ အ ရိုက်လုပ်ငန်းကို ဦးစီးနေတာကို၊ ကျုပ် ခွင့်မလွှတ်ဘူးဗျ"

စွမ်းရီမင်းသည် ချူမားအား သူ၏ဓားမြောင်နှင့် အတင်း ၍ ထိုးတော့သည်။



ချူမားသည် ကိုယ်ကို အသာလှည့်ကာ စွမ်းရီမင်း၏ တိုက် ကွက်ကို ပုတ်ထုတ်လိုက်လေ၏။

"ဟေ့... စွမ်းရီမင်း တိုးတိုးလုပ်ပါ၊ ငါ တပ်မှူးချူမားပါကွ"

စွမ်းရီမင်းသည် ရုတ်တရက် ကြောင်သွားပြီး ရပ်တန့်လိုက်သည်။

ပြီးမှ သူသည် စိတ်ခကျေနပ်ဘဲ...

"ကျုပ်... ခင်ဗျားကို တပ်မှူးကြီးချူမားမှန်း သိသားပဲဒါ ပေမယ့် ခင်ဗျားက..."

ချူမားသည် သူ၏ကောကို လက်ဝါးကာ၍ တားဆီးလိုက်သည်။

ထို့နောက်...

ချူးမာသည် အခန်းတံခါးကို လုံခြုံစွာ ပိတ်လိုက်လေ၏။

"မင်း... မကျေနပ်ရင် သတ်ကွာ၊ ငါ ပြောတာကိုတော့ ဆုံးအောင် နားထောင်ဖို့ ကောင်းတယ်..."

စွမ်းရီမင်းသည် ဒေါသ လုံးဝ ထွက်ဟန်မပြသော ချူမားကို မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီးမှ...

"ခင်ဗျား ဘာတွေ အကောက်ကြံပြီး ကျုပ်ကို လိမ်ညာ ပြောချင်သေးလို့လား"

"အေး... ငါပြောပြမယ် နားထောင်"

ဟု ဆိုကာ တပ်မှူးကြီးချူမားသည် စွမ်းရီမင်းကို စိတ်ရှည် လက်ရှည် ရှင်းပြလေတော့သည်။

ချူမားတွင် ငယ်စဉ်ကတည်းက ကွဲကွာနေသော ညီအရင်း တယောက် ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အမည်မှာ ချူဟွား ဖြစ်၏။

ချူဟွားသည် ခိုးဆိုးတိုက်ခိုက်ရာမှ မန်ချူးတို့၏ လက်ပါးစေတဦး ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

မန်ချူးအရာရှိကြီးများသည် တကယ်တမ်း ယုံကြည်စိတ်ချလာသောအခါ ဥပဒေမဲ့နယ်မြေတခုလုံးအား ပုံ၍လွှဲအပ်ကာ အုပ်ချုပ်စေခဲ့သည်။

တနေ့တချိန်တွင် သူသည် ရာထူးကြီးကြီးတခုကို ပေးအပ်မည်ဟု အယုံသွင်းကာ ရွှေ၊ ငွေ၊ ရတနာများ လက်နက်ခဲယမ်း မီးကျောက်များကို စုဆောင်းခိုင်းလေသည်။

ထို့ပြင်လည်း...

မြေအောက်စခန်းတခုကို ဖွင့်လှစ်စေပြီး ဓား၊ လှံ၊ လက်နက်အမျိုးမျိုးကိုလည်း ထုတ်လုပ်စေ၏။

တဖန် မန်ချူးစစ်ဗိုလ်လေးနှစ်ဦးနှင့် လက်ပါးစေတဦးကိုပင် ချူဟွားက အုပ်ချုပ်ခဲ့ရသည်။

မန်ချူးစစ်ဗိုလ်လေးနှစ်ဦးနှင့် လက်ပါးစေတဦးမှာ အခု ထင်ရှားနေသော ကြယ်သုံးလုံးပင် ဖြစ်သည်။

ပထမကြယ်နှင့် ဒုတိယကြယ်သည် မန်ချူးစစ်ဗိုလ်လေးများ ဖြစ်ပြီး တတိယကြယ်မှာ လက်ပါးစေ 'ကေးဝီ'ဆိုသူပင် ဖြစ်သည်။

အစီအစဉ်များကို အကွက်ချပေးသူမှာ မန်ချူးဗိုလ်ချုပ်ကြီးများပင် ဖြစ်ကြသည်။

သူတို့သည် မကြာမီ ကာလအတွင်း၌ ဓား၊ လှံ၊ လက်နက်များနှင့်အတူ ရွှေ၊ ငွေ၊ ရတနာ မြောက်မြားစွာကို ယူဆောင်၍ ကိုယ်ရှောင် ဖျောက်တော့မည် ဖြစ်သည်။

သို့သော်...

သူတို့ မှန်းထားသည့်အတိုင်း ရတနာများက မရရှိသေးသဖြင့် နည်းအမျိုးမျိုးနှင့် လုယက်တိုက်ခိုက်နေခြင်း ဖြစ်သည်။

ထိုသတင်းကို တပ်မှူးကြီးချူမားက တိတိကျကျ သတင်းစုံစမ်းရရှိထားသည်။

ထို့ကြောင့် သူသည်—

ကြယ်သုံးလုံးတို့ တိုက်ခိုက်မည် ထင်သော ချန်အန်းမြို့သို့ ပြောင်းရွှေ့ကာ ဘုရင့်ဘဏ္ဍာတော်များနှင့် မှား၍ ခေါ်နေခြင်း ဖြစ်သည်။

ထင်ထားသည့်အတိုင်းပင် ကြယ်သုံးလုံးအဖွဲ့မှ ဘဏ္ဍာတော်များကို လာရောက်လုယူကြလေတော့သည်။

ဤတွင်...

ချူဟွားကလည်း သူ့ကို မန်ချူးတို့ ပို၍ ယုံကြည်လာစေရန်နှင့် ဩဇာတိက္ကမ ပိုမို ကြီးမားလာစေရန်အတွက် အကြံအစည်တခုကို ဖော်ထုတ်လိုက်သည်။

ထိုအကြံအစည်မှာ အခြား မဟုတ်ပေ။

ချန်အန်းမြို့တွင် လက်ရှိ အမှုထမ်းနေသော မြို့စားကြီး ဝမ်ကြည်ဖုန်း၏ လက်ရုံးတပ်မှူးကြီးချူမားသည် လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသည်။

ကြံရည်ဖန်ရည်ကောင်းသော ချူမားကို ကျော်၍ ကြယ်သုံးလုံးသည် ဘဏ္ဍာတော်တိုက်ကို လွယ်လွယ်ကူကူနှင့် ထိုးဖောက်နိုင်မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်...

သူသည် ကြယ်သုံးလုံးစို့ ဘဏ္ဍာတော်တိုက်ကို အလွယ်တကူ ဝင်စီးနိုင်ရန် သူက တပ်မှူးကြီးချူမားကို သတ်ပေးမည်ဟု ကတိခံလိုက်သည်။

ယင်းသို့ တာဝန်ယူသည့်အတိုင်းပင်...

ထိုညက ချူမားကို စနေဂြိုဟ်ချူဟွားက လာရောက် သတ်ဖြတ်ခဲ့သည်။

သို့သော်... ချူဟွားမှာ ပြောင်းပြန် ဖြစ်သွားရသည်။

သူ့ထက် ပညာအဆပေါင်းများစွာ သာသော တပ်မှူးကြီးချူမားက ညီဖြစ်သူ ချူဟွား၏ အလောင်းကို သူ့အလောင်းအဖြစ် ထားရှိခဲ့လိုက်သည်။

ထိုကိစ္စကို မြို့စားကြီးပင် မသိလိုက်ပါပေ။

တညတွင် မျက်နှာဖုံးတပ်ထားသော ချူမားအား စွမ်းရှိမင်းက မြို့စားကြီးအိမ်တွင် တွေ့ရှိလိုက်သည်မှာ မှန်ပေသည်။

တပ်မှူးကြီးချူမားသည် ချက်အန်းသို့ ရုပ်ဖျက်၍ ပြန်လာပြီး စွမ်းရှိမင်းအား တကယ်တမ်း မြို့စားကြီးအား လုပ်ကြံသောသူ ဟုတ်မဟုတ် လာရောက်စုံစမ်းမေးမြန်းခြင်း ဖြစ်သည်။

ထိုအခါမှ စွမ်းရှိမင်းသည် မြို့စားကြီးက ဥပါယ်တမည်နှင့် လွှတ်လိုက်သော လူကောင်းတယောက် ဖြစ်ကြောင်း သိရှိခဲ့ပြီး ချူမား၏အကြောင်းကိုလည်း မြို့စားကြီးက ထိုအချိန်မှ သိလိုက်ရခြင်း ဖြစ်လေတော့သည်။

ချူမားက သဘောပေါက်အောင် ပြောပြနေသော်လည်း စွမ်းရှိမင်းမှာ ဇဝေဇဝါ ဖြစ်နေပုံရသည်။



"ဘာလဲ မင်းက မယုံသေးဘူးလား၊ ငါသာ စနေဂြိုဟ်အစစ်ဆိုရင် အခု လက်ခုပ်တီးလိုက်တာနဲ့ အောက်က အစောင့်တွေက မင်းကို ဘယ်အလွတ်ပေးတော့မလဲကွ"

ထိုအခါမှ စွမ်းရှိမင်းက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့... ဒါကို ကျွန်တော် ယုံပါပြီ"

တပ်မှူးကြီးချူမားက ဆက်၍ ရှင်းပြပြန်သည်။

"မင်းကို ကြယ်သုံးလုံးက တခါတည်း သတ်ပစ်ဖို့ ငါ့ဆီမှာ အမျိုးမျိုး တောင်းဆိုနေတာကို ငါက တမင်တကာ ကန့်ကွက်ထားတာကွ"

"ဟုတ်ကဲ့..."

"မင်း ဖေပြေသွားတိုက်တဲ့အချိန်က ဂုဏ်မကြယ်ဟာ မင်းတို့နောက်က ထက်ကြပ်မကွာ လိုက်သွားတယ်၊ အဲ... သူ့ရဲ့ နောက်က ငါလည်း ပါလာတယ် ဆိုပါတော့ကွာ"

"ဪ... ဒါတွေ ထားပါတော့၊ ဒါဆို တပ်မှူးက ရှေ့ကို ဘယ်လို အစီအစဉ်တွေ ဆွဲထားသလဲ"

ချူမား ခေါင်းညိတ်ပြလိုက်ပြီး...

"လာ... မင်းနဲ့ငါ တိုင်ပင်စရာတွေ အများကြီး ရှိတယ်"

ချူမားသည် ထိုကဲ့သို့ ပြောပြီး စွမ်းရှိမင်းနှင့် နှစ်ကိုယ်ကြား တိုင်ပင်ဆွေးနွေးသည်။

သူတို့နှစ်ဦးသည် ပါးစပ်နှင့်တမျိုး မြေပုံဆွဲ၍တသွယ် အမျိုးမျိုး တိုင်ပင်ဆွေးနွေးနေကြသည်။

ချူမား၏ သေချာစေ့စပ်စွာ စီစဉ်ထားသော အစီအစဉ်များကို စွမ်းရှိမင်းက ကောင်းစွာ သဘောပေါက်သွားသဖြင့် တပ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



ချူမား၏ အကြံအစည်ကို မချိုးကျိုးဘဲ မနေနိုင်အောင် ဖြစ်ရလေတော့သည်။

စွမ်းရီမင်းကလည်း သူ၏လုပ်ဆောင်ချက်များကို ပြန်လည်တင်ပြကာ ရှေ့ဆက်မည့် အစီအစဉ်များကို ပြောပြသောအခါ ချူမားသည် စွမ်းရီမင်းအား မချီးမွမ်းဘဲ မနေနိုင်အောင် ဖြစ်ခဲ့ရပြန်သည်။

သူတို့နှစ်ဦး၏ ဆွေးနွေးမှုသည် အချိန်အားဖြင့် သုံးနာရီနီးပါး ကြာသွားလေသည်။

ထိုအခါ...

မကြာမီပင် မိုးလင်းတော့မည့် အခြေသို့ ဆိုက်ရောက်လာလေသည်။

စွမ်းရီမင်းသည် လုပ်ငန်းကိစ္စများ အားလုံး ဆွေးနွေးပြီးသည်နှင့် သူသိလိုသော အချက်ကို မေးမြန်းလိုက်သည်။

"ဒါထက် တပ်မှူးကြီး..."

"မင်း ဘာသိချင်လို့လဲ စွမ်းရီမင်း"

"တတိယကြယ်ကေးဝီက မွေးစားထားတဲ့ မွေးစားသမီးဟာ ဘယ်သူလဲဗျ"

ချူမားက သူသိသမျှကို ပြန်ရှင်းပြလိုက်သည်။

"ဘယ်သူ့သမီးဆိုတာတော့ ငါ သေသေချာချာ မသိဘူးကွ၊ ဒါပေမယ့် တတိယကြယ် စားပြသွားတိုက်စဉ်က သူ့လက်ချက်နဲ့ သေဆုံးသွားတဲ့ လင်မယားနှစ်ယောက်ရဲ့ သမီးပဲ ဆိုတာတော့ ငါ စုံစမ်းလို့ ရတယ်"

"ဒီကလေးမလေးကျတော့ သူက ဘာလို့ ခေါ်ယူပြီး မွေးစားထားခဲ့တာလဲ"



"အဲဒါက ဒီလိုလေကွာ၊ သူ့လက်ချက်နဲ့ သေသွားတဲ့ လင်မယားကလည်း ကလေးမလေးရဲ့ အမေဟာဆိုရင် ကေးဝီ(တတိယကြယ်)ရဲ့ ညီမဝမ်းကွဲတော်တယ်ဆိုတော့ သူ့သွေးမကင်းတာနဲ့ သနားပြီး ခေါ် မွေးစားထားတာပေါ့ကွာ"

"ဒါဆို တတိယကြယ်မှာ လူစိတ်ကလေးတော့ နည်းနည်းကလေး ရှိတယ်လို့ ဆိုရမှာပေါ့နော်"

"ဆိုပါတော့ကွာ၊ အဲဒီ ကလေးမလေးကိုတော့ သူက အချစ်သားပဲကွ၊ ဘာမှ လိုလေသေးမရှိအောင် ထားတယ်"

"ဟုတ်ကဲ့... အဲဒါတော့ ကျွန်တော် ရိပ်စားမိတယ်"

"ကောင်မလေးဟာ ဘယ်လောက်ပဲ ဆိုးပါစေ၊ သူ သိးခံတဲ့ သဘော ရှိတယ်"

"သူ့ညီမဝမ်းကွဲကို သတ်ခဲ့မိတဲ့ အမှားကြောင့်နဲ့ တူပါတယ်"

ချူမားက ခေါင်းညိတ်ပြလိုက်သည်။

"အင်း... ဖြစ်နိုင်ပါတယ်၊ နို့မို့ဆိုရင် ကလေးမကလေး ဘယ်သက်သာမလဲကွာ..."

စွမ်းရီမင်းက...

"အင်း... ချူလင်းစုကသာ ဒီအကြောင်းသိရင် သူ့ကို ခွင့်လွှတ်ပါ့မလား"

"ဒါတော့လဲ ဘုရားမှ သိမှာပဲ"

သူတို့နှစ်ဦးသည် ကိစ္စများ အားလုံး ပြီးစီးသွားပြီ ဖြစ်၍ စွမ်းရီမင်းက တပ်မှူးကြီးချူမားကို နှုတ်ဆက်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီမင်း ပြန်ရန်အတွက် ချူမားက အခန်းတံခါးကို ဆွဲဖွင့်လိုက်လေ၏။

ထိုစဉ်မှာပင်...

သူတို့နှစ်ဦးစလုံး မျက်လုံးများ ပြူးသွားရလေတော့သည်။

အဘယ်ကြောင့်ဆိုသော် တံခါးဝတွင် ကြယ်သုံးလုံးက မားမားကြီး ရပ်နေကြသောကြောင့်တည်း။

♣ ♣ ♣



## အခန်း(၄၂)

## အဖမ်းဆီးခံရခြင်း

စွမ်းရီမင်းနှင့် ချူမားသည် နောက်သို့ ဆုတ်လိုက်ကြပေသည်။

ထိုအခါ...

ပထမကြယ်က အခန်းထဲသို့ တလှမ်းချင်း ဝင်ရောက်လာလေသည်။

နောက်မှ ဒုတိယကြယ်နှင့် တတိယကြယ်ကလည်း ဝင်လိုက်လာကာ သူတို့နှစ်ဦးအား ဝိုင်းထားလိုက်လေသည်။

ပထမကြယ်သည် မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ချူမားအား စူးစူးဝါးဝါး ကြည့်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ငါတို့ မင်းကို မသက်ာဘူးလို့ ထင်နေမိတာ"

ဒုတိယကြွယ်ကလည်း ရှေ့တလှမ်းတိုး၍ **ချူမားကို စေ့စေ့** ကြည့်လိုက်လေသည်။

"လက်စသတ်တော့ မင်းက ဆရာကြီး**ချူမှားရဲ့ အစ်ကို**ပဲ ကွ၊ ဟား... ဟား... ဟား... မင်းကိုတော့ သိပ်ချီးကျူးသွားပြီကွာ"

ဒုတိယကြွယ်သည် ယင်းသို့ ပြောပြီး ချူမားကို ခြေဆုံး ခေါင်းဆုံး အကဲခတ် ကြည့်လိုက်လေသည်။

ချူမားက မဲ့ပြုံးပြုံးလိုက်ပြီး ဒုတိယကြွယ်အား...

"နောက်ကို မင်းတို့ ဒါထက် ချီးကျူးအုံးမယ်"

"ဘာကြောင့်..."

"ဒါကတော့ အချိန်အင ... းပြောသွားမှာပေါ့"

ပထမကြွယ်သည် ဒုတိယကြွယ်အား နောက်သို့ ပြန်ဆွဲ လိုက်ပြီး သူက ရှေ့သို့ တလှမ်းတိုးလာသည်။

**"မင်းတို့**နှစ်ယောက်မှာ နောက်လာမယ့် အချိန်ဆိုတာ ရှိ **သေးလို့လား"**

**ချူမားက** ပြုံး၍ ခေါင်းညိတ်လိုက်လေသည်။

**"တို့နှစ်**ယောက်မှာ အချိန် မရှိပေမယ့်၊ မင်းတို့သုံးယောက် ရဲ့ အချိန်ကာလ တို့နဲ့ မတိမ်းမယိမ်းဘဲဆိုတာ မကြာခင် သိရမှာပေါ့ ကွာ"

ကြွယ်သုံးလုံးသည် တယောက်မျက်နှာတယောက် ကြည့် လိုက်ကြလေသည်။

ပထမကြွယ်ကပင်...

"မင်းတို့ ဘာတွေ စီစဉ်ထားသလဲ မှန်မှန်ပြောစမ်း"



ချူမားက ပြုံးလျက်ပင်...

"သြော်... ဒါတွေကို ငါတို့ ဖြေစရာ မလိုဘူး၊ အချိန်ကပဲ စကားပြောမယ်၊ ကဲ... မင်းတို့ ဘာလုပ်ချင်တာလဲ"

ကြွယ်သုံးလုံးသည် တယောက်မျက်နှာတယောက် ကြည့် ပြီးသည်နှင့် တပြိုင်နက် ချူမားနှင့် စွမ်းရီမင်းအား ပြိုင်တူတိုက်လေ တော့သည်။

စနေဂြိုဟ်၏ဂေဟာတွင်...

**နံနက် ဝေလီဝေလင်း** တိုက်သံ၊ ခိုက်သံ၊ အော်သံ၊ ဟစ်သံ၊ များဖြင့် **ဆူညံသွားလေတော့သည်။**

**ထိုအခါ...**

အကျဉ်းစခန်းရှိ တဲတန်းလျားမှ လူသားအချို့ပင် ခေါင်း ထောင်၍ နားစွင့်လိုက်ကြတော့သည်။

တိုက်ခိုက်သံများက...

ဂေဟာကြီးတခုလုံး ဆူညံနေတော့သည်။

အောက်မှ အစောင့်များသည် အပေါ်ထပ်သို့ တရကြမ်း ပြေးတက်လာကာ ကူညီတိုက်ခိုက်နေသောကြောင့် အခန်းတွင်းဝယ် လူများက ပြည့်ကြပ်နေသည်။

ချူမားနှင့် စွမ်းရီမင်းသည် ကျောချင်းကပ် တိုက်ခိုက်နေရာ မှ တဖြည်းဖြည်း တိုက်ကွင်းက ကျဉ်းမြောင်းလာသည်ကို တွေ့လိုက် ရသည်။

အဘယ်ကြောင့်ဆိုသော်...

ကြွယ်သုံးလုံး၏ တပည့်အများအပြားသည် တစထ[illegible]တစ အခန်းတွင်းသို့ တိုးဝင်လာသဖြင့် လူများ ရှုပ်ထွေး[illegible]ကျပ်ညပ်

www.burmeseclassic.com

www.burmeseclassic.com



သွားခြင်းကြောင့်တည်း။

ယင်းအခြေအနေကို ချူးမားက မနှစ်မြို့ပေ။

ထို့ကြောင့်...

သူသည် ရုတ်တရက် ထိုးဖောက်ကာ တံခါး၏ အပြင်ဘက်ဆီသို့ တရှိန်ထိုး ထွက်လိုက်လေသည်။

ထိုအခါ ဤကဲ့သို့ တရှိန်ထိုး ထွက်လာမည်ဟု မမျှော်လင့်မိသော သိုင်းသမားအချို့မှာ ချူးမား၏ရက်စက်စွာ တိုက်ခိုက်သွားမှုကြောင့် သုံးလေးဦးသည် အခန်းတွင်း၌ တတုံးအရုံး ဖြစ်သွားရသည်။

ထိုအခါ တဖွတ်ထိုး အရမ်းဝင်နေကြသော သိုင်းသမားများသည် အတော်ပင် လန့်ဖျပ်သွားသည်။

ထို့ကြောင့်...

သူတို့သည် အရမ်းကာရော မဝင်ရဲတော့ဘဲ အခြေအနေကို သုံးသပ်၍ တိုက်ခိုက်နေတော့၏။

ထိုစဉ် စွမ်းရီမင်းကလည်း ဤမျှ တိုက်ကွင်းတိုက်ကွက်ကို ကျဉ်းမြောင်းလှသော နေရာတွင် မတိုက်ခိုက်လိုပေ။

သူသည်လည်း ချူးမားကဲ့သို့ ထွက်ချင်သည်။

သို့သော်...

ကြယ်သုံးလုံးနှင့် သူ၏တပည့်များသည် ပါးနပ်သွားပြီ ဖြစ်လေသည်။

စွမ်းရီမင်းအား အခန်းတွင်းမှ လုံးဝ ထွက်ခွင့်မပေးတော့ပါ။

သူတို့သည် စွမ်းရီမင်းအား တဖြည်းဖြည်းဝိုင်းရံ၍ ညှပ်ပူး ညှပ်ပိတ် တိုက်ခိုက်လာလေသည်။

ဒုတိယကြယ်နှင့် တတိယကြယ်က ချူးမားအား သဲသဲမဲမဲ



တိုက်ခိုက်နေချိန်တွင် စွမ်းရီမင်းမှာ ကျဉ်းထဲကျပ်ထဲ ရောက်ရှိနေပြီ ဖြစ်သည်။

သူသည် ပထမကြယ်၏တိုက်ကွက်ကို အထူးသတိထား၍ ခုခံ တိုက်ခိုက်နေရပေသည်။

ထို့ပြင် အများနှင့်တဦးမို့ ရေရှည်မှာ စွမ်းရီမင်း၏လက်များ ခြေများသည် လှုပ်ရှားမှု နှေးကွေးလာတော့၏။

ထိုစဉ် သူ၏လက်မောင်းတဖက် ပွကနဲ ဖြစ်သွားပြီး သွေးများ ယိုစီးလာတော့သည်။

ပထမကြယ်၏ဓားများသည် သူ့အား စတင် နှုတ်ဆက်လိုက်ပြီ ဖြစ်လေသည်။

ယင်းအခိုက်...

"လိုက်ဟ... လိုက်ဟ"

"ဖမ်း... ဖမ်း... မလွတ်စေနဲ့"

"မတွေ့... တွေ့အောင် ရှာလိုက်ကြပါလား"

ဟူသော အသံများက ပေါ်ထွက်လာပေရာ ချူးမားဟ ယောက် လွတ်ထွက်သွားပြီ ဖြစ်ကြောင်းကို စွမ်းရီမင်းက သိရှိလိုက်လေသည်။

ဤအတွက်ကြောင့် သူသည် တမျိုးအားရှိသွားသည်။

ဘယ်နည်းနှင့်မဆို ချူးမားသည် ပြန်လှန် ဖြိုဖျက်နိုင်မည်မှာ မလွဲပေ။

ထို့ကြောင့်...

ချူးမားတယောက် လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးနိုင်ပါစေဟု ဆုတောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အဝေးအကျဉ်းအကျပ် တွေ့နေသည်က သူပင် ဖြစ်တော့သည်။

သူ့အဖို့ မလွယ်ကူတော့ပါ။

လက်မောင်းတဖက်ကလည်း ဒဏ်ရာ ရရှိလာသည့်အပြင် တိုက်ခိုက်သူ အင်အားကလည်း လျော့နည်းသွားခြင်း မရှိသည့်အတွက် စွမ်းရှိမင်းမှာ တိုက်ခိုက်ယင်းနှင့်ပင် မျက်လုံးပြာဝေလာသည်။

ကြယ်သုံးလုံး၏ လက်ရွေးစင် သိုင်းသမားများလည်း သိုင်းပညာ အဆင့်နိမ့်ကျမှု မရှိလှပေ။

သူတို့တတွေ အားလုံးလိုလိုပင် တိုက်ခိုက်မှုအဆင့် မြင့်မားကြသည်။

ထိုစဉ်မှာပင် ပထမကြယ်၏ ခြေထောက်တဖက်သည် မြောက်တက်သွားပြီး သူ၏နံကြားဆီသို့ အရှိန်ပြင်းစွာ ပြေးဝင်လာသည်။

စွမ်းရှိမင်းသည် အားအင်များ ကုန်ခမ်းနေသောကြောင့် မရှောင်တိမ်းနိုင်တော့ပေ။

ဝုန်းကနဲ မြည်သံနှင့်အတူ စွမ်းရှိမင်း၏ ခန္ဓာကိုယ်သည် ဆယ်ပေခန့် အကွာသို့ ပစ်ကျသွားတော့သည်။

ထိုအချိန်မှာပင် ဓားသုံးလေးလက်က သူ့ရင်ဘတ်ပေါ်သို့ ဓားဦးများနှင့် ဖိထားလိုက်တော့၏။

အရှက်တကဲ တိုက်ခိုက်မှုကား...

ပြီးဆုံးသွားပြီ ဖြစ်လေတော့၏။

ယင်းအရှက်တကဲ တိုက်ခိုက်မှု ပြီးဆုံးသွားသည်နှင့် ပြဿနာ အသီးသီးသည် နယ်မြေတခုလုံးသို့ ပျံ့နှံ့သွားနေတော့သည်။



အချို့လူများသည် ကိုယ့်လုပ်ငန်းကို ဆောင်ရွက်နေကြ၍ ဘာမှ မသိသော်လည်း ကြယ်သုံးလုံး၏ ထိပ်တန်းသိုင်းသမားများ တအိမ်တက်ဆင်း၊ တခြံဝင်တခြံထွက် ခြေရှုပ်နေသည်ကို တွေ့မြင်နေကြရသည်။

ထို့အတူပင် အကျဉ်းစခန်း လုပ်ငန်းခွင်အတွင်း၌ ယမမင်း ထန်စီးသည်လည်း နံနက်မိုးလင်းသည်နှင့် အလုပ်ရှုပ်သွားတော့၏။

သူသည် စောစောစီးစီး အကျဉ်းစခန်းသို့ ရောက်ရှိလာကာ ဝမ်ပိအား လှမ်းခေါ်လိုက်သည်။

စင်စစ် ဝမ်ပိမှာ အစစ် မဟုတ်သဲ ရုပ်ဖျက်ထားသော ကေးမှုပင် ဖြစ်လေတော့၏။

"ဟေ့ကောင် ခပ်မြန်မြန်လာစမ်း"

ထန်စီး၏ခေါ်သံကြောင့် ဝမ်ပိသည် အပြေးအလွှားပင် သွားရောက်၍ အရိုအသေပေးကာ ရပ်တန့်လိုက်သည်။

"ဒီနေ့ တမနက်လုံး ဘာတွေ ထူးခြားနေတယ်ဆိုတာ မင်းသိသလား"

ထန်စီးက ထိုကဲ့သို့ အသံမာမာဖြင့် မေးလိုက်သည်ကို ဝမ်ပိမှာ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေပေသည်။

ထန်စီးက ဆက်လက်၍...

"မင်း ဘာမှ မသိဘူး မဟုတ်လား"

ဝမ်ပိက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ မသိသေးပါဘူး"

ထန်စီးက ဒေါသ ဖြစ်စွာဖြင့်...

"မင်း ဘယ်သိမှာလဲ၊ တညလုံး မူးလဲနေတာပဲ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား၊ အခုကော အမူးပြေသေးရဲ့လား"

ဝမ်ပိက အနည်းငယ် ရယ်မောလိုက်ပြီး…

"ဟုတ်ကဲ့… အမူးပြေနေပါပြီ"

ထန်စီးက…

"ခုမနက် ငါ့ဆီ စောစောစီးစီး သတင်း ရောက်လာတယ်"

"ဟုတ်ကဲ့…"

"စနေဂြိုဟ်ဆိုတာ အစစ် မဟုတ်ဘူးတဲ့ ချန်အန်းကဲ တပ်မှူးကြီး ချူမား ဖြစ်တယ်လို့ သိရတဲ့အပြင် အခုလောလောဆယ် လွတ်မြောက်ထွက်ပြေးနေလို့ နေရာအနှံ့ပိတ်ပြီး ရှာနေတယ်"

ဝမ်ပိအဖြစ်လဲ ကေးမှုမှာ လန့်သွားတော့သည်။

"ဟင်… ဟုတ်လား"

ယမမင်းထန်စီးက မာထန်သော လေသံဖြင့်…

"ဟုတ်လား လုပ်မနေနဲ့၊ အခု ဒီစခန်းမှာ မင်း တအိမ်တက် ဆင်းရှာပါ။ ဟို စွမ်းရိမင်းဆိုတဲ့ အကောင်ကိုတော့ မိထားပြီးပြီ အခု မြေတိုက်ခန်းထဲမှာ စစ်ဆေးနေတယ်၊ အခု အရေးအကြီးဆုံး မင်း လုပ်ရမှာက"

"ဟုတ်ကဲ့ ပြောပါ ဆရာကြီး"

"မင်း သိုင်းသမား လေးငါးယောက်လောက် ခေါ်ပြီး ဒီစခန်းတခုလုံးကို စစ်ဆေးပါ။ လူစိမ်းနဲ့ မသကာတဲ့ လူမှန်သမျှ အကုန်ဖမ်းဆီးပြီး ငါ့ဆီပို့ ကြားလား"

"ဟုတ်ကဲ့… ဆရာကြီး"

"နောက်ပြီး ထွက်ပေါက်ရှိတဲ့ နေရာတွေကိုလဲ ကင်းချထားပါ"



"စိတ်ချပါ ဆရာကြီး"

"အစစအရာရာ သတိမလစ်စေနဲ့နော်၊ သိပ်ပြီးတော့ ဟန်မယ့်ပုံ မပေါ်တဲ့ လူမှန်သမျှ သတ်သာ သတ်ပစ်လိုက်ကြားလား"

"ဟုတ်ကဲ့… ဆရာကြီး"

ယမမင်း ထန်စီးသည် စိမ်နိုင်သမျှ စိမ်ပြီး ထွက်ခွာသွားတော့၏။

ဝမ်ပိကလည်း သူ့လုပ်ငန်း စတင်သည်။

လက်ရွေးစင် သိုင်းသမား လေးငါးဆယ်ဦးခန့်သည် ဝမ်ပိ၏ ခိုင်းစေထားမှုကြောင့် အကျဉ်းစခန်း နေရာအနှံ့၌ ရှာဖွေနေပေသည်။

ကေးမှုသည် မိန်းမလိုင်းတွင် ရှာဖွေဟန်နှင့် ပိုကျူထံသို့ ပြေးလာကာ ထိုသတင်း အစုံအလင်ကို ပြောပြလိုက်၏။

ထိုအခါ ပိုကျူနှင့် ဝေယုံချင်းမှာ အံ့အားတသင့် ဖြစ်ကာ ချောက်ချားကုန်ကြသည်။

စွမ်းရိမင်းအတွက် စိုးရိမ်ကာ မည်ကဲ့သို့ လုပ်ကိုင်ရမှန်း မသိအောင် ဖြစ်နေပေသည်။

ကေးမှုက ပိုကျူအား…

"ကဲ… တခြားကိစ္စက အရေးမကြီးဘူး၊ ဟိုဘက်ခန်းက ဝမ်ပိကို ခင်ဗျားတို့နှစ်ယောက် လုံခြုံအောင် ဆောင်ရွက်ထားပါ၊ သူ့ကိစ္စပေါ်သွားရင် ပိုပြီး ရှုပ်ကုန်လိမ့်မယ်"

ပိုကျူက ခေါင်းညိတ်ပြီး အရေးတကြီး ပြန်မေးလိုက်သည်။

"ဒါထက် အစ်ကိုကို ဘယ်မှာ ချုပ်ထားတယ်တဲ့"

"မြေတိုက်ခန်းမှာလို့ ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ဘယ်လို လုပ်ကြမလဲဟင်"

ကေးမူက အတန်ငယ် စဉ်းစားလိုက်ပြီး...

"နေ့ပါအုံးလေ သူတို့ လောလောဆယ် သတ်မှာ မဟုတ်သေးပါဘူး အခြေအနေ တီးခေါက်ပြီးမှ လုပ်သင့်လုပ်ထိုက်တာ လုပ်ရမှာပေါ့"

ထို့နောက် ကေးမူသည် ဝမ်ပိအစစ်အား ပိုကျူတို့နှင့် လွှဲအပ်ခဲ့ပြီး ရန်သူအား ရှာဖွေ ဟန်ဆောင်ကာ တခန်းဝင်တခန်းထွက်ပြုလုပ်ရင်းမှ သတင်း အခြေအနေ လိုက်လံ စုံစမ်းနေပေသည်။

♣ ♣ ♣

စွမ်းရီမင်း အဖမ်းခံလိုက်ရပြီဟူသော သတင်းကို ကြားလိုက်ရသည်နှင့် ချိုလင်းစုမှာ နေမရထိုင်မရ ဖြစ်လာလေတော့သည်။

သို့သော် သူမက မည်သည့်အခန်းက ပါဝင်ရမှန်း မသိအောင် ဖြစ်နေလေတော့သည်။

သူမတွင် တိုင်ပင်ဖော် တိုင်ပင်ဖက်ဆို၍ တယောက်မှ အနားတွင် မရှိပေ။

သူမအနေနှင့် ဘယ်နည်းနဲ့မဆို တခုခု လုပ်သင့်သည်ဟုလည်း ထင်မြင်မိလာတော့သည်။



ဤသို့ဆိုလျှင် သူမအနေနှင့် မည်သူ့အား စတင်ဆက်သွယ်ရပါမည်နည်း။

သူမအဖို့ နည်းလမ်းတခုသာ ရှိပေသည်။

ထိုနည်းလမ်းမှာ ပိုကျူတို့ထံသို့ သွား၍ တိုင်ပင်ဆွေးနွေးရန်ပင် ဖြစ်တော့သည်။

ထို့ကြောင့် သူမသည် ပိုကျူရှိရာ အကျဉ်းစခန်းဘက်သို့ ထွက်လာခဲ့လေသည်။

လမ်းတလျှောက်လုံးတွင် ထိပ်တန်း သိုင်းသမားများသည် တလမ်းဝင်တလမ်းထွက်၊ တအိမ်ဝင်တအိမ်ထွက်ဖြင့် လွတ်မြောက်သွားသော သူများအား လိုက်လံ၍ ရှာဖွေနေသည်ကို တွေ့ရသည်။

အကျဉ်းစခန်းဘက်သို့ သွားရာလမ်းတွင် သမားတော်ကြီးကျူလွှန်၏အိမ် ရှိသနေသဖြင့် သူမက အကျိုးအကြောင်း သိလိုသောကြောင့် ခေတ္တဝင်လိုက်၏။

ထိုအခါ သမားတော်ကြီးမှာ တနေရာတွင် ထိုင်လျက် တစုံတခုကို လေးလေးနက်နက် စဉ်းစားနေပေသည်။

သူသည် ဝင်လာသော ချိုလင်းစုအား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ချိုလင်းစု ဘယ်ကို လာတာလဲ"

"ကျွန်မ အကျဉ်းစခန်းဘက် ခဏသွားမလို့"

သမားတော်ကြီးက စိတ်ပျက်စွာဖြင့် မျက်နှာရှုံ့မဲ့လိုက်လေသည်။

ချိုလင်းစုကိုလည်း စိတ်မရှည်တော့ပေ။

"ဒီလောက် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတာ နင့်သွားဖို့ မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသွား တော်ကြာ နင့်ကိုပါ တလွဲထင်ကုန်ကြအုံးမယ်"

သူသော အခံကလေးကို တချက် ကြိတ်လိုက်သည်။

"ကျွန်မကို သူတို့က ဘာထင်မှာမို့လဲ"

"အို... ငါ ပြောတာကို နားထောင်စမ်းပါ၊ ကိုယ့်အိမ်ကိုယ် ပြန်နေဖို့ ကောင်းတယ်"

"ကျွန်မဟာ တတိယကြယ်ရဲ့ သမီးဆိုတော့ အားလုံးက သိပါတယ် ဘဘကျူရယ်"

သမားတော်ကြီးက မျက်နှာရှုံ့မဲ့လိုက်ပြီး...

"နင့်ကြောင့်လဲ ခက်တာပဲ... နင်ဟာ တတိယကြယ်ရဲ့ မွေးစားသမီးပါ တကယ်တမ်းကျတော့ တတိယကြယ်က နင့်ကို ညှာမယ်တဲ့လား၊ စဉ်းစားစမ်း...၊ သူက နင့်ကို သတ်မှာ..."

ချိုလင်းစုမှာ တွေတွေကလေး ဖြစ်သွားသည်။

"သူဟာ ကျွန်မကို အလိုလိုက်ခဲ့ပါတယ် ဘဘကျူရယ်"

"အေးလေ... သူက ဘယ်လောက် ချစ်တယ်ဆိုပေမယ့်... ကျန်တဲ့ ခေါင်းဆောင်တွေရဲ့ မျက်နှာကို သူက ထောက်ရအုံးမယ်လေ"

"ဒါထက် ဘဘကျူ"

"ဘာလဲ...

"ကျွန်မဟာ ဘယ်သူ့ သမီးလဲဟင်... ဘဘကျူ သိလား"

ကျူလျှန်သည် သက်ပြင်းတချက် ချလိုက်၏။

"အင်း... ဒီအချိန်မှာတော့ နင်လည်း သိထားသင့်ပြီလေ၊ တကယ်တော့ တတိယကြယ်ဟာ နင့်ရဲ့ ဦးလေး ဝမ်းကွဲတယောက်ပဲ ပေါ့လေ"



ချိုလင်းစုက အံ့အားသင့်သွားဟန်ဖြင့်...

"ဟင်... ဦးလေး ဟုတ်လား၊ ကျွန်မရဲ့ မိဘတွေက ဘယ်ရောက်သွားလို့ သူက မွေးစားတာလဲ"

ကျူလျှန်က သူ့ကို ရိုဝေစွာ ကြည့်လိုက်ပြီးမှ...

"ဓားပြ သတ်သွားလို့ပေါ့ကွယ်"

ချိုလင်းစုသည် ကျလုလု မျက်ရည်ကို မနည်းထိန်းထားရလေသည်။

ပြီးမှ ဒေါသသံဖြင့် ပြန်မေးလိုက်ပြန်သည်။

"ဓားပြက ဘယ်သူတွေလဲဟင် ဘဘ"

ကျူလျှန်က ရိုဝေသော မျက်လုံးများဖြင့် သူမကို စိုက်ကြည့်နေ၏။

ပြီးမှ သက်ပြင်းတချက်ကို မှုတ်ထုတ်ကာ...

"အင်း... တတိယကြယ်ပဲပေါ့ကွယ်"

"ရှင်..."

ချိုလင်းစုသည် ထိတ်လန့်တုန်လှုပ်သွားတော့သည်။

သူမသည် အံကို ကြိတ်ကာ မျက်ရည်များက တဖြည်းဖြည်း စီးကျလာလေသည်။

ထို့နောက် သူမသည် သမားတော်ကြီးရှေ့မှ ချာကနဲ လှည့်ကာ ပြေးထွက်သွားလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၃)

## ဆုံးဖြတ်ချက်

ချိုလင်းစုအား တားဆီး တံတားထိပ်တွင် အစောင့်များက တားဆီးလိုက်လေ၏။

"ရှင်တို့ ကျွန်မကို ဘာမှ တားစရာ မလိုဘူး၊ ကျွန်မ ဘယ်သူလဲဆိုတာ ရှင်တို့ သိတယ် မဟုတ်လား"

အစောင့်က တောင်းပန်လိုက်သည်။

"သိပါတယ် ခင်ဗျာ၊ ဒါပေမယ့် ကြယ်သုံးလုံးက ဘယ်သူမှ မကူးရ၊ မဖြတ်သန်းရလို့ မှာထားလို့ပါ"

"ကျွန်မ ကူးတယ်ရှင်"



ချိုလင်းစုသည် လုံးဝ တား၍ မရဘဲ တံတားကို ဖြတ်ကူးလာသည်။

ထိုစဉ် ရုတ်တရက် သူမ၏ရှေ့တွင် တတိယကြယ်က ရောက်ရှိလာပြီး ရပ်တန့်လိုက်လေသည်။

"ချိုလင်းစု ပြန်စမ်း"

ချိုလင်းစုသည် တတိယကြယ်အား မော့ကြည့်ကာ နှုတ်ခမ်းတချက် တွန့်လိုက်သည်။

"ဘာလဲ ရှင်က ဘာသူတော်ကောင်း ယောင်ဆောင်နေတာလဲ၊ ကျွန်မ မိဘတွေကို သတ်ခဲ့တာ ရှင်ပဲမဟုတ်လား၊ အခုမှ ကြောင်သူတော်ယောင် ဆောင်မနေပါနဲ့..."

တတိယကြယ်သည် အံ့ဩသွားတော့သည်။

"နင့်ကို ဘယ်သူက ပြောသလဲ"

"ဘယ်သူက ပြောတာ မပြောတာက အကြောင်း မဟုတ်ပါဘူး၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာသာ ရှင်ပြောပါ"

တတိယကြယ်သည် ချိုလင်းစုအား သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

"တကယ်တော့ နင့်အမေဟာ ငါ့ညီမ ဝမ်းကွဲပါ"

"ဟုတ်တယ်လေ၊ အဲဒါကိုပဲ ရှင်သတ်ခဲ့တာ မဟုတ်လား"

"ကဲပါ... နောက်တော့ ဦးလေး နင့်ကို ပြောပြမယ်၊ အခု အိမ်ကို ပြန်ပါ"

ချိုလင်းစုသည် ဘာမျှ စဉ်းစားခြင်း မရှိဘဲ ပြောလိုရာ ပြောလိုက်၏။

"ကျွန်မ ပြန်ဖို့လာတာ မဟုတ်ဘူး၊ ရှင်တို့မတရား ဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ စွမ်းရှိမင်း ဘယ်မှာလဲ၊ အခုထုတ်ပေး"

တတိယကြယ်မှာ မျက်လုံးပြူးကျယ်သွားသည်။

သူမက လူအများ၏ကြားတွင် ထိုစကားများကို ပြောသည့်အပြင် သူ့ကိုပင် မထီလေးစား လုပ်နေသဖြင့် တတိယကြယ်မှာ ရှက်လည်းရှက် ဒေါသလည်း ထွက်သွားသည်။

"ဒီကိစ္စ နှင်နဲ့ ဘာဆိုင်လို့လဲ သွားစမ်းပါလို့ ငါ ပြောနေတာ မရဘူးလား"

ချိုလင်းစုသည် ဘာမှ ပြန်ပြော မနေတော့ပါ။

ဝှက်ယူလာသော ဓားမြှောင်ကို ရုတ်တရက် ထုတ်ကာ တတိယကြယ်ထံသို့ လျှပ်တပြက် ခုန်ဝင်ပြီး ရင်ဝကို စိုက်ချလိုက်လေတော့သည်။

တတိယကြယ်မှာ ရုတ်တရက် ကြောင်သွားပြီးမှ သူမ၏လက်ကို ပုတ်ထုတ်လိုက်သည်။

ထို့နောက် တတိယကြယ်သည် သူမအား ခပ်ကြမ်းကြမ်း တွန်းထုတ်လိုက်ရာ ချိုလင်းစုမှာ ဖင်ထိုင်လျက်သား လဲကျသွားတော့သည်။

သို့ရာတွင် သူမက အလျှော့မပေးဘဲ တတိယကြယ်အား ဓားနှင့် လှမ်း၍ ပေါက်လိုက်၏။

ရုတ်တရက်မို့ တတိယကြယ်မှာ ရှောင်တိမ်းလိုက်သော်လည်း လက်မောင်းအောက်နားတွင် ဓားက လာရောက် စိုက်သွားတော့သည်။

တတိယကြယ်သည် ဒေါသကို လုံးဝမထိန်းနိုင်တော့ဘဲ သူမ၏ဓားကို ရုတ်တရက် ပြန်ဆွဲနှုတ်ကာ သူမအား ပြန်ပစ်ထည့်



လိုက်လေသည်။

ထိုအခါ ချိုလင်းစု၏ ဝမ်းဗိုက်ဆီသို့ ဓားမြှောင်သည် တည့်တည့်မတ်မတ် ပြေးဝင်သွားလေတော့သည်။

ချိုလင်းစုသည် မည်သို့မျှ ရှောင်တိမ်းရန် အချိန် မရလိုက်တော့ပေ။

"အား"

ရုတ်တရက် အော်သည်းသံတချက် ပေါ်ထွက်လာပြီး နေရာတွင်ပင် ပြန်လဲကျသွားရှာသည်။

ဤတွင် သမားတော်ကြီးသည် အဝေးမှ ပြေးလာပြီး အော်လိုက်လေ၏။

"အို... မင်း ဘယ်လိုလုပ်လိုက်တာလဲကွာ"

သူသည် ပါးစပ်မှ ပြောရင်း ချိုလင်းစုကို ပြေး၍ ပွေ့ထူလိုက်သည်။

တတိယကြယ်သည် သူ လွန်သွားသည်ကို သိရှိလိုက်သည်နှင့် ချာကနဲ လှည့်ထွက်သွားလေတော့၏။

သမားတော်ကြီးကျူလျှန်သည် ပတ်ဝန်းကျင်သို့ မျက်စိကစားကြည့်လိုက်ရာ ဝမ့်ပီအား တွေ့လိုက်သည်။

"ဟေ့... ဝမ်ပီ၊ သူ့ကို ငါ့အိမ်လိုက်ပို့စမ်း"

သူက အကူအညီ တောင်းလိုက်၏။

သို့သော် သူမမှာ လုံးဝ သတိမရှိတော့ပါပေ။

ဝမ်ပီအသွင် ဝတ်ဆင်ထားသော ကေးမှုသည် ချိုလင်းစုအား ပွေ့ချီကာ သမားတော်ကြီးနောက်မှ လိုက်ပါသွားလေ၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်အချုပ်ခန်းတွင် ဖြစ်၏။

ကုလားထိုင်ပေါ်တွင် ထိုင်နေသော ပထမကြယ်သည် စွမ်းရှိမင်းကို ခင်ဆောနေသည်။

သူ့နောက်တွင် ရဲတိုက် ထိပ်သီး သိုင်းသမားများ ရပ်စောင့်နေကြသည်။

"မင်း... သိကို သိရမယ် ပြော"

"ကျုပ် မသိဘူး၊ သိလဲ မပြောနိုင်ဘူး"

"မင်းက သိပ်ခေါင်းမာပါလား"

"ခင်ဗျားတို့ မကျေနပ်ရင် သတ်လိုက်"

ပထမကြယ်သည် မျက်မှောင်ကုပ်လိုက်၏။

သူသည် စွမ်းရှိမင်း၏မျက်နှာကို သေချာစွာ စူးစိုက်ကြည့်ရင်းမှ သူ၏မျက်နှာတွင် ဒေါသရောင်က ပို၍ လွှမ်းလာလေသည်။

သူ၏ ကြီးမားသော လက်ဝါးကြီးသည် စွမ်းရှိမင်း၏ ပါးပြင်ပေါ်သို့ ဗယ်ပြန်ညာပြန် သုံးလေးချက် ဆက်တိုက် ရိုက်ပစ်လိုက်သည်။

စွမ်းရှိမင်းသည် ပါးစပ်မှ သွေးများ ယိုစီးကျလာ၏။

သူ့အား အုတ်နံရံ၌ ကပ်၍ ချည်နှောင်ထားခြင်း ဖြစ်သည်။

ပထမကြယ်သည် သူ့အား ကြာရှည်စွာ အသက်ရှူခွင့် ပြုတော့မည် မဟုတ်ချေ။

စွမ်းရှိမင်းသည် အံကို တင်းတင်းကြိတ်၍ ခံနေပုံရသည်။

ဒုတိယကြယ်က ဝင်ပြောသည်။

"မင်း အနေနဲ့ ဒီနယ်မြေတခုလုံးကို ဖျက်ဆီးမယ့် အစီအစဉ်တွေ လုပ်မထားဘူးဆိုတာ တို့က ယုံရမှာလား"



"ခင်ဗျားတို့ဟာ ခင်ဗျားတို့ ယုံချင်ယုံ၊ မယုံချင်နေ ကျုပ်ကို လာမမေးနဲ့ ဘာမှမသိဘူး"

ဒုတိယကြယ်သည် ပထမကြယ်ကို လှမ်းကြည့်၍...

"သူ့ကို ယမမင်းလက်ကိုသာ အပ်လိုက်ပါ၊ တို့ ဘာမှ လုပ်စရာမလိုဘူး"

ပထမကြယ်က ခေါင်းညိတ်လိုက်သည်။

"သူ ဒီလို ခေါင်းမာနေလို့ကတော့ ဒီလမ်းပဲ ရှိတာပဲ၊ ဒါပေမယ့် သူ မကြာခင် စိတ်ပြောင်းလာမယ်လို့ ကျုပ် အောင့်မေ့တာပဲ"

ပထမကြယ်က ယင်းသို့ ပြောပြီးသည်နှင့် အချက်ပြလိုက်ရာ အရုပ်ဆိုး အကျည်းတန်လှသော သိုင်းသမားတဦးသည် သူ၏လက်ထဲ၌ အငွေ့တလူလူ ထွက်နေသော မီးဖုတ်ထားသည့် သံချောင်းကိုကိုင်၍ လာသည်။

စွမ်းရှိမင်းသည် ထိုလူကို ကြည့်ယင်း ရင်ထဲ၌ ထိတ်ကနဲ ဖြစ်သွားသည်။

သို့သော်... သူက အံကို တင်းတင်းကြိတ်လိုက်သည်။

"လုပ်ချင်ရာလုပ်စမ်း"

ဟူသည့် သဘောပေတည်း။

အရုပ်ဆိုးဆိုးလူက စွမ်းရှိမင်းကို စားတော့ ဝါးတော့ မတတ်ကြည့်ရင်း...

"ကဲ... ဘယ်မှာလဲ ချူမား"

"ကျုပ် ဘယ်လိုလုပ် သိမှာလဲ၊ ခင်ဗျားတို့ လက်ထဲကပဲ ထွက်ပြေးသွားတာ မဟုတ်လား"

အရုပ်ဆိုးဆိုးလူက စွမ်းရှိမင်း၏ စကားမှန်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အေးခဲ့သံတခု အသစ်ပြောင်းလိုက်ပြန်သည်။

"မင်းတို့ လူတွေ ဘယ်နှစ်ယောက် ရှိသလဲ ပြော"

"ကျွန်မနဲ့အတူ ဘယ်သူမှ မရှိဘူး"

သူ့ အဖြေဆုံးသည်နှင့် အရုပ်ဆိုးဆိုးလူက မီးဖုတ်ထားသော သံချောင်းကို စွမ်းရီမင်း၏ ရင်ဘတ်တွင် ကပ်ထားလိုက်သည်။

"အား..."

အော်သံနှင့်အတူ မခံသာအောင်ပင် ပူလောင်သော ဝေဒနာတရပ်ကို ခံစားလိုက်ရသည်။

သူ၏အသားများသည် တဆတ်ဆတ် တုန်လာသည်။

ယောကျ်ားတန်မဲ့ မျက်ရည်ကျလာလေ၏။

ပထမကြိမ်သည် ခေါင်းမာလွန်းလှသော စွမ်းရီမင်းအား စိတ်ပျက်အားလျှော့သွားသည်။

သို့ရာတွင် ဒုတိယကြိမ်က အချက်ပြလိုက်ပြန်သဖြင့် သံပူကိုင်ထားသော လူသည် စွမ်းရီမင်း၏ ရင်ဘတ်ကို ဆတ်ကနဲ ဖမ်းကပ်လိုက်ပြန်သည်။

"အား"

စွမ်းရီမင်းမှာ မခံသာလွန်းသဖြင့် အသံထွက်အောင်ပင် အော်ဟစ် ညည်းညူလိုက်မိသည်။

သူသည် ပူလောင်ခြင်းဒဏ်ကို အသည်းခိုက်အောင် ခံစားလိုက်ရလေသည်။

"မင်း မပြောသေးဘူးလား"

စွမ်းရီမင်းထံမှ လုံးဝ အသံ ထွက်မလာပါ။

နောက်တချက် ထပ်ကပ်ပြန်၏။



"အား..."

စွမ်းရီမင်းမှာ လူးလွန့်သွားတော့သည်။

နောက်တချက်။

တချက်ပြီးတချက် သံပူနှင့် ကပ်နေသဖြင့် နောက်ဆုံးတွင် စွမ်းရီမင်းသည် လုံးဝ သတိလစ်သွားတော့သည်။

ဤသည်မှာ စွမ်းရီမင်းအတွက် အကောင်းဆုံး ဖြစ်ပါတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ပိုကျူသည် ကေးမှုထံမှ ကြားရသည့် သတင်းကြောင့် ချိုလင်းစုအတွက် အလွန်ပင် စိတ်မကောင်း ဖြစ်မိပြီး သနားသွားသည်။

ယခုဆိုလျှင် ချိုလင်းစု၏ အခြေအနေမှာ လုံးဝပင် မျှော်လင့်ချက် မရှိသလောက် ဖြစ်နေပြီဟု ကေးမှုက ပြော၏။

ဝေယံချင်းမှာ တောက်တခေါက်ခေါက် အံတကြိတ်ကြိတ် ဖြစ်နေသည်။

ထိုသတင်းထက် ပိုဆိုးသည်မှာ ယနေ့ညနေတွင် စွမ်းရှိမင်းအား ယမမင်းထန်စီး၏ လက်သို့ အပ်၍ အသတ်ခိုင်းတော့မည်ဟူသော သတင်းပင် ဖြစ်လေတော့သည်။

ပိုကျူနှင့် ဝေယံချင်းတို့သည် စွမ်းရှိမင်းအတွက်ရော ချိုလင်းစုအတွက်ပါ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေကြတော့၏။

ထိုအခိုက် ဝေယံချင်း၏အစ်ကို ဝေမင်းသည် သူတို့ အနီးသို့ မယောင်မလည်ဖြင့် ရောက်ရှိလာလေသည်။

ကေးမှုက...

"အစ်ကိုဝေမင်း ဘာထူးလို့လဲ"

ဝေမင်းသည် တောင်မြောက်လေးပါးကို မျက်လုံး ဝေ့ကြည့်လိုက်သည်။

"ကျုပ်ဆီမှာ လူဆယ်ယောက်လောက်အထိကတော့ သူတို့ကို ပြန်ချဖို့ အဆင်သင့် ဖြစ်နေပြီ၊ အဲဒါ ခင်ဗျားတို့ကို လာတိုင်ပင်တာ"

ကေးမှုက စဉ်းစဉ်းစားစားဖြင့်...

"အခြေအနေကို ခဏတော့ စောင့်အုံး အစ်ကိုဝေမင်းရဲ့၊



ဘာဖြစ်လို့လဲဆိုတော့ လောလောဆယ်မှာ ဆရာစွမ်းရှိမင်းက သူတို့လက်ထဲမှာ ရောက်နေတော့ ကိုယ်က ဒီကနေ လှုပ်ရှားလိုက်ရင် ဟိုမှာသက်သာမှာ မဟုတ်ဘူး"

"အင်း... ဒါလဲ ဟုတ်တာပဲ၊ ဒါဖြင့် ဘယ်လိုလုပ်မလဲ"

ကေးမှုက ခဏကြာအောင် စဉ်းစားနေပြီးမှ...

"ညနေကို သူတို့ ယမမင်း လက်ထဲအပ်မယ်လို့ သိရတယ်"

ဝေမင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခုဆိုရင် ဝူးနားတောင် ယမမင်းထန်စီးရဲ့ အိမ်ကို အရက်အိုးတွေ သွားပို့နေပြီ"

"အရက် ဟုတ်လား"

ကေးမှုက နားလည်မှန်ဖြင့် မေးလိုက်၏။

ဝေမင်းက...

"ဟုတ်တယ်လေ၊ ယမမင်းထန်စီးဟာ လူတယောက်ကို ဖြစ်ဖြစ်၊ အများကို ဖြစ်ဖြစ် သုတ်သင်တော့မယ်ဆိုရင် သူဟာ အရက်ကို အများကြီး ဖိသောက်လေ့ ရှိတယ်၊ အဲ သတ်ပြီဆိုတော့လဲ ဘေးက လူတွေ မကြည့်ရဲအောင်ကို ရက်ရက်စက်စက် သတ်ပြတာပဲ"

ကေးမှုသည် ပိုကျူ၏မျက်နှာကို ကွက်ကနဲ လှည့်ကြည့်မိလိုက်သည်။

သူသည် ပိုကျူ၏ သံယောဇဉ်ကို သိသည်။

ပိုကျူ၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေပေသည်။

"တပ်မှူးကြီး ချူမားကတော့ အစ်ကိုစွမ်းရှိမင်းရဲ့ သတင်းကြားရင်လာပြီး ကယ်တင်လိမ့်မယ်ထင်တယ်၊ သူလွတ်နေတာပဲ..."

www.burmeseclassic.com

www.burmeseclassic.com



ကေးမူက ခေါင်းခါယမ်းပြလိုက်သည်။

"ဒါတော့ ဘယ်လိုလုပ်ပြီး ကျွန်တော် အတတ် ပြောနိုင်မှာလဲ ချူမားရဲ့ သဘောကို ကျွန်တော် မသိဘူးလေ..."

ထိုအခါ ဝေမင်းက ဝင်ပြော၏။

"ကျုပ်ကတော့ သတင်းတခု ကြားထားတာပဲ"

ပိုကျူက စိတ်ဝင်စားသွားသည်။

"အင်း... ပြောပါအုံး၊ ဘာသတင်းများလဲ အစ်ကိုဝေမင်း"

"တပ်မှူးကြီးချူမားဟာ ဘယ်နည်းနဲ့မဆို စွမ်းရီမင်းကို သတ်တော့မယ်ဆိုရင် ထွက်လာမှာပဲလို့ ကြယ်သုံးလုံးက ထင်ထားတယ်"

ပိုကျူက တချက်မျှ စဉ်းစားဟန်ပြပြီး...

"တခြား ဘာတွေ သိထားသေးသလဲ"

ဝေမင်းက ဆက်ပြောပြန်သည်။

"စွမ်းရီမင်းကို သတ်မယ့် နေရာကို ဟောဒီ အကျဉ်းစခန်းဝင်းထဲမှာပဲ ရွေးချယ်ထားတယ်၊ ဒီလို ရွေးချယ်ထားရတာကလဲ ချူမားဟာ ဟိုဘက်ကမ်းမှာ မရှိနိုင်ဘူး၊ ဒီဘက်ကမ်း တနေရာမှာပဲ ရှိရမယ်လို့ ယူဆထားလို့ပဲ..."

ကေးမူက ခေါင်းညိတ်လိုက်ပြီး...

"အင်း ဖြစ်နိုင်တယ်၊ ဒါဟာ စွမ်းရီမင်းကို အရောင်ပြပြီး ချူမားကို ခေါ်ထုတ်တဲ့နည်းပဲ"

ဝေမင်းက...

"တော်ကြာဆို ကြယ်သုံးလုံးရဲ့ လက်ရွေးစင် တပ်သားတွေဟာ ဒီစခန်းကို ရောက်လာတော့မယ်လို့ ပြောတယ်"



ကေးမူက မျက်မှောင်ကုပ်လိုက်ပြီး...

"အဲဒီ တပ်သားတွေက ဘာလုပ်ဖို့လဲ"

ဝေမင်းက...

"သူတို့ ထင်ထားတာက တပ်မှူးကြီး ချူမားရဲ့ လူတွေ ဟောဒီ အကျဉ်းစခန်းထဲမှာ ရှိနေတယ်လို့ ထင်ထားတယ်လေ၊ အကယ်၍ ရှိနေလို့ ရုတ်တရက် ထွက်လာပြီး တိုက်ခိုက်မယ်ဆိုရင် သူ့လူတွေ အဆင်သင့် ရှိနေတော့ အလွယ်တကူ တားဆီးလို့ ရတာပေါ့"

ကေးမူက အနည်းငယ် ပြုံးလိုက်ပြီး ဝေမင်းအား ကြည့်ကာ ပြောသည်။

"အင်း... ခင်ဗျားရဲ့ လူတွေနဲ့ ကျွန်တော်တို့ကသာ ဝင်တိုက်မယ်ဆိုရင် ကြယ်သုံးလုံးကတော့ ကျွန်တော်တို့ကို ချူမားရဲ့ လူတွေလို့ ထင်မှာပဲ"

ဝေမင်းက ပြုံးလိုက်ပြီး...

"သူတို့ဟာ သူတို့ ဘယ်လိုပဲ ထင်ထင်ဗျာ၊ ကျုပ်တို့ကတော့ စွမ်းရီမင်းရဲ့ အသက်ကို ကယ်နိုင်ဖို့ ကြိုးစားရမှာပဲ"

ကေးမူက ဝေမင်းကို ကြည့်၍ ပြောလိုက်၏။

"ကဲ... အစ်ကိုဝေမင်း ခင်ဗျား ပြန်ပြီး အခြေအနေ မပျက်နေဗျာ၊ လိုအပ်လာရင်တော့ ကျွန်တော်တို့ သူသေကိုယ်သေ တိုက်တန်တိုက်ရမှာပဲ၊ ဒါ... နောက်ဆုံးလမ်းပဲ..."

ဝေမင်းက ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ၊ ဒါဖြင့် ကျုပ်သွားမယ်"

ဝေမင်းက ပြန်သွားသည်နှင့် ပိုကျူတို့လည်း ခေါင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကြလေသည်။

နောက်ဆုံး သူတို့၏ တခုတည်းသော အဖြေမှာ သူသေ ကိုယ်သေ တိုက်ခိုက်ဖို့ပင် ဖြစ်တော့၏။

♣ ♣ ♣



အခန်း(၄၄)

## အချစ်၏ဆွဲအား

ညနေစောင်းသည်နှင့် ထိပ်သီးသိုင်းသမားများနှင့် လက်ရွေးစင် သိုင်းသမားများသည် အကျဉ်းစခန်းဆီသို့ တဖွဲဖွဲရောက်ရှိလာကြတော့သည်။

သူတို့သည် နေရာအနှံ့ ဖြန့်၍ အကျဉ်းစခန်း၌ လှည့်လည်စုံစမ်းမှုများ ပြုကြသည်။

တနေရာတွင် ကျယ်ပြန့်သော ကွက်လပ်ကြီးက ရှိနေပေသည်။

ထိုကွက်လပ်ကြီး၏ အလယ်တွင် ကြီးမားသော တိုင်ကြီးဘတိုင်ကို စိုက်ထူ၍ ထားလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတိုင်ကြီးမှာ စွမ်းရှိမင်းအား ချည်နှောင်၍ ထန်စီးက ရက်ရက်စက်စက် သတ်မည့် မရဏတိုက်ကြီးဆိုလျှင် မှားမည် မဟုတ်ပေ။

ကြောမီမှာပင် ယမမင်းထန်စီးသည် ကြီးမားသော ဓားကြီးအား လွယ်ကာ ဒယီးဒယိုင်ဖြင့် ထိုကွက်လပ်ကြီးဆီ လျှောက်လာတော့၏။

ယင်းကွက်လပ်ကြီးအား လက်ရွေးစင် သိုင်းသမား ငါးဆယ်ခန့်က ကျဲကျဲဝိုင်းရံထားသည်။

မည်သူတဦးတယောက်မှ အတွင်းသို့ ဝင်ခွင့် မပြုတော့ပေ။

သို့သော်… ယင်းအစောင့်များ၏ နောက်မှနေ၍ မည်သူမဆို ကြည့်ရှုနိုင်ပေသည်။

ယင်းအစီအစဉ်သည် ပုန်းအောင်းနေသော ချူမားတို့အုပ်စုကို ဖြားယောင်း ခေါ်ဆောင်ခြင်းပင် ဖြစ်တော့သည်။

အကျဉ်းစခန်းမှ လူအချို့သည် အစောင့်သိုင်းသမား၏ နောက်သို့ တဖြည်းဖြည်း ရောက်ရှိလာကြသည်။

သူတို့သည် တရားခံတဦးအား ရက်စက်စွာ သတ်သည်ကို ကြည့်ရှုကြမည့်သူများ ဖြစ်ကြသည်။

မကြာမီမှာပင် အစောင့်အကြပ်များ ခြံရံ၍ စွမ်းရှိမင်းအား ကြိုးများနှင့် တုပ်နှောင်ကာ ဆွဲခေါ်လာကြသည်ကို တွေ့လိုက်ရလေတော့သည်။

အစောင့်များသည် စွမ်းရှိမင်းကို တိုင်၌ မတ်တတ်ရပ်လျက်သား ချည်နှောင်လိုက်ကြသည်။



စွမ်းရှိမင်းမှာ သတိမရတချက် ရတချက် အခြေအနေမှာ ရှိနေသည်။

အဘယ်ကြောင့်ဆိုသော် သူသည် မြေအောက်ခန်း၌ မချိမဆံ့ နှိပ်စက်ခံထားရသည် မဟုတ်ပါလား။

ထိုအခိုက် ကြယ်သုံးလုံး ရောက်ရှိလာပြီး ဝန်းကျင်တခုလုံးကို အကဲခတ်လိုက်သည်။

သူတို့၏စိတ်ထဲတွင် စွမ်းရှိမင်းအား သတ်တော့မည် ဟုဆိုသည်နှင့် ချူမားသည် တနေရာရာမှ ထွက်လာလိမ့်မည်ဟု ထင်မြင်ထားကြသည်။

ပထမကြယ်သည် စွမ်းရှိမင်း၏ရှေ့တွင် ရပ်တန့်ပြီးမေးလိုက်၏။

"ဘယ်လိုလဲဟေ့၊ မင်းအခု တို့သိချင်တဲ့အချက်တွေကိုပြောတော့မလား"

စွမ်းရှိမင်းသည် သူ၏သတိကို ပြန်လည်စုစည်းလိုက်သည်။

သူသည် သေရတော့မည့်ဆဲဆဲကို သိထားသော်လည်း နည်းနည်းကလေးမှ စိတ်ဓာတ်ကျသွားခြင်းမရှိပါ။

သူသည် သေရမည်ကို မကြောက်သော သူရဲကောင်းပေတည်း။

မျက်လုံးကို အားယူဖွင့်ယင်း ကြယ်သုံးလုံးအား ရွံရှာမုန်းတီးစွာကြည့်လိုက်သည်။

"ခင်ဗျားတို့ သတ်ချင်ယင် ခပ်မြန်မြန်သတ် ကျုပ်ဂရုမစိုက်ဘူးဗျ၊ သေရင် မြန်မြန်ဘဝကူးတာပဲ"

စွမ်းရှိမင်းက ထိုကဲ့သို့ပြောပြီး မျက်နှာကို ခပ်တင်းတင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

ယမမင်းထန်စီးသည် သူ၏ကြိုးမားလှသော ဓားကြီးကို ဓားအိမ်မှဆွဲထုတ်လိုက်သည်။

ထို့နောက် သူက ကြယ်သုံးလုံး၏ အမိန့်ကိုနာခံနေ၏။

ကြယ်သုံးလုံးသည် လုံးဝသတ်မိန့်မပေးသေးဘဲ အချိန်ဆွဲထားသည်။

အဘယ်ကြောင့်ဆိုသော်....

သူသည် ချူမား ဘယ်နေရာကပေါ်လာမည်ကို မျှော်လင့်နေသောကြောင့်တည်း။

သူက ချူမားကိုမျှော်လင့်သကဲ့သို့ပင် စွမ်းရိမင်းကလည်း တွေးတောနေမိ၏။

ချူမားသည် ညကတည်းက ပျောက်ခြင်းမလှပျောက်သွားပြီး ယခုအချိန်ထိပင် မည်သူနှင့်မှ မဆက်သွယ်ခဲ့သေးပေ။

ထိုအချက်သည် အတော်ပင်ထူးဆန်းနေသည် မဟုတ်ပါလား။

ထိုအခိုက်...

ပထမကြယ်သည် အသံကျယ်လောင်စွာဖြင့် အော်လိုက်လေသည်။

"ကဲဟေ့...ယမမင်းထန်စီး မင်းဘယ်ပုံဘယ်နည်း သတ်ချင်သလဲ"

ယမမင်းထန်စီးက ပထမကြယ်အား ပြန်ကြည့်ကာ...

"ဆရာကြီးတို့ခွင့်ပြုမယ်ဆိုယင် ကျုပ်က ဒီလိုကြိုးနဲ့တုပ်ပြီးသတ်တာကို မကြိုက်ဘူး"



"ဒါဖြင့်"

"ကျွန်တော် သူ့ကိုပြန်ခုခံခွင့်ပေးလိုက်မယ်၊ ဘယ့်နှယ်လဲ"

ကြယ်သုံးလုံးသည် တခဲယောက်မျက်နှာ တယောက်ကြည့်လိုက်ကြလေသည်။

ပထမကြယ်သည် အသံတိုးတိုးဖြင့် ဒုတိယကြယ်အား...

"ဘယ့်နှယ်လဲ ဒီကောင်ထန်စီးနဲ့ တိုက်ခိုက်နေတဲ့အချိန် ဟာရန်သူထွက်မလာနိုင်ဘူးလား"

တတိယကြယ်က ခေါင်းညိတ်လိုက်သည်။

"အဲဒီအကြံကောင်းတာပဲ"

ထိုအခါ ပထမကြယ်သည် လက်ရွေးစင်သိုင်းသမားများအား တဦးတယောက်က လှုပ်လှုပ်ရှားရှား လုပ်လျှင် တိုက်ခိုက်သတ်ပစ်ရန် အမိန့်ပေးသည်။

ထို့နောက် ထန်စီးအား...

"ကဲ ခင်ဗျားသဘောပဲ"

ထိုကဲ့သို့ ပထမကြယ်က ပြောလိုက်သည်နှင့် ယမမင်းထန်စီးသည် စွမ်းရိမင်း၏ ကြိုးများကို ခုတ်ဖြတ်ပစ်လိုက်သည်။

စွမ်းရိမင်းသည် ကြိုးများပြေသွားသည်နှင့် တပြိုင်နက်ရှေ့သို့ခုန်ထွက်လာပြီး ယမမင်းထန်စီးအား ရင်ဆိုင်လိုက်လေသည်။

ထိုအခါ ထန်စီးက သိုင်းသမားတဦးဆီက ဓားတလက်ကို ယူ၍ စွမ်းရိမင်းထံသို့ ပစ်ပေးလိုက်၏။

ယင်းအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တခုက ချက်ချင်းဖြစ်ပေါ် ပြောင်းလဲသွားတော့သည်။

အကြောင်းမှာ ယမမင်းထန်စီးသည် သူ၏ရှည်လျားသော

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်နှင့် နှုတ်ခမ်းမွေးများကို လျှပ်တပြက် ဖယ်ရှားလိုက်သော အခါ ဘယ်လိုမှ မမျှော်လင့်သော တပ်မှူးကြီးချူမား ဖြစ်နေကြောင်း အားလုံးသည် အံ့ဩတကြီး တွေ့မြင်လိုက်ရလေတော့သည်။

စွမ်းရှိမင်းသည် အခြေအနေကို ချက်ချင်းနားလည် သဘောပေါက်သွားပြီဖြစ်သည်။

သေတွင်းမှ လွတ်မြောက်လာသောကြောင့် လွန်စွာအားတက်နေသည်။

သူသည် ကြယ်သုံးလုံးတို့ဘက်သို့ လှည့်သွားပြီး စတင် တိုက်ခိုက်လေတော့သည်။

ကြယ်သုံးလုံးမှာ လုံးဝမမျှော်လင့်သော အဖြစ်အပျက် ကြောင့် သူတို့၏ဓားများကို လျင်မြန်စွာ ဆွဲထုတ်လိုက်ကြသည်။

ချူမားသည်လည်း ချက်ချင်းပင် စွမ်းရှိမင်းနှင့် ဘေးချင်း ယှဉ်လိုက်သည်။

တခဏအတွင်းမှာပင် ကွင်းပြင်ကြီး၌ တိုက်ပွဲကြီးတခု ဖြစ် သွားလေတော့သည်။

ကြယ်သုံးလုံး၏ လက်ရွေးစင် သိုင်းသမားများသည်ကြယ် သုံးလုံးဘက်မှ ကူညီတိုက်ခိုက်ရန် ပြေးဝင်လာကြသည်။

ထိုစဉ်မှာပင်...

ရုတ်တရက် တိုက်ပွဲအတွင်းသို့ တဘက်မှ လူဆယ်ယောက် ခန့် အပြေးဝင်လာပြီး လက်ရွေးစင်သိုင်းသမားများထံသို့ ပြေးဝင် လာကာ ဝင်ရောက်တိုက်ခိုက်လေတော့သည်။

နောက်တဘက်မှ ပိုကျူခေါင်းဆောင်သော အမျိုးသမီး လေးငါးဦးပါသည့် အဖွဲ့ကလည်း တိုက်ပွဲအတွင်းသို့ ဝင် ရောက်ကာ



လက်ရွေးစင်သိုင်းသမားများကို တိုက်ခိုက်ကြပြန်သည်။

တဖန် ဝမ်ပိတ်ဖြစ်လဲ ကေးမှုကလည်း သူစည်းရုံးထား သောလူနှစ်ဆယ်ခန့်နှင့်အတူ တိုက်ခိုက်တော့သည်။

ထိုအခိုက် တံတားဘက်ဆီမှ အဖွဲ့တဖွဲ့က တရကြမ်းဝင် လာတော့၏။

ထိုအဖွဲ့မှာ မြေအောက်အကျဉ်းစခန်းထဲမှ အဖမ်းခံထားရ သော တပ်မှူးသုံးယောက်နှင့် အခြားသူများကို ဦးဆောင်ဝင်လာ သောသမားတော်ကြီးကျူလျှန်တို့ပင် ဖြစ်လေသည်။

ထို့ကြောင့်...

တိုက်ပွဲမှာ အင်အားခြင်းမျှတသွားသည့်သဘော သက် ရောက်သွားလေတော့သည်။

အမှန်အားဖြင့် စွမ်းရှိမင်းတို့ဘက်မှ သိုင်းသမားများသည် ကြယ်သုံးလုံးဘက်မှ လူများထက် သိုင်းပညာအဆင့်မြင့်မားသူများ ဖြစ်ကြ၏။

ထို့ကြောင့်...

တခဏတွင်းမှာပင် စွမ်းရှိမင်းတို့ဘက်ကပင် တဘက်စီး နင်းသာလွန်နေပေတော့သည်။

ပို၍အဆင်ပြေသွားသည်မှာ ဒုက္ခအမျိုးမျိုးကို ခါးစည်းခံခဲ့ ရသော အကျဉ်းသားများသည် ကြယ်သုံးလုံးနှင့် သူ့လူများကို လွန် စွာနာကျည်းနေကြသည်။

လွန်စွာမုန်းတီးနေကြသည်။

ထို့ကြောင့်...

ရှောလက်နက်ကိုစွဲကိုင်ကာ လက်ရွေးစင် သိုင်းသမားများ

www.burmeseclassic.com

www.burmeseclassic.com



အား ဝင်ရောက်တိုက်ခိုက်လေရာ တိုက်ပွဲမှာ သိသိသာသာပင် တဘက်သတ်ဖြစ်သွားလေတော့သည်။

နာရီဝက်ခန့်ကြာသောအခါ လက်ရွေးစင်သိုင်းသမားအများအပြားသာမကတော့ဘဲ ကြယ်သုံးလုံးအနက် ပထမကြယ်နှင့် တတိယကြယ်သည်ပင် မြေပြင်ပေါ်၌ မရှုမလှအသက်ပျောက်သွားရလေတော့သည်။

ထိုအခိုက် ငှက်ကြီးမှုသည် မြင်းတကောင်ကိုစီးလျက် အကျဉ်းစခန်းရှိတန်းလျားများကို လိုက်လံမီးရှို့နေ၏။

ထို့ကြောင့် အကျဉ်းသား အဆောက်အအုံများသည် မီးဟုန်းဟုန်းတောက်လောင်ကုန်တော့၏။

အကျဉ်းစခန်းမှ အဆောက်အအုံများသာမက တဘက်ကမ်းတွင်ရှိသော အိမ်ကြီးအိမ်ကောင်းများပင် တလုံးပြီးတလုံးမီးများတောက်လောင်ကုန်တော့ရာ ကြယ်သုံးလုံးဂေဟာသည်လည်း မီးများဝါးမျိုခြင်း ခံရနေရလေပြီဖြစ်သည်။

ထိုအချိန်တွင် တိုက်ပွဲမှာလည်း တဖြည်းဖြည်း ပြီးဆုံးခါနီးအချိန်သို့ရောက်ရှိလာသည်။

လက်ရွေးစင်သိုင်းသမားများသည် တယောက်ပြီးတယောက် မြေပေါ်တွင် အတုံးအရုံးလဲကျကုန်သည်။

အခြေအနေကို သဘောပေါက်နားလည်သော ဒုတိယကြယ်သည် စွမ်းရီမင်းနှင့် တိုက်ခိုက်နေယင်း နောက်သို့ ခြေဆယ်လှမ်းခန့် ခုန်ဆုတ်လိုက်သည်။ စွမ်းရီမင်းကသူ့ကိုရူးရူးရဲရဲကြည့်ယင်း

"ဘယ်လိုလဲ ဒုတိယကြယ် ခင်ဗျားသေရမှာကြောက်နေပြီလား"



ဒုတိယကြယ်က သူ့လက်ထဲမှဓားကို မြေပေါ်တွင် ပစ်စိုက်လိုက်ပြီးမှ....

"စွမ်းရီမင်း ကျုပ်သေရမှာကို မကြောက်ပါဘူး၊ ဒါပေမယ့် ကျုပ်ဟာ ခင်ဗျားတို့ တရားတဲ့ဘက်တော်သားတွေကို ယှဉ်ပြိုင်နိုင်တဲ့အဆင့်မရှိဘူးဆိုတာ ယုံကြည်သွားပါပြီ၊ ဒါကြောင့် လက်နက်ချအညံ့ခံပါတယ်၊ ကျုပ်ကို သတ်ချင်တယ်ဆိုယင်လဲ ကျုပ်အသေခံပါ့မယ်"

ထိုစဉ်မှာပင် ချူးများသည် စွမ်းရီမင်းအနီးသို့ ရောက်ရှိလာကာဒုတိယကြယ်ကိုကြည့်၍ ပြောလိုက်သည်။

"ဒုတိယကြယ် မင်းလက်နက်ချတာယ်ဆိုယင် မင်းလူတွေလဲ အမိန့်ပေးပါ"

"ကောင်းပါပြီ တပ်မှူးကြီး"

ဒုတိယကြယ်က ပြောယင်း သူကလူများဘက်သို့လှည့်၍ လက်နက်ချရန် အော်ဟစ်အမိန့်ပေးလိုက်သည်။

တခဏအတွင်းမှာပင် လက်ရွေးစင်သိုင်းသမားများကလည်း လက်နက်ချကြသည်။

ထို့ကြောင့် သွေးချောင်းစီးတိုက်ပွဲမှာ ဤတွင် နိဂုံးချုပ်ရလေတော့သည်။

ဒုတိယကြယ်နှင့်အဖွဲ့သည် လက်နက်ချပြီးသည်နှင့် ချောက်ကမ်းပါး၏ အခြားတဘက်၌ အဝါရောင်ဝတ်စုံ ဝတ်ဆင်ထားသော ဘုရင့်ရဲမက်အမှုထမ်းများကို လှမ်းတွေ့ရသည်။

သူတို့သည် တပ်မှူးကြီးချူးများ၏ အစီအစဉ်ကြောင့် မြို့စားကြီးဂမ်ကြည်ဖုန်းက စေလွှတ်လိုက်သော ရဲမက်များဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် အုပ်ချုပ်ရေးအာဏာပိုင်များ လွန်စွာလိုလားနေသော ကြယ်သုံးလုံးအနက်မှ ပထမကြယ်နှင့် တတိယကြယ်ကိုအသေဖမ်းဆီးရမိလိုက်ပြီး ဒုတိယကြယ်ကို အရှင်ဖမ်းဆီးရမိလိုက်သည်။

မြေအောက်ခန်းတွင် ကြယ်သုံးလုံးအဖွဲ့မှ ထုတ်လုပ်စုဆောင်းထားသော လက်နက်ပေါင်းများစွာကို ရဲမက်များက သိမ်းဆည်းလိုက်၏။

ထို့ပြင် မြေအောက်ခန်းအတွင်း ကြယ်သုံးလုံးအဖွဲ့က အနှစ်နှစ်အလလက ဒုစရိုက်လုပ်ငန်းများဖြင့် စုဆောင်းထားသောရွှေငွေကျောက်သံပတ္တမြားများကို တဲပ်မှူးကြီးက စာရင်းနှင့်တကွသိမ်းဆည်းလိုက်သည်။

ဥပဒေမဲ့နယ်မြေ၏ အဓိကအချက်အချာဖြစ်သော အဆောက်အအုံများလည်း မီးဟုန်းဟုန်းတောက်ကာ ပြာကျကုန်သည်။

နှစ်ပေါင်းများစွာဥပဒေမဲ့နယ်မြေအဖြစ် သတ်မှတ်ထားသော ဤဒေသတွင် ယခုအခါ ဥပဒေဘက်တော်သားများက စိုးမိုးအုပ်ချုပ်ထားနိုင်ခဲ့ပြီဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ဤဒုစရိုက်နယ်မြေသို့ ခိုလှုံလာကြသော ဒုစရိုက်သမားများသည် ရာဇဝတ်ဘေးပြေးမလွတ်သည့်အဖြစ်ကို နားလည်သဘောပေါက်ကုန်ကြသည်။

သူတို့သည် မိမိပြစ်မှုများကို ဖွင့်ဟဝန်ခံကာ ရဲမက်များထံတွင် သူတို့ကိုယ်သူတို့ အပ်နှံခဲ့ကြသည်။

အမှောင်ဖုံးနေသော ဥပဒေမဲ့နယ်မြေတခုလုံးသည် ယခုအခါ ဥပဒေဘက်တော်သားများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်



အမှောင်ကွယ်ပျောက်ကာ အလင်းရောင်အောက်သို့ ရောက်ရှိခဲ့သည်။

စွမ်းရီမင်းသည် တဟုန်းဟုန်းလောင်ကျွမ်း ပြာကျနေသော ဒုစရိုက်သမားများ၏ အဆောက်အအုံများကို ငေးမောကြည့်ရှုနေသည်။

သူ၏မျက်လုံးအရောင်များသည် အရောင်တဖျပ်ဖျပ်တောက်ပနေပြီး သူ၏မျက်နှာတွင်လည်း အားရကျေနပ်သော အရိပ်လက္ခဏာများ ထင်ဟပ်နေသည်။

သူသည် သူ့လူများဘက်သို့ တချက်လှည့်ကြည့်လိုက်၏။

ပိုကျူနှင့် ဝေယံချင်းသည် တယောက်လက်ကို တယောက်ဆွဲကိုင်ယင်း သူ့ကို ရွှန်းရွှန်းစားစား ကြည့်နေကြသည်။

သူသည် ပိုကျူထံသို့ တလှမ်းချင်းလျှောက်သွားလိုက်၏။

အနီးသို့ရောက်သည်နှင့် ပိုကျူ၏ မျက်ဝန်းအိမ်တွင် မျက်ရည်များ ရစ်ဝိုင်းနေသည်ကို တွေ့ရသည်။

ပိုကျူက သူ့ကို စူးစူးစိုက်စိုက်ကြည့်ယင်း...

"အစ်ကို"

"မင်း..ဘာမှမဖြစ်ဘူးနော်"

ပိုကျူက ခေါင်းညိတ်ပြပြီး ဖြေလိုက်လေ၏။

"ကျွန်မ ဘာမှမဖြစ်ပါဘူးအစ်ကို...ဒါပေမယ့်"

စွမ်းရီမင်းက စကားမဆုံးသော ပိုကျူကိုကြည့်ယင်း...

"ဒါပေမယ့်..ဘာဖြစ်သလဲ ပြောပါအုံး"

"ဟို..ညီ...ညီမလေး ချိုလင်းစု.."

ပိုကျူက စကားကိုဆုံးအောင် မပြောနိုင်ဘဲ ဟင့်ကနဲငိုရှိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

စွမ်းရီမင်းက စိုးရိမ်ပူပန်ဟန်ဖြင့် အရေးတကြီး ပြန်မေးလိုက်သည်။

"ချိုလင်းစု..သူ..သူဘာဖြစ်သလဲ ပြောစမ်းပါအုံး ပိုကျူ"

"သူဒဏ်ရာရထားတယ် အစ်ကို၊ သူ့အခြေအနေ စိုးရိမ်ရတယ်လို့ သမားတော်ကြီးကျူလျှန်ကပြောတယ်၊ အဲဒါ..သူအစ်ကို့ကို သိပ်တွေ့ချင်နေရှာလိမ့်မယ်"

စွမ်းရီမင်းသည် ထိတ်ထိတ်ပျာပျာဖြစ်သွားကာ...

"သူ အခုဘယ်မှာလဲ ပိုကျူ"

"သမားတော်ကြီးရဲ့အိမ်မှာပါ"

"ညီမပိုကျူ..အစ်ကို့ကို ခွင့်လွှတ်ပါကွယ်"

"အစ်ကိုသွားသင့်ပါတယ်ရှင်၊ အစ်ကိုသွားသင့်တယ်"

စွမ်းရီမင်းသည် ပိုကျူ့ထံမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာသော ခွင့်ပြုချက်ကို ရရှိသည်နှင့်နောက်သို့လှည့်ကာ တရှိန်ထိုးပြေးထွက်သွားလေတော့သည်။

သူ၏ခြေလှမ်းများကား ချိုလင်းစုရှိနေရာ သမားတော်ကြီးကျူလျှန်၏နေအိမ်သို့ ဦးတည်လျက်...။

ပြီးပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com